

တက္ကသိုလ်
သိဟဇေအောင်
ကျုံး အ င်း ၏ ထိ စိ မ်း ရှိ
သစ္စာသိုင်းတံခွန်
ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း

တက္ကသိုလ်

# သီဟအောင်

# သစ္စာသိုင်းတံခွန်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

## ပဟေဠိဆန်သော မိန်းကလေး

လရောင်လွှမ်းခြုံထားသဖြင့် မြို့စွန်သို့ သွားသောအခါ မြေဝါလမ်းမကြီးပေါ်ဝယ် မြင်းရထားလုံးတစ်စင်း တလှစ်လှစ် တလွှားလွှား ပြေးလွှားနေလျက် ရှိသည်။

ဆိတ်ငြိမ်လွန်းလျက် ရှိသော ညသန်းခေါင်အချိန်တွင် စိုင်းနှင်နေသည့် မြင်းခွာသံမှာ ကြီးစိုးမင်းမူလျက် ရှိနေလေသည်။

သို့နှင့် တရိပ်ရိပ် ပြေးလွှားလာသော မြင်းရထားမှာ မြို့စွန်သို့ ရောက်ရှိလာလေသည်။

ထိုအခါ မြို့အရှေ့ပိုင်း အစွန်တောင်ကမူပေါ်ရှိ ခြံဝင်းကျယ်ကြီးကို လရောင်အောက်ဝယ် တုန်လှုပ်ချောက်ချားဖွယ်ကောင်းလောက်အောင် သူတို့ လှမ်းမြင်တွေ့လိုက်ရလေသည်။

သို့ဖြင့် မရဏခံတွင်းဟု နာမည်ကြီးနေသော ခြိဝင်းကျယ်ကြီး၏ မလှမ်းမကမ်းသို့ ရောက်သည့်အခါ မြင်းရထားကို ရပ်တန့်စေလိုက်သည်။

ပြီးနောက် ဆန်ကြူးဝေသည် ဖန်မီးအိမ်တစ်လုံးကို ဆွဲကိုင်လျက် နယ်အုပ်ချုပ်သူ သံမဏိလက်ဝါးကျင်စန်း ဌာနချုပ် အဆောက်အအုံ တည်ရှိရာ ခြိဝင်းကျယ်ဆီသို့ ပေါက်ရောက်သောလမ်းကြောင်းအတိုင်း စိုးမရွံ့ ထိမထင်စွာဖြင့် လျှောက်လှမ်းလာလေသည်။

ထိုအခါ ရထားလုံးတွင် ကျန်ရစ်ခဲ့သော လူတို့သည် ဖန်မီးအိမ်ကို ကိုင်ဆွဲလျက် ကြောက်ရွံ့တုန်လှုပ်မှု ကင်းမဲ့စွာဖြင့် တရွေ့ရွေ့လျှောက်လှမ်းနေသော ဆန်ကြူးဝေထံ စိတ်တထင့်ထင့်ဖြင့် လှမ်းကြည့်နေကြလေသည်။

သို့ဖြင့် ဆန်ကြူးဝေမှာ မရဏခံတွင်းဟု နာမည်ကြီးနေသော ခြိဝင်းထဲသို့ ဝင်ရောက်သွားလေသည်။

ထိုစဉ် အပြင်မှလူများမှာ ခြိဝင်းထဲမှ ဆန်ကြူးဝေတစ်ယောက် ပြန်လည်ထွက်ပေါ်လာသည်ကို လည်တဆန့်ဆန့်ဖြင့် စောင့်ဆိုင်းနေကြသည်မှာ နာရီမောင်းတစ်ချက်တီးမျှ ကြာသွားလေသည်။



သို့သော် ခြိဝင်းထဲမှ သူမတစ်ယောက် လုံးဝပေါ်ထွက်လာခြင်း မရှိပါချေ။

ယခင်…ယခင် အကြိမ်များကဆိုလျှင် ဆန်ကြူးဝေမှာ အလွန်ဆုံး နာရီမောင်းတစ်ချက် တီးမျှအချိန်၌ ကိစ္စဝိစ္စ ပြီးမြောက်ပြီး ပြန်ထွက်လာတတ်သည်။

ယော… ယခု…ယခုတော့ နာရီတစ်မောင်းနှင့်လည်း ပြန်မရောက်၊ နာရီနှစ်မောင်းနှင့်လည်း လုံးဝပြန်ထွက်မလာချေ။

ထိုအခါ သူမထွက်အလာကို ရင်တထိတ်ထိတ်ဖြင့် ရထားလုံးဘေးတွင် ရပ်စောင့်နေကြသော လူများ လှုပ်လှုပ်ရွရွ ဖြစ်လာကြလေသည်။

တိုးတိုးတွက်တွက် ပြောဆိုလာကြလေသည်။

သို့တိုင်အောင် ခြိဝင်းကျယ်ကြီးအတွင်းသို့ လူစုလူဝေးနှင့် ဝင်ရောက်ရန် မည်သူကမျှ မလှုံ့ဆော်ရဲဘဲ စောင့်မြဲစောင့်နေကြသည်။

ထိုအခိုက်မှာပင်…

"တုံ..တုံ..တုံ..တုံ"

အဝေးမှ အုန်းမောင်းခေါက်သံလေးချက်တိတိ ပျံ့လွင့်ပေါ်ထွက်လာသည်။

ထိုအချိန်တိုင်အောင်ပင် ဆန်ကြုူးဝေရော မိန်းကလေးပါ ပြန်ရောက်မလာသေးချေ။

အရှေ့မှ ရောင်နီပင် ပို၍အန်လာချေပြီ။

သန်းခေါင်ကျော်လောက်က ကြားနေရသော သီချင်းဆိုသံများ၊ ဆဲဆိုသံများ၊ ငြင်းခုံသံများပင် ဘာမှ မကြားရတော့ချေ။

လူအုပ်ကြီးသည် မည်သို့မျှ မတတ်နိုင်။ ပူပင်ကြောင့်ကြစွာ စောင့်နေရုံက လွဲ၍ အခြားမရှိတော့။

ဤသို့ဖြင့်ပင် မိုးစင်စင်လင်းခဲ့သည်။

တစ်မြို့လုံး နိုးချေပြီ ဖြစ်သည်။

ထိုအခါ ဆန်ကြုူးဝေ၏သတင်း တောမီးပမာ မြို့ဆုံးမြို့ဖျားထိ ပျံ့သွားလေသည်။

သည့်နောက် လူများသည် သံမဏိလက်ဝါးကျင်စန်း၏ဌာနချုပ် ခြံဝင်းနှင့် မလှမ်းမကမ်းတွင် ရှိသော သခင်ကြီး၏သံမဏိလက်ဝါးကျင်စန်း၏ အဆောက်အအုံတို့ကို လှမ်း၍ မရဲတရဲ အကဲခတ်နေကြလေသည်။

ထိုစဉ် သံမဏိလက်ဝါးကျင်စန်းနှင့် သူ၏အပေါင်းအသင်းများသည် ယခင်နေ့များ အတိုင်းပင် ဝင်သူဝင် ထွက်သူထွက်နှင့် ကြွေးမပျက် ရှိနေကြသည်။



သည်တွင် ကျန်းစုမြို့ ဆန်ကြုူးဝေနှင့် မိန်းကလေးတို့ အကြောင်းကို စိတ်ဝင်တစား ပြောဆိုနေကြသော်လည်း သံမဏိလက်ဝါးကျင်စန်းတို့ကမူ ဘာမှမသိသလို သွားလာလှုပ်ရှားနေကြသည်။

မည်သူကမျှလည်း သူတို့အဖွဲ့သားများကို မမေးရဲချေ။

နေမွန်းတည့်ချိန်လောက်တွင် ပေ့နန်းနှင့် ဆွေကျင်းတို့ ကျန်းစုမြို့သို့ ရောက်ရှိလာကြသည်။

မြို့ကို ရောက်ရောက်ချင်းချင်းပင် သူတို့နှစ်ယောက် ဆန်ကြုူးဝေ၏အကြောင်းကို ကြားသိလိုက်ရလေသည်။

ယင်းသတင်းကို ပေ့နန်း ကြားကြားချင်းပင် မြို့စွန်ရှိ သံမဏိလက်ဝါးကျင်စန်း၏ ဌာနချုပ် အဆောက်အအုံရှိရာ ခြံဝင်းဆီသို့ ထွက်လာခဲ့သည်။

ပေ့နန်းနှင့်အတူ ဆွေကျင်းပါ လိုက်သွားလေသည်။

◆ ◆ ◆

သူမနှင့်အတူ အခြားလူသုံးလေးဦးလည်း လိုက်ရန် ကြိုးစားလေသည်။

သို့သော် သူတို့လူစု ထိုခြံဝင်း ဝင်ပေါက်ဂိတ်သို့ ရောက်သောအခါ ကင်းသမားများက အားလုံးကို ဝင်ခွင့်မပြုပေ။

နောက်ဆုံးတော့ ပေ့နန်းနှင့် ဆွေကျင်းတို့သာ ခြံဝင်းအတွင်းသို့ ဝင်ခဲ့ကြရလေသည်။

ကင်းသမားများသည် ထိုအမျိုးသမီးနှစ်ဦး ခြံဝင်းအတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ထုထည်ကြီးမားလှသော တံခါးမကြီးကို အသံမြည်အောင် ဆောင့်ပိတ်လိုက်ကြသည်။

"ကျွီး"

"ဝုန်း"

ထိုအခါ ကျန်ရစ်ခဲ့ကြသော လူများမှာ တံခါးမကြီး အပြင်နားတွင် ရုံးစုရုံးစု လုပ်နေကြလေသည်။

ယင်းသို့ ခြံဝင်းဝတွင် ရုတ်ရုတ်လုပ်နေကြသော လူများအား လက်နက်ကိုင်ဆောင်ထားသည့် ကင်းသမားတစ်ဦးက…

"ဟေ့ လူတွေ ဒီနားမှာ ဆူညံဆူညံ လုပ်မနေကြနဲ့၊ ထွက်သွားကြ"

ယင်းသို့ ကင်းသမား အော်ဟစ်ကြိမ်းမောင်းထုတ်လိုက်မှု



ကြောင့် ရုတ်ရုတ်လုပ်နေကြသော မြို့သူမြို့သားများ ထိုအနားမှ ထွက်ခွာသွားကြလေသည်။

မရဏာခံတွင်းဟု ခေါ်သော ခြံဝင်းအတွင်းသို့ ပေ့နန်းနှင့် ဆွေကျင်းတို့ ဝင်ရောက်သွားသည်နှင့် အပြင်မှ လူများ ဆန်ကြွုံးဝေနှင့် မိန်းကလေးငယ်အတွက် စိုးရိမ်ပူပန်နေကြသည့်အကြား ထပ်ဆင့်၍ ပေ့နန်းနှင့် ဆွေကျင်းတို့အတွက်ပါ စိုးရိမ်ကြောင့်ကြလာကြရလေတော့သည်။

ထိုစဉ် အပြင်ဘက် စောင့်ဆိုင်းနေကြသော လူအများထဲမှ အဘိုးအိုက မကျေမနပ်သော လေသံဖြင့် ပြောဆိုလာသည်မှာ…

"ငါတို့အရပ်မှာ မိန်းမတွေပဲ ရှိသလား၊ ယောကျ်ားတွေ တစ်ယောက်မှ မရှိတော့ဘူးလား၊ တောက် ငါက အသက်ကြီးသွားလို့ပေါ့၊ ငယ်များငယ်သေးရင်လား ဘာပြောကောင်းမလဲ"

ထိုစဉ် အမှောင်ရိပ်ထဲတွင် ရောက်ရှိနေသော အဘွားကြီးတစ်ဦးကလည်း…

"ငယ်တဲ့လူတွေလဲ သူတို့ထဲ ရောက်ရင်ရောက်မရောက်လို့ နည်းနည်းလေး လှုပ်လိုက်ရင်လဲ ပျောက်ကုန်ကြတယ် မဟုတ်လား"

သည်တွင် အဘိုးကြီးက ညည်းညည်းညူညူ လေသံဖြင့်…

"အေးလေ ဒါကြောင့် ငါတို့မှာတောင် ကောင်မလေးတွေပဲ

အားကိုးနေရတယ် မဟုတ်လား၊ သူတို့ကိုယ်တိုင်က သတ္တိမခေကြဘူး၊ ပြီးတော့ သူတို့အဖေတွေ အစ်ကိုတွေရဲ့ အရှိန်အဝါကလဲ ရှိတယ် မဟုတ်လား၊ ဒီကြားထဲ အခုတောင် ကောင်မလေးတစ်ယောက် ပျောက်သလို ဖြစ်နေပြီ၊ ဟော အခု နောက်တစ်ယောက်လဲ ကျားပါးစပ်ထဲ ဝင်သွားပြန်ပြီ၊ သူပါ ပျောက်သွားရင်တော့ ဒုက္ခပဲ"

တကယ်တော့ ထိုအဘိုးကြီး ညည်းညူရေရွတ်သလို ပေ့နန်းနှင့် ဆွေကျင်းတို့ ကျားပါးစပ်ထဲ ဝင်ရောက်သွားခြင်း မရှိပါချေ။

အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦး ခြံဝင်းထဲသို့ ရောက်ပြီး ကွမ်းနှစ်ယာညက်ခန့် အကြာတွင် ပေ့နန်းနှင့် ဆွေကျင်းတို့ ဘေးမသီရန်မခ အေးအေးလူလူပင် ခြံဝင်းထဲမှ လှမ်းထွက်လာကြလေတော့သည်။

သို့သော်ငြားလည်း သူတို့နှင့်အတူ ဆန်ကြူးဝေနှင့် မိန်းကလေးတစ်ဦးတော့ လုံးဝပြန်ပါမလာတော့ပေ။

သူတို့နှစ်ဦးတည်းသာ ပြန်ထွက်လာကြသော အခြေအနေကို လှမ်းမြင်တွေ့လိုက်ကြရသော လူများမှာ သို့လောသို့လော တွေးတောနေမိကြသည်။

ထို့နောက် သူတို့သည် ပြန်ထွက်လာသော ပေ့နန်း၏အရိပ်အခြည်ကို အကဲခတ်ကြလေသည်။



ထိုအခါ ပေ့နန်း၏မျက်နှာသွင်ပြင်မှာ တည်ငြိမ်အေးဆေးဟန် ရှိသယောင်ပင်။

သို့ငြားလည်း သူမ၏မျက်နှာ အရိပ်အယောင်ကို သေသေချာချာ ဂရုပြုလျှင် မကျေနပ်ဟန်၊ ဒေါသဖြစ်ဟန်၊ ဝေခွဲမရဟန်များ ရောစွက်နေလေသည်။

ပေ့နန်းသည် မည်သူ့ကိုမျှ ဘာမျှမပြောဘဲ ခြေလှမ်းမှန်မှန် လျှောက်သွားလေသည်။

ထိုအခါ ဆွေကျင်းသည် မည်သူ့ကိုမျှ မကြည့်ဘဲ နောက်မှ တိတ်ဆိတ်စွာ လိုက်ပါသွားသည်။

သို့နှင့် သူတို့ ဈေးထိပ်သို့ ရောက်သောအခါ ဈေးမှ အသင့်ကြိုနေသူများသည်လည်း သိချင်၊ မေးစမ်းချင်ကြသော်လည်း သူတို့အား မမေးမစမ်းရဲ ရှိနေကြလေသည်။

လူများ သူတို့နောက် မလှမ်းမကမ်းမှ လိုက်ပါသွားကြသည်။

သို့ဖြင့် ပေ့နန်းသည်မူ နေအိမ်သို့ ပြန်ရောက်သောအခါ သူမ၏မိခင်ကြီးက အိမ်ဝမှ ဆီးကြို၍ လှမ်းမေးလာလေသည်။

◆ ◆ ◆

"ဘယ့်နှယ်လဲ မတွေ့ခဲ့ဘူးလား"

သူမ၏မိခင် အမေးကို ပေ့နန်းက စိတ်အခဲမကျေသံဖြင့် တုံးတိပြတ်တောင်းစွာဖြင့် ပြန်ဖြေလိုက်သည်မှာ...

"တွေ့ခဲ့ပါတယ်"

သည်တွင် ပေ့နန်း၏ဖခင်က ကြားဝင်မေးလေသည်။

"မခေါ်ခဲ့ဘူးလား၊ ခေါ်လို့မရဘူးလား"

မေးခွန်းနှစ်ခုကို အားမလိုအားမရဘဲ ဆက်တိုက်လှမ်းမေးလာသောကြောင့် ပေ့နန်းက မကျေမချမ်း လေသံဖြင့်...

"သူက မလိုက်ဘူးတဲ့"

"ဘာ"

မမျှော်လင့်သော စကားကို ကြားလိုက်ရသောအခါ သူမ၏ဖခင် မကျေမနပ် ပြင်းစွာဖြင့် အာမေဋိတ်စကားတစ်လုံးကို ကျယ်လောင်စွာ ရေရွတ်မိလိုက်လေသည်။

ဆက်၍ ပေ့နန်းက ကြေကွဲသံ မသိမသာ ရောယှက်နေသော လေသံဖြင့်...

"သူ ဟိုမှာ နေတော့မယ်တဲ့"

ဟု ပြောပြလာလေသည်။

ထိုစကားကို ကြားလိုက်ရသော ဆန်ကြူးဝေ၏မိခင် ဆန်



ကျင်းက ကတုန်ကယင် လေသံဖြင့် ပေ့နန်းထံ လှမ်းမေးလာလေသည်။

"အောင်မယ်လေး ပေ့နန်းရယ်၊ သေသေချာချာ ပြောစမ်းပါဦး၊ ဘယ်လိုတွေ ဖြစ်လာတာလဲ၊ ဆန်ကြူးဝေကိုကော တကယ် တွေ့ခဲ့ရဲ့လား၊ သူ..သူ တကယ် သေချာရဲ့လား"

"ဆန်ကြူးဝေ ရှိပါတယ်၊ ပေ့နန်းနဲ့ တကယ် တွေ့ခဲ့ပါတယ်၊ ဆွေကျင်းနဲ့လည်း တွေ့ခဲ့ပါတယ်"

ထိုစဉ် ပေ့နန်း၏ဖခင်က သူမထံ မျက်မှောင်ကြုတ်၍ လှမ်းမေးလာရင်း...

"နေပါဦး၊ သူက ဘာဖြစ်လို့ မလိုက်တာတဲ့လဲ၊ ဟိုကောင်တွေက သူ့ကို မလိုက်ရဘူး ပြောထားလို့လား"

သည်တော့ ပေ့နန်းက သူ့ဖခင်အား ဆက်လက်ရှင်းပြလာလေသည်။

"သမီး သူ့ကို မေးပါတယ်၊ နင် ဘာဖြစ်လို့ မလိုက်တာလဲ၊ နင့်ကို ဘယ်သူက ဘာပြောထားလို့လဲလို့"

"ဒီတော့ သူက ဘာပြန်ပြောသလဲ"

"ပေ့နန်းနဲ့ ကြူးဝေတို့က ဘဝချင်း မတူတော့ဘူးတဲ့၊ ကြူးဝေရဲ့ဘဝကို ဒီမှာပဲ မြှုပ်နှံတော့မယ်တဲ့"

ထိုအခိုက် ပေ့နန်း၏မိခင်က ကရုဏာသက်စွာဖြင့် ပြောဆိုလာသည်မှာ...

"ဘယ်လိုများ ဖြစ်ရတာလဲကွယ်"

ပေ့နန်းမှာ သက်ပြင်းလေးကြီး တစ်ချက်ချလိုက်ပြီးနောက်..

"မပြောတတ်တော့ဘူး မေမေ၊ သမီးတို့ သွားတဲ့အချိန်မှာတော့ သူ့ကို ဟိုကောင်တွေက ဘယ်လိုမှ အကျဉ်းအကျပ် လုပ်မထားပါဘူး၊ သမီးတို့ အောက်ထပ်ဧည့်ခန်းမှာ ထိုင်ပြီး ခဏအကြာမှာ သူတစ်ယောက်တည်း အပေါ်ထပ်က ဆင်းလာတာပဲ၊ ဧည့်ခန်းထဲမှာ သမီးတို့သုံးယောက်ပဲ စကားပြောကြရတာ၊ အနားမှာ ဘယ်သူမှ မရှိဘူး၊ တစ်မျိုးတော့ တစ်မျိုးကြီးပဲ၊ ဆန်ကြူးဝေဟာ သမီးတို့ကို တွေ့လိုက်ရလို့ အံ့လဲမအံ့သြဘူး၊ ဝမ်းလဲမသာဘူး၊ စိတ်အနှောင့်အယှက် ဖြစ်ပုံမျိုးလဲ မရှိဘူး၊ မျက်နှာက တည်တည်ပဲ၊ သူစကားပြောပုံကို အေးအေးမှန်မှန်ပဲ၊ သူ့မှာ ထိတ်လန့်နေပုံမျိုး စိတ်ဒုက္ခရောက်နေပုံမျိုးလဲ မရှိဘူး၊ အဲ တစ်ခုပဲ ရှိတယ်၊ ဆန်ကြူးဝေဟာ သမီးတို့နဲ့ စကားကြာကြာများများ ပြောချင်ပုံတော့ မရဘူး"

ထိုစဉ် ပေ့နန်း၏ဖခင်က ကြားဖြတ်မေးလာလေသည်မှာ...

"ဟိုကလေးမကကော"

မေးလာတော့ ပေ့နန်း၏အကြည့်က သူမဖခင်ထံ ရွေ့



ပြောင်း ရောက်ရှိသွားပြီး...

"သမီးမေးပါတယ်၊ သူလဲ အဲဒီမှာပဲ နေတော့မယ်လို့ ဆန်ကြူးဝေက ပြောတယ်"

"သူနဲ့ကော သမီး လူချင်း မတွေ့ခဲ့ရဘူးလား"

ပေ့နန်းက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"မတွေ့ခဲ့ရပါဘူး၊ သူက ရေချိုးနေတယ်တဲ့"

"အင်း အတော်တော့ ခက်သားပဲ"

သူမ ခေါင်းဆတ်ခနဲ ညိတ်လိုက်ကာ...

"ဟုတ်တယ်၊ ဒါနဲ့ သမီးတို့လဲ ပြန်ခဲ့ရတာပဲ"

သည့်နောက်တွင် ဆန်ကြူးဝေ၏အကြောင်းသည် မြို့ထဲ
တွင် လူအများ စိတ်ဝင်စားဖွယ်ကောင်းသော ဒဏ္ဍာရီပုံပြ
ဖြစ်လာရတော့သည်။ ည်မိန်းမ

်လိုက်လေ
အကြောင်းမှာ ပေ့နန်းနှင့် ဆွေကျင်းတို့ ေ
ဆန်ကြူးဝေကို မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ ထောင်ကြွား
မတွေ့မြင်ကြရသောကြောင့် ဖြစ်သည်။

ကြီးကို ခနဲ့
ဆန်ကြူးဝေမှာ သံမဏိလက်ဝါးကျင်စန်း၏
ရောက်သွားသည့် နောက်ပိုင်း ပြင်ပလောကသို့ တစ်ဂ ကြည့်ပါ
ထွက်ပေါ်ခြင်း မရှိတော့။

ပြီးတော့ အံ့သြစရာကောင်းလောက်သည်မှာ ဆန်ကြူးဝေ တစ်ယောက် ပေ့နန်းတို့ထံ အဆက်အသွယ် ပြုလုပ်သည်လည်း မရှိတော့။

သူမ၏ကမ္ဘာတွင် သံမဏိလက်ဝါးကျင်စန်း၏အဖွဲ့သား ရှိနေပြီလောမသိ။

ယင်း... ကျင်စန်း၏အဖွဲ့သားများသာ ပြင်ပလောကနှင့် အဆက်အသွယ် ပြုနေသော်လည်း ဆန်ကြူးဝေ အကြောင်းကိုကား တစ်စုံတစ်ယောက်ကမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိကြချေ။

ရံဖန်ရံခါ သူတို့အဖွဲ့သား အချင်းချင်း စကားပြောကြရာ ၏င် မမလေးဟူသော အသုံးအနှုန်း ပါလာတတ်သည်။

သူမှ ၆ ချ်သည်မှာလည်း လူတွေက မမလေး ဟူသည်မှာ ဆန် ကို တွေ့လိုက ခါ ဆိုခြင်း ဖြစ်တန်ကောင်းရဲ့ဟု ခန့်မှန်းကြရခြင်း ဖြစ် အယှက် ဖြစ်

ပြောပုံကို အေ ် တစ်မူ ထူးခြားလာသည်မှာ ယင်းအဖွဲ့သားများ၏ ရောက်နေပုံမျိုး ျ့မှာ ဈေးထဲသို့ ဟင်းလျာလောက်သာ ဝယ်ကြသည်။ သမီးတို့နဲ့ စ( းလျာလောက် လာဝယ်သည်ဆိုခြင်းမှာလည်း ဈေးဝယ် ထို ုတ်ပါချေ။

“ ဘယ်ကြောင့်ဆိုသော် ထိုမိန်းမများသည် သူတို့ လိုချင်



သည့် ပစ္စည်းပစ္စယများကို ဝယ်ခြင်း မပြုဘဲ ဈေးရောင်းသူများထံမှ အတင်းအဓမ္မ ကောက်ယူသွားတတ်သောကြောင့် ဖြစ်လေသည်။

ထိုအခါ ဈေးရောင်းသူများမှာလည်း ထိုအမျိုးသမီးများ၏ ကျောထောက်နောက်ခံ အဖွဲ့အစည်းကို ကြောက်ရွံ့၍ ဘာမျှမပြောပုံဘဲ အောက်သက်သက်ဖြင့် ကြည့်နေကြရလေသည်။

ယင်းမိန်းမများ ဈေးလာရင်း အချင်းချင်း ပြောဆိုရာတွင် မမလေး ဟူသော စကားလုံးကို ထည့်သွင်းပြောဆိုတတ်ကြလေသည်။

“မမလေး စားဖို့ ဘာကလေး ယူသွားရအောင်၊ မမလေးက ဘာကလေး ကြိုက်တတ်တယ်”

စသည်ဖြင့် ပြောဆိုနေကြရာ တစ်ခါတွင် ဈေးသည်မိန်းမကြီးတစ်ဦးက ထိုမိန်းမများထံ အရဲစွန့်၍ စပ်စုကြည့်မိလိုက်လေသည်။

သည်တွင် ကျောထောက်နောက်ခံကောင်း၍ ထောင်ကြွားနေသော မိန်းမတစ်ဦးက စပ်စုလာသော ဈေးသည်မိန်းမကြီးကို ခနဲ့ကြည့်ကြည့်၍...

“မမလေးဆိုတာ ဘယ်သူလဲ သိချင်ရင် နင်လိုက်ကြည့်ပါလား”

ထိုသို့ စိန်ခေါ်ပြောလာတော့ မရဏာခံတွင်းသို့ မည်သူက သတ္တိရှိရှိဖြင့် လိုက်ကြည့်ရဲမည်နည်း။

သို့ဖြင့် ဆန်ကြူးဝေအကြောင်း ဘာမျှရေရေရာရာ မသိရသောအခါ အမျိုးမျိုးအဖုံဖုံ ပြောဆိုလာကြသည်။

လူတချို့က သူမ မရှိတော့ဟု ပြောကြသလို တစ်ချို့ကတော့ သူမတစ်ယောက် မရဏာတွင်း နံ့အိုင်ကြီးထဲ ရောက်သွားပြီဟု ဆိုကြပြန်သည်။

ညတစ်ညတွင် ဆန်ကြူးဝေ၏ တုန်လှုပ်ချောက်ချားဖွယ်ရာ အော်သံကို အသေအချာ ကြားရသလို ရှိသည်ဟု ပြောကြပြန်သေးသည်။

ထို့အပြင် သူမ၏သီချင်းဆိုသံ ကြားရသည်ဟု ပြောသူလည်း ရှိသည်။

ထိုစဉ် ပေ့နန်းက သူမနှင့် ပတ်သက်၍ မည်သို့မျှ ဝေဖန်ချက် မပြုချေ။

သူတစ်ပါးတွေ လာပြောလျှင် အသာနားထောင်နေတတ်သည်။

ပေ့နန်းသာမဟုတ် ဆန်ကြူးဝေ၏မိခင်ကြီးကလည်း သူ့သမီးအကြောင်း ဘာမျှ မပြောတော့။



အဘွားကြီးသည် ပထမပိုင်း ဆယ်ရက်လောက်တွင်မူ မျက်ရည်တစမ်းစမ်းနှင့် ရှိနေဆဲပင်။

သူ့သမီးကို ခေါ်ပေးရန် ပေ့နန်းတို့ကို ပြောသည်။

သည်တော့ သူတို့က အဘွားကြီး စိတ်ကျေနပ်အောင် အမျိုးမျိုး နှစ်သိမ့်ကြရသည်။

နောက်ကျတော့ အဘွားကြီးသည် သူ့သမီးကို ခေါ်ပေးရန် မပြောတော့ချေ။

ဘာမျှလည်း မပြောတော့။

အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်ပြီး ရေတံခွန်ဆီသို့ မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေတတ်သည်။

ဘေးလူခေါ်လျှင်လည်း ကြားချင်မှ ကြားသည်။

ကြားလျှင်လည်း ထူးချင်မှ ထူးသည်။

စာချင်မှစား၊ အိပ်ချင်မှလည်း အိပ်လေသည်။

ပေ့နန်းက ကလေးများ စာသင်ပြ၍ မအားလပ်သည့်အချိန်တွင် အဘွားကြီးဆန်ကျင်း နံဘေးတွင် ဆွေကျင်း ရှိနေတတ်သည်။

အဘွားကြီးမှာ ကြောင်တောင်တောင်စိတ် ပေါက်သွားပြီကို သိလိုက်ကြရသော ပေ့နန်းနှင့်တကွ တစ်မြို့လုံးမှ လူများက ပို

၍ စိတ်မကောင်းခြင်း ဖြစ်ကြရလေသည်။

နောက်ဆုံး မနေသာသဖြင့် ဆန်ကြူးဝေနှင့် တွေ့ရန် ပေ့နန်းက ကျောင်းစန်း၏ခြံဝင်းကျယ်ကြီးဆီကို သွားရပြန်လေသည်။

သူမ ခြံဝင်းကျယ်ကြီးထဲကို ရောက်သောအခါ ဆန်ကြူးဝေ၏အရိပ်အယောင်ကို မမြင်ခဲ့ရချေ။

ထိုအဖြစ်ကို သူမမှာ ကျောင်းစန်းထံ သွားတွေ့ဆုံ၍ ဆန်ကြူးဝေအကြောင်း မေးမြန်းလေသည်။

ထိုအခါ ကျောင်းစန်းက ခေါင်းခါယမ်း၍ ထိုကိစ္စမှာ သူနှင့်ဘာမှမဆိုင်ကြောင်း ငြင်းဆိုလွှတ်လိုက်သည်။

သူ ထိုသို့ မဆီမဆိုင်သည့် သဘော ငြင်းဆိုလွှတ်လိုက်သော်လည်း လူအများကမူ ဆန်ကြူးဝေမှာ ကျောင်းစန်း၏ဇနီး ဖြစ်နေပြီဟု ပြောဆိုနေကြလေသည်။

အဲ... တစ်ဦးတစ်ယောက်ကသာ သူမမှာ ကျောင်းစန်း၏ဇနီးမဟုတ်။

သူတို့အဖွဲ့ထဲက လက်ထောက်ခေါင်းဆောင် ဖြစ်သည့် မှဲ့တစ်လုံး၏ဇနီး ဖြစ်သည်ဟု ပြောသည်။

သို့သော် မည်သူမှ အတပ်မသိနိုင်။

ပြောရမည်ဆိုလျှင် ကျောင်းစန်းတွင် ဇနီးမယား မရှိတော့



သည်မှာ ကြာပြီ ဖြစ်သည်။

အနည်းဆုံး ခြောက်နှစ် ခုနစ်နှစ်ခန့်ပင် ရှိတော့မည်။

နောက်ပိုင်းတွင် ကျောင်းစန်းမှာ နောက်မိန်းမတစ်ယောက် ထပ်ယူတော့မည်ဟု ကောလဟာလ ဖြစ်သေးသည်။

သို့သော် ကျောင်းစန်းက ယနေ့တိုင် နောက်အိမ်ထောင် မပြု။

သူ့ဌာနချုပ် အဆောက်အအုံကြီးတွင် တစ်ယောက်တည်း နေထိုင်လေသည်။

သူ့တွင် သမီးတစ်ယောက် ရှိသည်။

သူ့သမီးကို တရုတ်ပြည်မကို စေလွှတ်ကာ ပညာဆည်းပူး လေ့လာခိုင်းထားလေသည်။

သူ့ထံတွင် ထမင်းချက် မိန်းမကြီးတစ်ယောက်သာ ရှိလေသည်။

သံမဏိလက်ဝါးကျောင်းစန်းမှာ သူ့နေအိမ်တွင် အနေအထိုင်နည်းသည်။

နယ်ထွက်နေသည်က များလှသည်။

သူ့ခြံဝင်းထဲသို့ ဆန်ကြူးဝေ ရောက်သည်နှင့် သူလည်း နယ်မထွက်တော့ချေ။

သူ့ခြံထဲ၌ ရှိနေသည်သာ များတော့သည်။

တစ်ခု ထူးခြားလာသည်မှာ ကျေးရွာများမှ မိန်းကလေးများကို ခြံဝင်းကျယ်ကြီးသို့ ခေါ်ဆောင်လာခြင်း မရှိသလောက် နည်းပါးသွားခြင်းပင် ဖြစ်သည်။

ယင်းသို့ ဖြစ်လာခြင်းမှာ ဆန်ကြူးဝေကြောင့်ဟု လူတွေက ပြောကြသည်။

အကြောင်းမှာ သူမသည် အခြားအမျိုးသမီးများအတွက် သူတစ်ယောက်တည်း အနစ်နာခံခြင်း ဖြစ်သည်ဟု ချီးမွမ်းကြလေသည်။

သို့ရာတွင် အပြစ်မြင်လိုသူများကမူ သူမမှာ သူမ၏ပိုင်နက်အတွင်းသို့ အခြားမိန်းမများ ရောက်လာသည်ကို မနာလို မနှစ်မြို့ချေ။

ဒါကြောင့်မို့ ကျင်စန်းက အသစ်များကို ရသောအခါ ယခင်ကလို ခြံဝင်းအတွင်းထဲသို့ မခေါ်ယူဝံ့ဘဲ ရွာများဆီသို့ ထွက်ရသည်ဟု ပြောဆိုလာကြလေသည်။

ထိုသို့ ကောလဟာသများ နားလျှံနေချိန်တွင် ဘုရင့်တပ်မတော်မှ ထွက်လာသော ဆန်ကြူးဝေ၏အစ်ကိုဖြစ်သူ ဓားနှစ်လက်ဆန်ကျူးတစ်ယောက် ကျန်းစုမြို့ မထင်မှတ်ဘဲ ဗြုန်းစားကြီး ပြန်လည်ရောက်ရှိလာလေသည်။



ယင်းသို့ ဆန်ကျူး ပြန်ရောက်လာသည့် သတင်း ကြားလိုက်ရသည်နှင့် တစ်မြို့လုံး စိတ်ဝင်စားသွားကြသည်။

တစ်မြို့လုံး လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် ဆန်ကျူး ပြန်ရောက်လာလျှင် အခြေအနေများ တစ်မျိုးတစ်ဖုံ ပြောင်းလဲလိမ့်မည်ဟု သူတို့ တွက်ထားမိကြသောကြောင့် ဖြစ်လေသည်။

◆ ◆ ◆

## ကြမ္မာတစ်ပတ်

ဆန်ကျူးသည် မဟုတ်မခံသူ၊ ပွင့်လင်းမြန်ဆန်သူ၊ ရဲရင့်ပြတ်သားသူ၊ အတိုက်အခိုက် အထိုးအဆုတ် ကျွမ်းကျင်သော အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ထိုသို့သော အရည်အချင်း ထက်မြက်မှုကြောင့် ကျင်စန်း၏ အဖွဲ့သားများ ဖိန့်ဖိန့်တုန်အောင် ကြောက်ကြလေသည်။

ထို့အပြင် သူသည် ဘုရင့်တပ်မတော်၌ အမှုထမ်းစဉ်ကာလတွင် တိုက်ရည်ခိုက်ရည် အစွမ်းထက်မြက်သူတစ်ဦးမို့ စစ်သေနာပတိကြီးများ၏ ချီးကျူးဂုဏ်ပြုမှုကို ရရှိခဲ့သူ ဖြစ်လေသည်။

ဆန်ကျူး မြို့ကို ပြန်လည်ရောက်ရှိလာသောအခါ မြို့လူထုမှာ ဘယ်မှာ လှုပ်လှုပ်ရွရွ မဖြစ်ဘဲ ရှိနိုင်အံ့နည်း။



ဆန်ကြူးဝေနှင့် ပတ်သက်၍ မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို စိတ်မဝင်စားဘဲ နေနိုင်ကြပါမည်နည်း။

ဆန်ကျူးသည် သူ၏နေအိမ်သို့ မွန်းတည့်မှ ရောက်ရှိလာလေသည်။

သူ ရုတ်တရက် အိမ်သို့ အပြီးအပိုင် ပြန်ရောက်လာသည်ကို သူ၏မိခင်ရော၊ ညီမလေးပါ ဝမ်းသာအံ့အားသင့်စေရန်အတွက် အသံတိတ်ဖြင့် အိမ်ထဲသို့ လှမ်းဝင်လာသည်။

"ဟာ ခြံတံခါးကြီး ဖွင့်ထားပြီး အိမ်ခန်းတံခါးမကြီး ပိတ်ထားပါလား"

"အမေနဲ့ ညီမလေး ဘယ်သွားကြလဲ မသိဘူး၊ အိမ်ရှေ့အိမ်က ပေ့နန်းကို သွားမေးရင် သိမှာပဲ"

ထိုသို့ ခေါ်နှစ်လက်ဆန်ကျူး တွေးမိပြီးနောက် ခြံဝင်းထဲမှ လှမ်းထွက်လာပြီး လမ်းမကို ဖြတ်ကျော်လိုက်လေသည်။

ပြီး ပေ့နန်းတို့ ခြံဝင်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် အိမ်ရှေ့ကွပ်ပျစ်၌ တစ်ယောက်တည်း ထိုင်ကာ ရေတံခွန်သို့ ငေးနေသော သူ၏မိခင် ဆန်ကျင်းကို ဝမ်းသာစွာဖြင့် လှမ်းမြင်တွေ့လိုက်ရလေသည်။

သူ့အမေတော့ တွေ့ပြီ။

သူ့ညီမလေးကို သူရှာဖွေ မတွေ့သေးချေ။

ကွပ်ပျစ်အနား ရောက်တော့ ဓားနှစ်လက်ဆန်ကျူးမှာ သူ့မိခင်ကြီးကို လှမ်းခေါ်လိုက်သည်။

"မေမေ"

သူ ထိုသို့ လှမ်းခေါ်လိုက်သော်လည်း သူ၏မိခင်သည် မျက်နှာလုံးဝ လှည့်လာခြင်း မရှိပေ။

သူ့ခေါ်သံကို မေမေ တကယ် မကြားရှေ့သလား။

ဒါကြောင့် သူနောက်ထပ်တစ်ကြိမ် ထပ်ခေါ်ကြည့်လိုက်လေသည်။

"မေမေ..မေမေ့သားကြီး ပြန်ရောက်လာပြီလေ"

ထိုအခါ စိတ်မကောင်း ဖြစ်နေရှာသော မိခင်ကြီးမှာ သူ၏ သားကြီးဟူသော စကားကို ကြားလိုက်ရသဖြင့် သမီးကြောင့် သောက ဖိစီးနေသော ဝေဒနာတို့ လွင့်စဉ်သွားရပြီး သားထံ စိတ်လည်လာပုံ ရသည်။

သူ၏နှုတ်မှ...

"သားကြီး..သားကြီး ဟုတ်လား၊ ငါ့သားကြီး ပြန်လာပြီတဲ့"

ဟု ရေရွတ်ရင်း သူ၏မျက်နှာ ဓားနှစ်လက်ဆန်ကျူးဘက်သို့ လှည့်လာလေသည်။

ထိုစဉ် မိခင်ကြီး၏ ညှိုးမှိုင်းနေသော မျက်ဝန်းအစုံတို့



တောက်ပလာကာ ဆန်ကျူးထံ အကြည့်စူးစိုက်ကြည့်ရင်း...

"ဟယ် ငါ့သားကြီး တကယ် ပြန်လာတာကိုး"

"သား တကယ် ပြန်လာတာပေါ့ မေမေရယ်"

"မေမေ အိပ်မက်မက်နေတယ် မှတ်လို့"

ဟုဆိုကာ ပြောလိုက်လေသည်။

ဆန်ကျူးမှာ သူ၏မိခင် ကြီးအား သိုင်းဖက်လိုက်လေသည်။

သည်တွင် အခြေအနေ အရပ်ရပ်ကို ဘာမျှ မသိရှာသေးသော ဓားနှစ်လက်ဆန်ကျူးမှာ သူ့ညီမကို မေးလိုက်လေသည်။

"မေမေ ညီမလေးကြူးဝေကောဟင်"

မေးလိုက်တော့ သတိပြန်လည်လာပြီ ဖြစ်သော မိခင်ကြီးမှာ ငိုသံပါပါဖြင့်...

"သား..သား ညီမလေး မရှိဘူး၊ ဟီး..ဟီး"

"မေမေ ဘာလို့ငိုတာလဲ၊ ညီမလေး ဘာဖြစ်လို့လဲ"

"ဟာ အစ်ကိုကြီးဆန်၊ ဘယ်တုန်းက ရောက်လာတာတုံး"

"ဟော့..ဟာ.. ဓားနှစ်လက် ပြန်လာပြီ၊ ဟား.."

ထိုသို့ အားရဝမ်းသာ စကားသံများနှင့်အတူ အိမ်ခန်းထဲမှ ပေ့နန်းနှင့် သူမ၏မိဘနှစ်ပါး လှမ်းထွက်လာကြလေသည်။

သည့်တွင် ဆန်ကျူးသည် မိခင်နှင့် တွေးပိုက်မှုမှ ကိုယ်ချင်းစာလိုက်ပြီးနောက် သူတို့ထံသို့ အကြည့်ရွှေ့လျား ရောက်ရှိလာသည်။

ပေ့နန်းနှင့် မိဘနှစ်ပါးထံ အကြည့် ရောက်သွားမိလေသည်။

သည်နောက် ကွပ်ပျစ်ပေါ်တွင် ပေ့နန်းတို့မိသားစုနှင့် ခားနှစ်လက်ဆန်ကျူးတို့ ထိုင်ကာ စကားပြောဆိုကြလေသည်။

ထိုစဉ် ဆွေကျင်းလည်း ကွပ်ပျစ်ဆီသို့ ရောက်ရှိလာတော့သည်။

ထိုစဉ် ဆန်ကျူးက သူ့ညီမ အကြောင်းကို ပေ့နန်းအား မေးမြန်းလာသည်။

ထိုအခါ အားလုံး မျက်နှာမကောင်းခြင်း ဖြစ်ကြရလေသည်။

ပေ့နန်းသည် ဆန်ကြူးဝေနှင့် ပတ်သက်သည့် ဖြစ်ကြောင်းကုန်စင်ကို ဆန်ကျူးအား ရင်နင့်စွာဖြင့် ဖွင့်ဟထုတ်ဖော်ပြောပြလိုက်လေတော့သည်။

ယင်းသို့ သူ့ညီမ၏အခြေအနေကို ကြားသိလိုက်ရသောအခါ ဆန်ကျူး၏ရင်တွင် စူးရှနာကျင်ခြင်း အမျက်ခြောင်းခြောင်းထွက်လာရလေသည်။



"တောက် အတော်ယုတ်မာပက်စက်တဲ့ သံမဏိလက်ဝါးကျင်စန်းပါလား၊ သင်း..သင်းကို ငါ့ဓားနဲ့ ကောင်းကောင်း ကလဲ့စားချေပြမယ်"

ယင်းသို့ ဆန်ကျူး ရင်မှာ ခံပြင်းနာကြည်းစွာဖြင့် ကြိမ်းဝါးရွတ်ဆိုမိလိုက်ကာ သူ၏ညာလက်က ဆောင်ဓားရိုးသို့ ဖျတ်ခနဲ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မိလိုက်လေသည်။

သူသည် ညီမစိတ်ကြောင့် အမျက်ဒေါသထွက်ကာ ချက်ချင်းပင် မြို့စွန်ရှိ သံမဏိလက်ဝါးကျင်စန်း၏ဌာနချုပ် အဆောက်အအုံ ရှိရာ ခြံဝင်းကျယ်ကြီးသို့ သွားရောက်ကလဲ့စားချေရန် ဟန်ပြင်လိုက်လေသည်။

◆ ◆ ◆

သည်တွင် သူ၏လှုပ်ရှားမှုကို အကဲခတ်မိလိုက်ရသော သူ၏မိခင် ဆန်ကျင်းက ကြေကွဲဆို့နင့်သံဖြင့် ဟန့်တားပြောဆိုသည်မှာ...

"သား...သားကြီး၊ မေမေ့နားက သားကြီး မသွားပါနဲ့ကွယ်၊ မေမေသားကို စိတ်မချဘူး"

ပြောဆိုရင်း မိခင်ကြီးဆန်ကျင်း ဝမ်းနည်းစိုးရိမ်စွာဖြင့် ငိုယိုလာလေသည်။

ထိုအခိုက် ပေ့နန်း၏ဖခင်ကြီးက...

"လူလေး၊ မင်းပြန်ရောက်လာလို့ မင်းအမေ ဘဝဟာ စိတ်ပြန်ကောင်းလာချိန်မှာ အဲဒီကို မသွားပါနဲ့ဦးကွာ၊ အချိန်တွေ ရှိပါသေးတယ်၊ အေးအေးဆေးဆေး တိုင်ပင်ညှိနှိုင်းပြီး လုပ်ဆောင်ကြတာပေါ့"

ထို့အတူ ပေ့နန်း၏မိခင်ကြီးကလည်း...

"ဟုတ်ပါတယ်ကွယ်၊ လူလေးက ခရီးလဲ ပန်းလာတော့ အနားယူပါဦးလေ"

သည်တွင် ပေ့နန်းကလည်း ဟန့်တားစကားဆိုလာသည်။

"အစ်ကိုကြီးရယ် မသွားပါနဲ့"

ထိုသို့ ဝိုင်းရံ၍ ဟန့်တားလာမှုကြောင့် ဓားနှစ်လက်ဆန်



ကျူးမှာ သူ၏ရင်ထဲမှ ဒေါသစိတ်ကို ဖြေလျှော့လိုက်ရလေသည်။

သို့နှင့် ဆန်ကျူးသည် သူ၏မိခင်မှာ သမီးငယ်အတွက် စိတ်ထိခိုက်ပြီး ကြောင်တက်တက် ဖြစ်နေရာမှ သူပြန်ရောက်လာသည်ကို တွေ့မြင်ရသောအခါ နေကောင်းသွားပြီဟု မဆိုရသော်လည်း စိတ်အာရုံပြောင်းသွားသည်က အမှန်ပင် ဖြစ်သည်။

သူ၏မိခင်ကြီးမှာ သူရောက်လာကတည်းက တသားသားနှင့် မျက်စိအောက်က အပျောက်မခံဘဲ ရှိသည်။

သည်အတွက် သူ့မှာ စဉ်းစားလာရတော့သည်။

ဘေးလူတွေကလည်း ပြောသည်။

သူတစ်ခုခု ဖြစ်သွားလျှင် ထိုအဘွားကြီး တစ်ခါတည်း အသက်ပျောက်ပြီဟု ဆိုသည်။

သို့ဖြင့် သူသည် စိတ်သွားတိုင်း ကိုယ်မပါဘဲ ရှိနေသည်။

မိခင်ကြီး၏ ကျန်းမာရေးကို အထူးဂရုပြုနေရသည်။

နောက်တစ်ကြောင်း ငဲ့စရာက ညီမငယ်ပင် ဖြစ်သည်။

ဆန်ကြူးဝေမှာ မည်သည့်အကြောင်းနှင့်ပင် ဖြစ်စေ ရန်သူ့ လက်တွင်းသို့ ရောက်သည်က အမှန်ပင် ဖြစ်သည်။

သူခြေတစ်လှမ်းမှားလျှင်၊ စကားတစ်ခွန်းမှားလျှင် ညီမငယ်မှာ ဤနယ်မြေ၏ ထုံးထမ်းစဉ်အလာနှင့်အညီ ထာဝရ ပျောက်ဆုံး

ခြင်း ဖြစ်သွားပေလိမ့်မည်။

သူ မြို့သို့ ပြန်ရောက်သည်မှာ နှစ်ပတ်မျှ ရှိပြီ ဖြစ်သော်လည်း ဆန်ကြူးဝေ အကြောင်းမှာ ဒဏ္ဍာရီအဆင့်တွင်သာ ရှိနေပေသည်။

သူကိုယ်တိုင်လည်း ဘာမျှမသိ။

သူ့ကိုလည်း မည်သူကမျှ ဘာမျှ မပြောနိုင်။

တကယ်ဆိုလျှင် ဆန်ကြူးဝေသည် သူမတွင် မည်သည့် အကြောင်းများ ရှိနေစေကာမူ မိခင်၏အကြောင်းကို ကြားလျှင် ခဏတစ်ဖြုတ်တော့ ရောက်လာဖို့ ကောင်းသည်။

အစ်ကိုကြီး ပြန်ရောက်လာသည်ဟု ကြားလျှင် လူချင်း မတွေ့နိုင်တောင် အဆက်အသွယ်လုပ်ဖို့တော့ ကောင်းသည်။

အခုတော့ ဘာမျှမသိရ၊ မမြင်ရ၊ မကြားရ။

တားနှစ်လက်ဆန်ကျူးသည် ရောက်ရောက်ချင်း ဆိုသလိုပင် ညီမငယ်နှင့် အဆက်အသွယ် ရရှိနိုင်ရန် ကြိုးစားသည်။

သို့သော် အချည်းနှီးသာ။

သံမဏိလက်ဝါးကျင်စန်း၏ ခြံဝင်းအတွင်းသို့လည်း ဝင်ခွင့်မရ။

မည်သူ့ထံမှလည်း မေး၍ စမ်း၍မရ။



တစ်ခု ပို၍ ဆိုးသည်မှာ သံမဏိလက်ဝါးကျင်စန်းမှာ သူ ရောက်ပြီး နောက်တစ်နေ့မှာပင် နယ်တစ်နယ်သို့ ထွက်သွားခြင်းပင်။

ယင်းသို့ သူထွက်သွားရာတွင် ဆန်ကျူးနှင့် မကင်းရာ မကင်းကြောင်း ဖြစ်သူများကိုလည်း သူနှင့်အတူ ခေါ်သွားလေသည်။

ဒါကြောင့် မြို့တွင် ကျန်ရစ်သူမှာ တားနှစ်လက်ဆန်ကျူးနှင့် တစ်ပွဲတစ်လမ်း အကဲစမ်းချင်နေကြပုံရသည်။

အခွင့်သာလျှင် ဆန်ကျူးကို ဤလောကကြီးထဲမှ ဖျောက်ဖျက်ပစ်ချင်ကြဟန် ရှိသည်။

သို့ဖြစ်၍ တားနှစ်လက်ဆန်ကျူးသည် ကိုယ်က တိုက်ခိုက်ရေးထက် ခုခံကာကွယ်ရေးကို ဦးစားပေး စဉ်းစားနေရလေသည်။

အခြေအနေက မိမိဘက်တွင် မိခင်ကြီးနှင့် ညီမငယ်တို့ အရေး အခြေအနေက ရှိနေသေးသဖြင့် ရန်သူက အထက်စီးရသည် မဟုတ်ပါလား။

ရန်သူက သူနှင့် ရင်ဆိုင်ရန် အားလုံး အသင့်ပြင်ဆင်ပြီးသား ရှိနေသည် မဟုတ်ပါလား။

သည်တွင် ပေ့နန်းက ခေါင်းအေးအေးထားပြီး လုပ်ဆောင်

ရန် ပြောသည်။

ပေ့နန်းသည် သတ္တိရှိရုံမျှမက အမြော်အမြင်လည်း ကြီးလှပါပေသည်ဟု ဆန်ကျူးအစား လူများကို တစ်ဖန်တလဲလဲ ထုတ်ဖော်လေ့ ရှိသည်။

ပြောရမည်ဆိုလျှင် ဓားနှစ်လက်ဆန်ကျူးကိုယ်တိုင်လည်း ယခင်ကလောက် တစ်ဇွတ်ထိုး မနိုင်တော့။

ပြီးတော့ အသက်အရွယ်လည်း ရလာပြီ ဖြစ်သည်။

အတွေ့အကြုံများ ရင့်ကျက်လာပြီ ဖြစ်သည်။

ယင်းသို့ ဘဝအတွေ့အကြုံ ရင့်ကျက်အောင် ဘုရင့်တပ်မတော်က သူ့ကို များစွာ လေ့ကျင့်ပေးလိုက်သည် မဟုတ်ပါလား။

ယခုကိစ္စသည် သူ့မိသားစုကိစ္စ မဟုတ်တော့။

တစ်နယ်လုံး၏ကိစ္စ ဖြစ်သည်။

တစ်နည်းဆိုရလျှင် တစ်တိုင်းပြည်လုံး၏ကိစ္စ ဖြစ်သည်။

ဤပြဿနာမျိုးတွေသည် သူတို့နယ်တွင်သာ မဟုတ်။

တစ်ခြားသော နယ်များတွင်လည်း အလားတူ ဖြစ်ပေါ်နေကြ၏။

ဤကိစ္စဆိုးများကို နှိမ်နင်းသုတ်သင်ရန်အတွက် မိမိတစ်ဦးတစ်ယောက်တည်း လူစွမ်းကောင်းလုပ်၍ မရနိုင်။



အရေးကြီးသည်က နာကျည်းခြင်း၊ မကျေနပ်ခြင်း ဖြစ်နေသော လူထုကြီး သူ၏နောက်တွင် ကပ်ပါလာဖို့ ဖြစ်သည်။

ယခုအခါတွင် တောင်အောက်ရွာမှ လူများသည် နယ်စားသံမဏိလက်ဝါးကျင်စန်း၏ အဖွဲ့သားများအား အဓမ္မ ပြုကျင့်သည်ကို ဆန့်ကျင်တိုက်ခိုက်စ ပြုလာလေသည်။

ပြောရမည်ဆိုလျှင် တောင်အောက်ရွာမှ ဘီလူးဖြူ၊ ဘီလူးမည်း မည်သော ဘီလူးညီနောင်တို့မှာ သူ၏လက်ထွက်ပင် ဖြစ်လေသည်။

ယခု သူတို့က သူ့အား တော်လှန်ရေးခေါင်းဆောင်မှုပြုရန် တောင်းဆိုနေကြသည်။

သို့ဖြင့် သူသည် ပေ့နန်းနှင့်အတူ တောင်အောက်ရွာမှ လူများကို လက်ခံတွေ့ဆုံကာ တိုင်ပင်ညှိနှိုင်းခြင်း၊ စီစဉ်ခြင်းများ ပြုလုပ်ရသည်။

သို့ရာတွင် ဆန်ကျူးသည် အခြေအနေ အရပ်ရပ်ကို ဆက်လက်ထိန်းသိမ်း လုပ်ဆောင်နိုင်ရေးအတွက် အလျှင်ဆုံး သူ့ညီမနှင့် ပတ်သက်ပြီး အဖြူအမည်း ကွဲပြားထားဖို့ လိုသည်ဟု တွက်မိလေသည်။

သူ့ညီမ ခြံဝင်းကျယ်ကြီးထဲတွင် ရှိသေးသလော၊ မရှိတော့

ဘူးလော၊ ရှိသေးလျှင် မည်သည့် အခြေအနေ ဆိုက်နေပေသနည်း။

သို့ဖြင့် ဓားနှစ်လက်ဆန်ကျူးမှာ သူ့ညီမ အခြေအနေ သိလို၍ ကျင်စန်း၏အဆောက်အအုံရှိရာ ခြံဝင်းကျယ်ကြီးအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ကြည့်ရှုရန် တွေးတောဆုံးဖြတ်ချက် ချမိလိုက်လေသည်။

ဒါကြောင့် ဓားနှစ်လက်ဆန်ကျူးမှာ တစ်ညတွင် ပြန်လမ်းမရှိသော ခြံဝင်းကျယ်ကြီးအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ရန်အတွက် ပြင်ဆင်လိုက်လေသည်။

ပြီးနောက် သံမဏိလက်ဝါးကျင်စန်း၏ ခြံဝင်းကျယ်ကြီးအတွင်းသို့ ဝင်ရောက်ရန်အတွက် နေအိမ်မှ လှမ်းထွက်ခဲ့လေတော့သည်။

ဆန်ကျူး ခြံပေါက်ဝသို့ ရောက်သောအခါ ရုတ်တရက် လူရိပ်နှစ်ရိပ်ဖြင့် ကြုံတွေ့လိုက်ရသဖြင့် သူ့ခြေလှမ်းများ အလိုလို ရပ်တန့်သွားရလေသည်။

ယင်း... လူရိပ်နှစ်ရိပ်တို့မှာ မိန်းကလေးနှစ်ယောက် ဖြစ်သည်။

"ဟင် ပေ့နန်းနဲ့ ဆွေကျင်းတို့ပါလား"

ထိုသို့ ရေရွတ်ပြောလိုက်တော့ ပေ့နန်းနှင့် ဆွေကျင်းတို့



အလိုလိုပင် ခေါင်းပြိုင်တူ ညိတ်မိလိုက်ကြလေသည်။

သည်တွင် ပေ့နန်းက ဓားနှစ်လက်ဆန်ကျူးထံ အံ့သြစူးစမ်းဟန်ဖြင့် စိုက်ကြည့်ရင်း...

"အစ်ကို အချိန်မတော်ကြီး ဘယ်သွားမလို့လဲ"

ယင်းအမေးကြောင့် ဆန်ကျူးကလည်း သူမထံ စူးစိုက်ကြည့်ရင်း...

"ညီမတို့ကော အချိန်မတော် ဘာလာလုပ်တာလဲ"

တုံ့ပြန်မေးလာသဖြင့် ပေ့နန်းက အဓိပ္ပါယ်ပါပါ ပြုံးလိုက်ရင်း...

"ဘာလုပ်ရမှာလဲ၊ အစ်ကိုက အခု မြို့စွန် ခြံဝင်းကျယ်ကြီးဆီ သွားမလို့ မဟုတ်လား"

ထိုစကား ကြားလိုက်ရသည်နှင့် သူ၏လျှပ်ရှားမှုကို ကြိုသိနှင့်နေပြီ ဖြစ်သော ပေ့နန်းထံ သူ တအံ့တသြကြည့်မိရင်း...

"ဟုတ်တယ်၊ နေစမ်းပါဦး၊ ဒီကိစ္စ နင်တို့ ဘယ်လိုလုပ် သိနေတာလဲ၊ ပြောပြစမ်းပါဦး"

ထိုအခါ သူမက အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း...

"အစ်ကိုကြီး မြို့စွန်သွားမယ့် ကိစ္စကို ကြိုသိနေရုံမကဘူး၊ အစ်ကိုကြီး မြို့စွန်ဆီ သွားရောက်နေတုန်း ဘီလူးညီနောင်တို့အဖွဲ့က

ရေတံခွန်တောင်အနီးမှာ အသင့်စောင့်ဆိုင်းနေကြမယ်၊ ဒါကလဲ အစ်ကိုကြီး သံမဏိလက်ဝါးကျင်စန်းတို့လူစုနဲ့ တိုက်ခိုက်မှု ဖြစ်တဲ့အခါ သူတို့ပါ ဝင်ရောက်ကူညီလာနိုင်အောင်လို့လေ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ကဲ ပြောစမ်းပါဦး၊ ဒီသတင်းတွေ နင် ဘယ်သူ့ဆီက ရလာလို့လဲ"

"ဘယ်သူ့ဆီက ရရမှာလဲ၊ ဘီလူးအဖွဲ့ထဲက တစ်ယောက်က ညီမကို ပြောပြလိုက်လို့ပေါ့"

"ကောင်းရော၊ တောက် အဲဒီကောင် အတော်အသုံးမကျတဲ့ အကောင်၊ လူ မသိစေချင်လို့ လုပ်ပါတယ်ဆိုနေမှ"

ယင်းစကားကြောင့် သူမရင်ထဲ အောင့်သက်သက် ဖြစ်သွားရပြီး...

"ဘာလဲ အစ်ကိုတို့ကိစ္စ ညီမလေးသိတာ မကြိုက်လို့လား"

မကျေမနပ် လေသံဖြင့် လှမ်းမေးလာသဖြင့် ဆန်ကျူးက ခေါင်းတစ်ချက် လေးတွဲ့စွာ ခါယမ်းလိုက်ရင်း...

"အဲဒီလိုလဲ မဟုတ်ဘူး၊ တကယ်လို့များ အဲဒီကောင်က ဒီသတင်းကို ပေ့နန်းတို့လို နှုတ်လုံတဲ့သူကို ထုတ်ပြောပြတာ အကြောင်းမဟုတ်ဘူး၊ နှုတ်မလုံတဲ့သူကို သွားပြောပြမိရင် ဒီသတင်းက ဟိုလူတွေ နားထဲ ပေါက်ကြားသွားရင် အခု သူတို့အလစ်မှာ ခြံ



ကြီးထဲဝင်မယ့် အရေးကိစ္စဟာ တစ်ခါတည်း ကျားပါးစပ်ထဲ ဝင်သွားတာမျိုး ဖြစ်မနေဘူးလား"

ဤသို့ သူရှင်းပြလိုက်တော့မှ ပေ့နန်း၏မျက်နှာပြင်ပေါ်ဝယ် မကျေနပ်ရိပ်များ ရုတ်ခြည်းလွင့်စဉ် ပပျောက်သွားရလေသည်။

သည်တွင် ဓားနှစ်လက်ဆန်ကျူးက ပေ့နန်းထံ စူးစမ်းဟန်ဖြင့် စိုက်ကြည့်ရင်း...

"ကဲ အခု ညီမတို့ အစ်ကို့ဆီ ဘာလာလုပ်ကြတာလဲ ဆိုစမ်းပါဦး"

မေ့လိုက်တော့ ပေ့နန်းက တည်တည်ငြိမ်ငြိမ် လေသံဖြင့် မဆိုင်းမတွ ပြောလာသည်မှာ...

"အစ်ကိုနဲ့အတူ ညီမပါ အဖော်လိုက်ခဲ့မလို့"

"ဟာ မဖြစ်ပါဘူး၊ ဘာလိုက်လုပ်မှာလဲ"

"အစ်ကိုကြီး ခြံထဲဝင်သွားရင် ညီမက ခြံအပြင်ကနေ စောင့်မယ်လေ၊ အခြေအနေထူးရင် အသင့်စောင့်နေတဲ့ ဘီလူးအဖွဲ့ကို မြို့ထဲထိုးဖောက်ဝင်ရောက်လာဖို့ သတင်းပေးနိုင်တာပေါ့၊ ဟိုမှာ မြင်းပါ အသင့်ပြင်ထားပြီးပါပြီ"

ထိုသို့ ပြောဆိုရင်း သူမတို့ ခြံပေါက်ဝတွင် ရှိနေသော မြင်းညိုကြီးထံ ပေ့နန်း လက်ညှိုးထိုးပြလေသည်။

ထိုအခါ ဓားနှစ်လက်ဆန်ကျူး၏အကြည့် ပေ့နန်းတို့၏ ခြံပေါက်ဝဆီသို့ ရွေ့လျားရောက်ရှိသွားရပြီး...

"အင်း ဒါနဲ့ ဆွေကျင်း"

ထိုစဉ် ဆွေကျင်းက...

"ညီမလေးက အစ်ကို့ရဲ့အမေကို စောင့်ရှောက်ကျန်ရစ်ခဲ့မှာပါ"

"အေး ငါစိတ်လောလောနဲ့သာ အိမ်က ထွက်ဖို့ ကြိုးစားနေတာ၊ အမေ့ကို အနားမှာ စောင့်ကြပ်မယ့်လူ ထားဖို့တောင် သတိမရပါဘူး။ ကဲ ညီမလေး အိမ်ထဲသွားပေတော့၊ အစ်ကိုကြီးနဲ့ ပေ့နန်းတို့ မြို့စွန်ကို သွားကြတော့မယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဟုဆိုကာ ဆွေကျင်း ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက် အိမ်ထဲသို့ လှမ်းဝင်သွားလေသည်။

သည်နောက် ဆန်ကျူးနှင့် ပေ့နန်းတို့သည် မြင်းကိုယ်စီနှင့်လျက် လရောင်ဆမ်းထားသည့် မြေဝါလမ်းမကြီးအတိုင်း မြို့စွန်သို့ ဦးတည်လျက် စိုင်းနှင်သွားကြလေသည်။

လရောင်လွှမ်းခြုံထားသော ညဉ့်သန်းခေါင်အောက်ဝယ် ကျန်းစုမြို့မှာ ငြိမ်သက်စွာဖြင့် အိပ်မောကျလျက် ရှိနေကြပေသည်။



ထို့နောက် သူတို့နှစ်ယောက်သည် ထမင်းအိုးတစ်လုံးကျက်ခန့် အကြာတွင် ကျင်စန်း၏ခြံဝင်းကြီးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြသည်။

သူတို့ အမှောင်ရိပ်အားကောင်းလွန်းသော သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ရောက်လိုက်လေသည်။

ထိုအခါ ဓားနှစ်လက်က ပေ့နန်းထံ အကြည့်ရောက်ရင်း...

"ကဲ ညီမ၊ အစ်ကိုသွားတော့မယ်နော်"

သူမမှာ ဆန်ကျူး၏အစွမ်းအစကို ယုံကြည်သော်လည်း မရဏခံတွင်းဟု နာမည်ကြီးနေသော ခြံဝင်းကျယ်ကြီးသို့ ခိုးကြောင်ခိုးဝှက် ဝင်ရောက်တော့မည့် ဆန်ကျူးအပေါ် စိုးရိမ်ကြောင့်ကြမိရလေသည်။

ဒါကြောင့်မို့ သူမက စိုးရိမ်မကင်း လေသံဖြင့်...

"အစ်ကိုကြီး၊ သတိဝီရိယတော့ထားနော်၊ ခြံပတ်ဝန်းကျင်မှာ ကင်းသမားတွေ ချထားတယ်"

ယင်းသို့ သတိပေး မှာကြားတော့ ဓားနှစ်လက်က ပြုံး၍ ခေါင်းတစ်ချက်ညိတ်ကာ သူမအပါးမှ ကျောခိုင်းထွက်ခွာသွားလေသည်။

သူမသည် ကျောခိုင်း၍ ထွက်သွားသော ဓားနှစ်လက်ထံ

ငေးမောရင်း သူမရင်ထဲက တစ်မျိုးကြီး ခံစားနေရလေသည်။

ဓားနှစ်လက်ဆန်ကျူး ခြံဝင်းကျယ်ကြီးထဲ ဝင်ရောက်သွားသည်မှာ အချိန်အတော် လင့်လာလေပြီ။

"တုံ..တုံ..တုံ"

အဝေးမှပင် နာရီအုန်းမောင်းသုံးချက် တီးလာချေပြီကော။

ယခုအချိန်ထိ ခြံဝင်းကျယ်ကြီးအတွင်း ဓားနှစ်လက် ဝင်ရောက်သွားသည်မှာ ဘာမျှ အကြောင်းထူး ဖြစ်ပေါ်လာခြင်း မရှိပါချေ။

သို့နှင့် နံနက် အရုဏ်ဦး၏ ရောင်ခြည်ပင် အရှေ့အရပ်မှ ထွက်ပြူစ ပြုလာလေသည်။

အမှန်တော့ ဘီလူးညီနောင်တို့လူစုသည် ဓားနှစ်လက် ဆန်ကျူး၏ အခြေအနေ မည်သို့ရှိမှန်း အတပ်မသိသဖြင့် သူတို့ကြား မဝင်ရဲဘဲ တပ်ခေါက်သွားကြရလေသည်။

ပေ့နန်းမှာလည်း လည်တဆန့်ဆန့်ဖြင့် စိတ်မချမ်းမြေ့စွာဖြင့် အိမ်ပြန်ခဲ့ရလေတော့သည်။

ဆန်ကျူး၏မိခင်ကြီးမှာ အရုဏ်တက်လောက်ကတည်းက နိုးနေပြီး ခွေကျင်းကို သူ့သားအား မတွေ့မြင်ရ၍ တဖွဖွ မေးနေလေသည်။



ပေ့နန်း ရောက်လာတော့ အဘွားကြီးမှာ သူ့သား အကြောင်း အငမ်းမရ မေးလေသည်။

"ပေ့နန်း၊ ငါ့..ငါ့သားကြီး ဘယ်ထွက်သွားလဲဟင်၊ ငါ့သား ကြီး ဘယ်တော့ ပြန်လာမှာလဲ"

သည်တော့ ပေ့နန်းသည် အဖြေရခက်သည့်ကြားက ဖျောင်းဖျရှာကြံ ဖြေလိုက်ရသည်မှာ...

"အဘွားရယ်၊ အစ်ကိုကြီး ကိစ္စရှိလို့ ထွက်သွားတာပါ၊ မကြာခင် အိမ်ကို ပြန်ရောက်လာပါလိမ့်မယ်"

"နင်က ပြန်ရောက်လာမယ်သာ ပြောနေ၊ အခုထိ ပြန်ရောက်မလာသေးပါလား"

သူမတို့ အမျိုးမျိုး နှစ်သိမ့်သော်လည်းမရ။

အဘွားကြီးက သူ့သားကိုသာ စောင့်ဆိုင်းနေသည်။

သည့်နောက်ပိုင်း အဘွားကြီးမှာ ဘာမျှမစား။

ဘာမျှမပြောတော့ဘဲ ရှိနေသည်။

ပြီး တစ်နေ့လုံး တစ်ညလုံးလည်း မအိပ်ဘဲ ရှိ၏။

နောက်တစ်နေ့ အရုဏ်တက်ချိန်လောက်တွင် အဘွားကြီး ရုတ်တရက် အိပ်ပျော်သွားလေသည်။

မည်သည့်အခါတွင်မျှ မနိုးတော့သော အိပ်ပျော်ခြင်းမျိုး

ဖြင့် အိပ်ပျော်သွားရခြင်း ဖြစ်သည်။

သို့နှင့် သုံးရက်မြောက်သော နေ့တွင် အဘွားကြီးကို သင်္ဂြိုဟ်လိုက်သည်။

အသုဘတွင် တစ်မြို့လုံး တစ်နယ်လုံး လိုက်ပါ ပို့ဆောင်ကြလေသည်။

ထို့ကြောင့် ထိုနယ်တွင် အစည်ကားဆုံးသော အသုဘတစ်ခု ဖြစ်သွားရလေသည်။

ထိုသို့ အဘွားကြီးမှာ သားဓားဖြင့် အသက်ဆုံးရှုံးသွားရသည့်ကြားတွင် ကံကြမ္မာဆိုးရွားလာသည်က ယင်းအဘွားကြီး၏နေအိမ်ကို ထိုညမှာပင် မီးလောင်ခြင်း ခံလိုက်ရလေတော့သည်။

◆ ◆ ◆



နောက်တစ်နေ့တွင် သံမဏိလက်ဝါးကျင်စန်းတို့လူစုကျန်းစုမြို့ကို ပြန်လည်ရောက်ရှိလာကြသည်။

သူတို့သည် ပုလဲရွာမှ အခွန်အတုပ်များ ကောက်ခံပြီး မြင်းစီးသမားများ ခြံရံလျက် ရထားလုံးဖြင့် ပြန်လာခဲ့ရာ နေမွန်းတည့်မှ မြို့ဝင်ဂိတ်သို့ ရောက်ရှိလာကြစဉ် ရှေ့ဆုံးမှ ဦးဆောင်စိုင်းနှင်လာသော မြင်းစီးသမားနှစ်ယောက် မြို့ဝင်ဂိတ်ပေါက်တွင် ကန့်လန့်ဖြတ်ကာထားသည့် ဝါးပိုးလုံးကြီးကို စောင့်ကြပ်နေကြသော ကင်းသမားနှစ်ယောက်တို့အား လှမ်း၍ အမိန့်ပေး ဖယ်ခိုင်းလိုက်လေသည်။

"ဟေ့ သခင်ကြီး လာနေပြီ၊ ဝါးပိုးလုံးကြီးကို အပေါ်မြောက်တင်လိုက်ဟေ့"

ထိုသို့ မြင်းစီးသမားက လှမ်းအော်ဟစ် သတိပေးသော်လည်း စောင့်ကြပ်နေကြသော ကင်းသမားနှစ်ယောက် တကယ်မကြား၍လော။

ဒါမှမဟုတ် မကြားဟန်ပြုနေသည်လား မသိ။

ဝါးပိုးလုံးကို ဖယ်ရှားခြင်း မရှိသေးချေ။

"ဟိတ် သခင်ကြီး ရောက်လာပြီ၊ ဝါးပိုးလုံးတန်းမ,တင်လိုက်ဆိုတာ မကြားဘူးလားကွ"

ဟု ကြိမ်းမောင်းဆဲဆိုလိုက်သည်။

ကြိမ်းမောင်းပြောဆိုနေကြသော်လည်း ကင်းသမားနှစ်ဦးတို့မှာ ကျောက်ရုပ်သဖွယ် မတုန်မလှုပ်ချေ။

ဒါကြောင့် မြင်းစီးသမားနှစ်ဦးက မြင်းပေါ်မှ ဆင်း၍ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ပြီးနောက် ကင်းသမားနှစ်ဦးထံ အပြေးအလွှား ရောက်ရှိသွားကြလေသည်။

အံ့သြစရာကောင်းနေသည်မှာ ကင်းသမားနှစ်ဦးတို့သည် မြင်းစီးသမားနှစ်ဦးတို့ ဆဲဆိုကြိမ်းမောင်းနေသည့် ကြားကပင် မထီမဲ့မြင်ပြုကာ ကျောခိုင်းလျက် ရှိနေဆဲပင်။

ဒါကြောင့် မြင်းစီးသမားနှစ်ယောက်တို့က ဝါးပိုးတန်းအောက်ကို ခေါင်းငုံ့တိုးဝင်ပြီး နောက်ကျောခိုင်းရပ်နေကြသော ကင်းသမားနှစ်ယောက်ကို ဒေါသတကြီး ပြိုင်တူ ပခုံးကိုယ်စီ ကိုင်၍ သူတို့ဘက် ဆွဲလိုက်ကြရင်း...

"ဟေ့ကောင်တွေ ဘာအချိုးချိုးကြတာလဲ"

"အူး...အား"

မျက်နှာချင်းဆိုင် အနေအထား ဖြစ်သွားချိန်၌ မြင်းစီးသမားနှစ်ယောက်က သူတို့အဖွဲ့သားနှစ်ဦး မဟုတ်မှန်း တွေ့မြင်လိုက်ရ၍ ကြောင်အမ်းအမ်း ဖြစ်နေစဉ် အယောင်ဆောင်ကင်းသမား



နှစ်ဦးတို့၏ ညာလက်တို့မှ ငွေရောင်နှစ်ချက် လက်ခနဲ လင်းလက်သွားလေသည်။

အယောင်ဆောင်ကင်းသမားနှစ်ဦး၏ဓားတိုနှစ်လက်၏ ဓားချွန်တို့က မြင်းစီးသမားနှစ်ဦး၏ရင်ဝတည့်တည့်ကို စူးနစ်ထိုးစိုက်သွားလေသည်။

နာကျင်ညည်းညူသံ ကိုယ်စီ ရွတ်ဆို၍ မြေပြင်ပေါ်ကို အရုပ်ကြိုးပြတ်သည့်နှယ် ပြိုလဲကျသွားကြလေသည်။

ထိုအချိန်တွင် မြင်းစီးသမား ခြံရံလျက် ရှိသော ကျင်စန်းစီးနင်းလိုက်ပါလာသည့် ရထားလုံး မြို့ဝင်ပေါက်ဝ ဆိုက်ရောက်လာသည်။

ထိုစဉ် ခြံရံလိုက်ပါလာကြသော မြင်းစီးသမားတို့သည် ဂိတ်ပေါက်ဝ၌ သူတို့အဖွဲ့သားနှစ်ဦး သွေးသံရဲရဲဖြင့် သေပွဲဝင် လဲကျနေသည်ကို အမှတ်မထင် မြင်လိုက်ရသဖြင့် အံ့သြတုန်လှုပ်သွားကြသည်။

"ရန်သူ"

ထိုသို့ ကျင်စန်း၏အဖွဲ့သားများ အော်ဟစ်၍ မြင်းပေါ်မှ ကိုယ်စီ လွှားခနဲ ခုန်၍ ဆင်းလိုက်ကြပြီး ဆောင်ဓားကိုယ်စီ အသင့်ထုတ်ကိုင်၍ ဂိတ်ပေါက်ဝဆီကို ပြေးလွှားကြလေသည်။

ထိုအချိန်တွင်…

"လူယုတ်မာအဖွဲ့ကို အမြိုးဖြုတ်ပစ်ကြဟေ့"

"ဟေး"

အော်ဟစ်ကြိမ်းဝါးသံနှင့်အတူ ဗြာသံပေး၍ ဘီလူးအဖွဲ့သားတို့ လက်နက်မျိုးစုံ ကိုယ်စီဖြင့် လမ်းဘေးဝဲယာရှိ ချုံဖုတ်များနောက်ကွယ်မှ ဘွားခနဲ ပေါ်ထွက်လာကြသည်။

အချိန်သိပ်မကြာလိုက်ပါချေ။

မြို့ဝင်ဂိတ်ပေါက်ဝ အပြင်ဘက်နားတွင် ကျင်စန်းအဖွဲ့နှင့် ဘီလူးညီနောင်အဖွဲ့သားတို့ ရင်ဆိုင်တိုက်ခိုက်ကြလေတော့သည်။

စောစောက ဆိတ်ငြိမ်လျက် ရှိသော မြို့ဝင် ပတ်ဝန်းကျင်မှာ အခုတော့ အားယူမာန်တင်းသံ၊ ဓားချင်းထိသံများ၊ နာကျင်ညည်းညူသံများ စသည့် အသံဗလံတို့ဖြင့် ဆူညံဝေစီသွားရလေသည်။

ဘီလူးအဖွဲ့တို့ဦးဆောင်လျက် သံမဏိလက်ဝါးတို့အဖွဲ့ကို နာကျည်းစိတ်ဖြင့် သဲသဲမဲမဲ တိုက်ခိုက်လေသည်။

အခြေအနေကို လှမ်း၍ အကဲခတ်ကြည့်နေသော ကျင်စန်းမှာ သူ၏အဖွဲ့သားများ အခြေအနေ မဟန်မှန်း သိ၍ ရထားလုံးပေါ်မှ ဆင်းလိုက်သည်။



ကျင်စန်း ရထားလုံးအောက်သို့ ရောက်လာသည်ကို ဘီလူးအဖွဲ့သားများ လှမ်းမြင်တွေ့လိုက်ရသည်နှင့်…

"ဟိုမှာ သခင်ယုတ်ကြီး ဆင်းလာပြီဟေ့"

ဟု ရေရွတ်အော်ဟစ်ပြီး ဘီလူးအဖွဲ့သားသုံးဦးတို့သည် ကျင်စန်းအား တိုက်ခိုက်လာကြလေတော့သည်။

"ဝုန်း…ဝုန်း"

"အီး"

"အား"

ကျင်စန်းသည် ငွေရောင်ဓားရိပ်များ ကြားဝယ် လိပ်ပြာတစ်ကောင်ပမာ ပွတ်သီကပ်သီ ရှောင်တိမ်းနေရင်းက သူ၏လျှင်မြန်ဖျတ်လတ်လွန်းလှသော သံမဏိလက်ဝါးရိပ်များက ဘီလူးညီနောင်အဖွဲ့သားတို့၏ ရင်ဝတည့်တည့်ဆီသို့ ပြင်းထန်စွာ ကျရောက်သွားလေသည်။

ထိုအခါ ထိုလူနှစ်ယောက်၏ရင်ပြင်တို့၌ မီးကျွမ်းထားသကဲ့သို့ လက်ဝါးရာကြီး ထင်ကျန်ရစ်ကာ အသံကုန်အော်ဟစ်ကာ မြေပြင်သို့ ဘိုင်းခနဲ ပြိုလဲကျသွားကြလေသည်။

ယင်း…အခြေအနေကို မျက်မြင်ကြုံတွေ့လိုက်ရသော ဘီလူးအဖွဲ့သားတစ်ဦး ဆက်လက်ရင်ဆိုင် တိုက်ခိုက်ဖို့ခြင်း မရှိဘဲ

နောက်ဆုတ်ထွက်သွားလေသည်။

ထိုစဉ်...

"ယား"

"ဝုန်း"

"အား"

မြေပြင်ပေါ်တွင် မှောက်ခုံကြီး အသက်ပျောက်နေသော ဘီလူးအဖွဲ့သားများ၏ကျောပြင်ပေါ်တွင် လက်ဝါးရာ အမည်းထင်ထင်ကြီး ကျန်ရစ်ခဲ့လေသည်။

ယင်းသို့ တိုက်ပွဲ ဖြစ်ရာတွင် နှစ်ဖက်စလုံး အထိနာကြလေသည်။

နောက်ဆုံး ဘီလူးဖြူနှင့် ဘီလူးမည်းတို့သည် ကျင်စန်းအဖွဲ့ကို ရေရှည်ရင်ဆိုင် တိုက်ခိုက်နေလျှင် သူ့လူများ အကျအရှုံး ပိုမိုများပြားလာမည်ကို တွေးတောသုံးသပ်မိသဖြင့် သူ၏အဖွဲ့သားများအား နောက်ဆုတ်ရန် အမိန့်ပေးလိုက်သည်။

သို့နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသော တိုက်ပွဲကြီးမှာ ရုတ်ခြည်း ပြီးဆုံးသွားရလေတော့သည်။

◆ ◆ ◆

## ရန်စ

"ဒါဖြင့် ဓားနှစ်လက်တို့ မောင်နှမ သေပြီလို့ ဘယ်အတပ်ပြောနိုင်ဦးမလဲ ပျောက်နေကြတာပဲ"

ဓာမဏီသိုင်းသမားဝမ်းရှမှာ ရှည်လျားစွာ ထုတ်ဖော်ပြောပြနေသော ပေ့နန်း စကားကို ငြိမ်သက်စွာ နားထောင်နေရာမှ အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

သည်တွင် ပေ့နန်းက ပြုံး၍...

"ပေ့နန်းတို့ အရပ်မှာ သေသွားတာကမှ ပြန်ရှင်လာသေးတယ်၊ ကျင်စန်းတို့ ခြံကြီးထဲမှာ ပျောက်သွားတဲ့ လူတွေကိုတော့ ဘယ်တော့မှ ပြန်မတွေ့နိုင်ဘူး"

ထိုသို့ စကားပြောနေစဉ်အခိုက်…

"ဝိုး"

"ဟင်"

သူတို့ ခေါင်းပေါ်မှ မြှားတစ်စင်း ဖြတ်သန်းကျော်လွှားသွားလေသည်။

ယင်းအခြေအနေကြောင့် သူတို့နှစ်ယောက်စလုံး အထိတ်တလန့် ဖြစ်သွားကာ မြှားလာရာ လမ်းကြောင်း ခြံဝင်းပေါက်ဆီသို့ အကြည့် ရောက်သွားမိကြလေသည်။

ထိုအခါ မြင်းနက်ကြီးတစ်ကောင်ပေါ်တွင် အသက်သုံးဆယ်လောက်ပင်ရှိမည်ဟု ထင်ရသောသူ၏ ဘယ်ဘက်ပါးပြင်ပေါ်တွင် မှဲ့နက်ကြီးတစ်လုံး အထင်းသား ပေါ်လွင်နေလျက် ရှိသည်။

ထိုစဉ် ဝမ်းရှသည် လမ်းပေါ်သို့ ဟူးခနဲ လျှင်မြန်စွာ ရောက်ရှိသွားလေသည်။

အနားရောက်တော့ ထိုလူက မျက်နှာပြုံးပြုံးဖြင့်…

"ကျွန်တော် တောင်းပန်ပါတယ်"

ဟု ဝမ်းရှကို တောင်းပန်စကားဆိုပြီးနောက် မြင်းကို ဒုန်းစိုင်း၍ ထွက်ခွာသွားလေသည်။

ထို့နောက် ပေ့နန်းက…



"အဲဒါ သံမဏိလက်ဝါးရဲ့ ညာလက်ရုံး မှဲ့တစ်လုံးဆိုတာပဲ ပေါ့"

ထိုစကား ကြားလိုက်ရသည်နှင့် ဝမ်းရှမှာ သူ၏မြင်းဖြူကြီးပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထိုသူနောက်ဆီသို့ ခွာသံပြင်းပြင်းဖြင့် ဒုန်းစိုင်းလိုက်ပါသွားလေသည်။

"ခွပ်…ခွပ်…ခွပ်"

မြို့အလယ်တွင် မြင်းများ ဒုန်းစိုင်းအရမ်းစီးနှင်သွားကြသည့်အဖြစ်မျိုးကား ဤနယ်သူနယ်သားများအဖို့ ရိုးအီနေပြီ ဖြစ်လေသည်။

သို့တစေ ရှေ့မှ အပြေးစိုင်းနှင်သွားသူမှာ မြို့သူမြို့သားတွေ ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော မှဲ့တစ်လုံး ဖြစ်နေပြီး နောက်မှ လိုက်သွားသူမှာလဲ ယနေ့မှ သူတို့ မြို့သို့ ရောက်လာသော လူစိမ်းတစ်ဦး ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် စိတ်မဝင်စားဘဲ မနေနိုင်ကြပါချေ။

ယင်းလူစိမ်းမှာ ဆန်ကျုး၏သူငယ်ချင်းတစ်ယောက်…

ပြီးတော့ ဘုရင့်တပ်မတော်မှ ပူပူနွေးနွေး ထွက်လာပြီးနောက် ကျင်ပန်းကို ဘီလူးအဖွဲ့တို့ လက်ထဲမှ ကယ်တင်ခဲ့သူ။

အခု ပေ့နန်းတို့အိမ်တွင် စတည်းချနေသူ စသည်ဖြင့် ကြား

မိထားကြပြီ ဖြစ်လေသည်။

ကျန်းစုမြို့သည် ဘာမှ ကျယ်ဝန်းသည့်မြို့ မဟုတ်ပါချေ။

ဒါကြောင့် တစ်ဖက်မှ တစ်ဖက်သို့ မြင်းဖြင့် အပြင်းစိုင်းလျှင် အချိန်ကြာလှသည် မဟုတ်ချေ။

ထို့ကြောင့် မှဲ့တစ်လုံးသည် ခဏချင်းပင် မြို့စွန်ရှိ ခြံဝင်းကျယ်၏ တံခါးပေါက်ဝသို့ ရောက်ရှိသွားလေသည်။

သို့ဖြစ်၍ သူသည် တောက်လျှောက်အတွင်းသို့ စိုင်းနှင်ဝင်ရောက်သွားလေသည်။

ပြီးနောက်တွင် တံခါးမကြီးအား ချက်ချင်းပြန်ပိတ်သွားလေသည်။

နောက်ဘက်မှ အမီလိုက်ရန်အတွက် ချက်ချင်းပြန်ပိတ်သွားလေသည့် တံခါးမကြီးနှင့် မြင်းဖြူကြီး၏ခေါင်းပင် ဝင်တိုက်တော့မည့်ဆဲဆဲ ဖြစ်သွားရလေသည်။

မြင်းဖြူကြီး၏ ဇက်ကြိုးကို လျင်မြန်စွာထိန်း၍ လမ်းကြောင်းပြောင်းနိုင်လိုက်သောကြောင့် သူ၏မြင်းဖြူကြီးခေါင်းနှင့် တံခါးမကြီး မတိုက်မိခြင်း ဖြစ်လေသည်။

ဝမ်းရှ ဘာလုပ်ရမှန်း မသိအောင် စိတ်အိုက်သွားရလေသည်။



ထိုစဉ်မှာပင် မြင်းခွာသံကို သူကြားလိုက်ရသဖြင့် နောက်လှည့်ကြည့်မိလိုက်ရာ အမျိုးသမီးငယ်တစ်ဦး ခြံတံခါးပေါက်ဆီသို့ မြင်းစီး၍ ဦးတည်လာနေကြောင်း သူလှမ်းမြင်တွေ့လိုက်ရလေသည်။

"ဟင် ကျင်ပန်းပါလား"

သည်တွင် ကျင်ပန်းသည် ဝမ်းရှကို မြင်တွေ့လိုက်ရသည်နှင့် ဝမ်းသာပြုံးရွှင်သော မျက်နှာထားဖြင့်...

"ဟယ် အစ်ကို၊ ညီမတို့ဆီ လာလည်တာလား"

ဟု မေးလာတော့...

ဝမ်းရှက မျက်နှာထားတင်းတင်းနှင့်ပင် ခေါင်းခါယမ်းလိုက်ကာ...

"မဟုတ်ပါဘူး"

ထိုစကားကြောင့် သူမ၏မျက်နှာလေး တစ်ချက်မှဲ့သွားရပြီး

"ဟင် ဒါဆို ဘာလို့ အစ်ကို ခြံပေါက်ဝကို ရောက်လာရတာလဲ"

"ကျုပ် မှဲ့တစ်လုံးနောက် လိုက်တာ"

"ဩော် မှဲ့တစ်လုံးကကော ခြံထဲဝင်သွားပြီလား"

"ဟုတ်တယ်"

"ကဲပါလေ၊ ဘယ်လိုပဲ ရောက်လာလာ၊ ကျွန်မတို့ ခြံထဲကို လိုက်လည်ပါဦး"

သည်တွင် ဝမ်းရှက ရယ်သွမ်းသွေးလိုက်ကာ…

"ကျင်ပန်း မဖိတ်ခေါ်လဲ ကျုပ်က ခြံထဲကို ရောက်အောင် ဝင်ရမှာပဲ၊ ကျုပ်က မှဲ့တစ်လုံးနဲ့ တွေ့မှ ဖြစ်မယ်"

"ကောင်းပြီလေ"

ဟုဆိုကာ သူမသည် သူ့ကို ကျော်လွှားပြီး ခြံဝင်းတံခါးနား တိုးကပ်ရောက်ရှိလာသောအခါ ခြံပေါက်ဝရှိ ကင်းမျှော်စင်အမြင့်မှ ကင်းသမားတစ်ဦးက ကျင်ပန်းကို လှမ်းမြင်တွေ့ရပြီး…

"ဟေ့ တံခါးမြန်မြန်ဖွင့်ပေး၊ အပြင်မှာ သခင်မလေး ရောက်နေတယ်"

စကားသံဆုံးသည်နှင့်…

"ကျွိ"

"ဂျိုင်း"

ခြံဝင်းတံခါးမကြီး ပွင့်ဟသွားသည်နှင့် သူတို့နှစ်ဦး မြင်း ကိုယ်စီ စိုင်းနှင်ကာ ခြံဝင်းအတွင်းကို ဝင်လိုက်ကြလေသည်။

သူမက ရှေ့မှ ဦးဆောင်၍ ရောင်စုံပန်းများဖြင့် လှပသော ပန်းဥယျာဉ်ကြီးကို ကွေ့ဝိုက်၍ တဖြည်းဖြည်းနှင့် မြင့်တက်သွား



သည့် ကျောက်ခင်းလမ်းအတိုင်း စိုင်းနှင်လေသည်။

ဝမ်းရှလည်း သူမနောက်သို့ ထပ်ကြပ်မကွာ လိုက်ပါလာရင်း အဆောက်အအုံရှေ့ရှိ မြေကွက်လပ်၌ ကျင်စန်း၏လူစုကို သူမြင်တွေ့လိုက်ရသည်။

ထိုလူအုပ်အတွင်း၌ မှဲ့တစ်လုံးကို မြင်တွေ့လိုက်ရလေသည်။

သူတို့အုပ်စုသည် ဝမ်းရှကို စုပြုံရောက်လျက် စိုက်ကြည့်နေကြ၏။

ကျင်ပန်းနှင့်အတူ ပါလာသဖြင့် အံ့အားသင့်နေကြပုံ ရလေသည်။

သူမသည် မြင့်မားခံ့ထည်စွာ တည်ဆောက်ထားသော နှစ်ထပ်အဆောက်အအုံကြီးဆီသို့ ဦးတည်ရွေ့လျားနေလေသည်။

ဝမ်းရှလည်း အသာငြိမ်၍ သူမနောက်သို့ လိုက်ပါခဲ့လေသည်။

သိပ်မကြာလိုက်ပါချေ။

သူတို့နှစ်ယောက် မြင်းပေါ်မှ ဆင်းလိုက်ကြပြီးနောက် ဆင်ဝင်အောက်ရှိ မြင်းချည်တိုင်တွင် မြင်းဇက်ကြိုးများကို ချည်နှောင်လိုက်လေသည်။

ကျင်ပန်းသည် ရှေ့က ဦးဆောင်၍ အိမ်ပေါ် လှမ်းတက်သွားသဖြင့် ဝမ်းရှလည်း လိုက်ပါခဲ့လေသည်။

သူတို့ မွေးပွဲကော်ဇောအပြည့် ခင်းထားသော ဧည့်ခန်းကျယ်ကြီးအထဲသို့ ရောက်ရှိလာကြသည့်အခါ ကျောမှီထိုင်ခုံတစ်လုံး၌ သံမဏိလက်ဝါးကျင်စန်း ထိုင်လျက်နေသည်ကို အခန့်သား လှမ်းမြင်တွေ့လိုက်ရလေသည်။

ထိုစဉ်...

"ဟာ သမီးလေးနဲ့အတူ ဧည့်သည်တော် ပါလာတာကိုး၊ ကြွပါ..ကြွပါ"

ယင်းသို့ ဖော်ရွေရင်းနှီးစွာ ဆက်ဆံနေသည်မှာ တကယ့်စိတ်ရင်းဟုတ်ဟန် မတူဟု ဝမ်းရှ၏စိတ်ထဲက သုံးသပ်မိလိုက်သည်။

ဒါကြောင့် ဝမ်းရှလည်း အပြုံးတုကို မျက်နှာပေါ်တွင် ဖုံးလိုက်ပြီး ကျင်စန်း၏မျက်နှာချင်းဆိုင် ထိုင်ခုံတစ်လုံးတွင် အသာဝင်ရောက် ထိုင်လိုက်လေသည်။

သည်တွင် သံမဏိလက်ဝါး၏စိတ်ထဲက ဝေခွဲမရနိုင်သောအတွေးများ ဖြစ်နေမိသည်မှာ...

"အင်း ဒီလူငယ်ဟာ ငါ့ရဲ့ရန်သူပဲလား၊ မိတ်ဆွေပဲလား၊ အခုအခြေအနေမှာတော့ သမီးရဲ့ ကယ်တင်ရှင်တစ်ယောက် ဖြစ်နေတာ



တော့ အမှန်ပဲ"

ထိုစဉ် ကျင်ပန်းသည် သူ့ဖခင် နံဘေးရှိ ထိုင်ခုံတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

ထို့နောက် ကျင်ပန်းက ယောကျ်ားပီပီသသ ခန့်ခန့်ညားညား ရှိလှသော ဝမ်းရှထံ အကြည့်စူးစိုက်ကြည့်ရင်း...

"အစ်ကိုနဲ့ မုဲ့တစ်လုံး ဘယ်လိုဖြစ်ခဲ့ကြတာလဲ"

ထိုအမေးကို ဘုမသိ ဘမသိ ဖြစ်နေရသော ကျင်စန်း ကြားလိုက်ရသဖြင့် သူ့သမီးထံ စူးစမ်းသော အကြည့်ဖြင့် စိုက်ကြည့်လိုက်လေသည်။

သည်တွင် ဝမ်းရှက ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ဘယ်လိုဖြစ်သလဲဆိုတော့ ကျုပ်နဲ့ ပေ့နန်းတို့ စကားပြောနေတုန်း မုဲ့တစ်လုံး ခြံပေါက်ဝ ရောက်လာပြီး မြှားပစ်စမ်းသွားတာ၊ ကံကောင်းလို့ နို့မို့ဆိုရင် ကျုပ်ဦးနှောက်တွင် မြှားထိပ်ပါသွားတော့မလို့၊ ပြီးတော့ တောင်းပန်ပြီး ထွက်ပြေးသွားလို့ အခုလို လိုက်ခဲ့ရတာပဲ"

ထိုအချိန်တွင် မုဲ့တစ်လုံးသည် ဧည့်ခန်းထဲသို့ ဝင်ရောက်လာကာ ကျင်စန်းထံ ဦးညွတ်ဂါရဝပြုလိုက်လေသည်။

ထိုစဉ် ကျင်စန်းက သူ့လက်ရုံးတပည့်ထံ မျက်မှောင်ကြုတ်

၍ လှမ်းကြည့်ရင်း...

"မှဲ့တစ်လုံး၊ သူတို့ စကားပြောနေတာကို အနှောင့်အယှက် ပြုခဲ့တာ ဟုတ်သလား"

လှမ်းမေးမှုကြောင့် မှဲ့တစ်လုံး ကိုယ်တစ်ချက် တုန်လှုပ်သွားရပြီး...

"အဲဒီအတွက် ကျွန်တော်မျိုး သူ့ကို တောင်းပန်ပြီးပါပြီ"

"ဟော့ကောင် ငါမေးတဲ့ မေးခွန်းအတိုင်း ဖြေစမ်း"

"ဟုတ်..ဟုတ်ကဲ့ပါ သခင်ကြီး၊ ကျွန်..ကျွန်တော်မျိုး နှောင့်ယှက်ခဲ့ပါတယ်"

ထိုစဉ် ကျင်စန်းသည် မှဲ့တစ်လုံးအနားသို့ လျင်မြန်စွာ ရောက်ရှိလာပြီး ညာလက်ဝါး လေပေါ်သို့ မြှောက်တက်သွားလေသည်။

သူ့လက် အောက်ပြန်အကျတွင်တော့...

"ဗြိုး"

"ဖြောင်း"

"အူး"

မှဲ့တစ်လုံးခမျာ ဆရာသခင်ဖြစ်သူ၏ ညာလက်ဝါးဖြင့် ပါးတစ်ချက် ဝမ်းရှ၏ရှေ့မှောက်တွင် အရိုက်ခံလိုက်ရသဖြင့် ရှက်ပြီး



ဒေါသအလွန်ထွက်သွားလေသည်။

သူဒေါသထွက်သည်က ဝမ်းရှကိုပင် ဖြစ်သည်။

ထို့နောက် မှဲ့တစ်လုံးသည် ဝမ်းရှကို မကျေမချမ်းဖြင့် စိုက်ကြည့်မိလိုက်သည်။

ထိုအခါ ဝမ်းရှက သူ့အကြည့်ကို မသိကျိုးကျွန်ပြုနေလေသည်။

ထိုအခိုက် ကျင်စန်း၏အမိန့်ပေးသံ ထွက်ပေါ်လာသည်မှာ..

"ကဲ မှဲ့တစ်လုံး၊ မင်းတို့နေရာက စောင့်နေ၊ ဘယ်မှ မသွားကြနဲ့ ငါလာခဲ့မယ်"

ဟု သူ့ထံ လေသံမပျော့မပြင်းဖြင့် ပြောလိုက်လေသည်။

သည်တော့ မှဲ့တစ်လုံးက ကျင်စန်းထံ ဦးတစ်ချက်ညွှတ်ဂါရဝပြုပြီးနောက်...

"ဟုတ်ကဲ့ပါ သခင်ကြီး"

ဟုဆိုကာ ဧည့်ခန်းထဲမှ ကျောခိုင်း ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

## သံယောဇဉ်

ညှော်ခန်းထဲမှ မှဲ့တစ်လုံး မကျေမချမ်း ထွက်ခွာသွားပြီး နောက် စကားကြောဖြတ်ကာ ညှော်ခန်းတစ်ခုလုံး လေတိုးသံမှ လွဲ၍ ဆိတ်ငြိမ်လျက် ရှိနေလေသည်။

"အေးအေးဆေးဆေးပေါ့ဗျာ၊ ကျုပ်တို့လဲ အခုပဲ ဗိုလ်ဇာ မဏီဝမ်းရှဆီ လာတော့မလို့"

ယင်းသို့ ရုတ်တရက် ပေါ်ထွက်လာသော သံမဏိလက်ဝါး ၏စကားကြောင့် သူ့အတွေးများ လွင့်စဉ်ထွက်သွားရလေသည်။

ဒါကြောင့် ဝမ်းရှက ကျင်စန်း၏မြောက်ပင့်၍လား၊ ခနဲ့၍ လား ပြောဆိုလိုက်သည့် စကားကို မကျေမနပ် လေသံဖြင့် ခွန်းတုံ့ ပြန်ပြောပြလိုက်လေသည်။



"ကျွန်တော့်နာမည် ဇာမဏီသိုင်းသမားဝမ်းရှပါ၊ ဗိုလ် ဇာမဏီတော့ မဟုတ်ပါဘူး နယ်စားကြီးရယ်"

ပြန်၍ ခနဲ့တဲ့တဲ့ ပြောလိုက်သော စကားကြောင့် သံမဏိ လက်ဝါး လှုပ်ရှားသွားရကာ...

"အို ကျုပ်ကို နယ်စားကြီးလို့ မခေါ်ပါနဲ့"

သည်တော့ ဝမ်းရှက မချိပြုံးပြုံးလိုက်ပြီး...

"ဒါဆို ကျွန်တော့်ကိုလဲ ဗိုလ်လို့ မခေါ်ပါနဲ့"

ထိုအချိန်တွင် ကျင်ပန်းသည် စကားတစ်လုံးမှ ဝင်ရောက် ပြောဆိုခြင်းမရှိဘဲ သူမထိုင်နေရာမှ ရပ်လိုက်ပြီး အကြည့်ဖြင့် ဖခင်နှင့် ဝမ်းရှထံ လှမ်းနှုတ်ဆက်ပြီး အိမ်အတွင်းပိုင်းသို့ တရွေ့ရွေ့ လှမ်းဝင်သွားလေသည်။

ထိုစဉ် သံမဏိလက်ဝါးက ဝမ်းရှကို ကျေးဇူးတင်သော လေ သံဖြင့်...

"ဘာပဲဖြစ်ဖြစ် မောင်ရင်က ကျုပ်သမီးရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲ"

ပြောလာတော့ ဝမ်းရှက အဓိပ္ပါယ်ပါပါ ပြုံးရယ်ကာ...

"ကျွန်တော့်ဝါသနာကတော့ ဒုက္ခ ဖြစ်နေတဲ့ လူတွေကို ကယ်ဖို့ပါပဲ၊ လူတွေ ဒုက္ခဖြစ်အောင် လုပ်တာ မဟုတ်ပါဘူး"

သံမဏိလက်ဝါး မျက်နှာပျက်သွားလေသည်။

ဆက်၍ ကျင်စန်းက…

"လူတွေဟာ ကိုယ်ဝါသနာပါတာ လုပ်နေရင် စိတ်ချမ်းသာကြတာပဲ၊ အဲ ကိုယ်ဝါသနာပါတာ မလုပ်ရတဲ့အခါ ကျတော့လဲ စိတ်ဆင်းရဲကြတာပေါ့"

ထိုအခိုက်မှာပင် ကျင်ပန်းတစ်ယောက် လင်ပန်းတစ်ချပ်ဖြင့် စားစရာ၊ သောက်စရာ၊ ရေနွေးကြမ်းများ ယူဆောင်လာကာ သူတို့ထံ ရောက်ရှိလာသည်။

ထို့နောက် စားပွဲပေါ်သို့ အစီအရီ တင်လိုက်လေသည်။

"ဒါပဲလား၊ အခြားသောက်စရာများ မရနိုင်ဘူးလား"

ဟု ဝမ်းရှက လှမ်းမေးလိုက်လေသည်။

"ဘာသောက်ချင်လို့လဲ"

"စူးစူးရှရှပြင်းပြင်းလေး သောက်ချင်တယ်"

ထိုသို့ ပြောလိုက်ရာ ကျင်ပန်း သဘောပေါက် နားလည်သွားရပြီး…

"အရက်ကို ပြောတာလား"

သည်တော့ ဝမ်းရှက ခေါင်းညိတ်လိုက်ပြီးနောက်…

"ဒီသဘောမျိုးပါပဲ"



ထိုအခါ သူမ၏မျက်နှာလေးပေါ်ဝယ် အားနာသည့် အရိပ်အယောင်များ ရုတ်ခြည်း လွှမ်းမိုးသွားရကာ…

"ဒါဆိုရင်တော့ အားနာစရာကြီးပဲ၊ ကျင်ပန်းတို့ အိမ်မှာ အရက် မရှိပါဘူး၊ ဘယ်သူမှ မသောက်ပါဘူး"

"ဗျာ"

ထိုစကားကို ကြားမိလိုက်ရသောကြောင့် ဝမ်းရှ အံ့အားသင့်သွားရပြီး 'ဗျာ'ဟူသော အာမေဋိတ်စကားပင် အလိုလို ရေရွတ်ပြောဆိုမိလိုက်ရလေသည်။

သည်တွင် ကျင်စန်းက ဝမ်းရှထံ အကြည့်စူးစိုက်ရောက်ကာ

"ကျုပ် အရက်မသောက်တတ်ပါဘူး"

"ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော်က အလောင်းအစား၊ မိန်းမတို့ကို လုံးဝစိတ်မဝင်စားပေမယ့် ချမ်းတဲ့အခါ၊ ကြုံတဲ့အခါဆိုရင်တော့ နည်းနည်းသောက်တတ်ပါတယ်၊ လူတစ်ယောက်ဟာ မကောင်းမှုတစ်ခုတော့ လုပ်တတ်တယ်လို့ ဆိုရိုးရှိတယ် မဟုတ်လား"

သည်တစ်ကြိမ်တွင် ကျင်စန်းသည် သူ့မျက်နှာ ပျက်သွားရသည်ကို မည်သို့မျှ မဖုံးနိုင်၊ မဖိနိုင် ရှိသည်။

ထိုစကားကို ကြားမိရပြီး ကျင်ပန်း၏မျက်နှာသည်လည်း

ဖွေးဖွေးဖြူသွားရလေသည်။

နောက်ပြီး ချက်ချင်းပင် ရဲရဲနီသွားရလေသည်။

ပြီး ဝမ်းရှသည် ရေနွေးကြမ်း စောင်းငှဲ့ထည့်ပြီးသော ရေနွေးကြမ်းပန်းကန်ကို ကောက်ယူ၍ မော့သောက်လိုက်လေသည်။

ပြီးမှ ကျင်စန်းထံ အကြည့်ရောက်ကာ…

"အဲ တစ်ခုတော့ ရှိပါတယ်၊ အပြင်က ရာသီဥတု ဘယ်လောက်ပဲအေးအေး၊ မိုး ဘယ်လောက်ပဲအုံ့အုံ့ ရင်ထဲက ပူနေတဲ့အခါမျိုးမှာတော့ ဒီလို ရေနွေးကြမ်းပဲ ကောင်းပါတယ်"

ထိုအချိန်တွင် ကျင်စန်းနှင့် ကျင်ပန်းတို့သည် သူ့အား ပြုံးကြောင်ကြောင် ငေးကြည့်နေမိလေသည်။

သူတို့သားအဖ အနေအထားကို ကြည့်ရသည်မှာ သူတို့၏ရင်ထဲ ကသိကအောက် ဖြစ်နေကြဟန် ရှိပုံရလေသည်။

ထိုစဉ် ဝမ်းရှက သက်ပြင်းခပ်ယှဲ့ယှဲ့ ချလိုက်ပြီးနောက်…

"ကျွန်တော်ပြောတဲ့ စကားကို နားမလည်ကြဘူး ထင်ပါတယ်၊ အဲ ကျွန်တော်ကလဲ ကျွန်တော့်အကြောင်း ကျွန်တော်ပြောပြနေတာကိုး"

ဟု ပြောလိုက်တော့ ကျင်ပန်းက ခေါင်းမသိမသာ ညိတ်လိုက်လေသည်။



ထိုစဉ် ကျင်စန်းမှာမူ ဆေးတံရှည်ကြီးကို သူ့ပါးစပ်ရှေ့တွင် တပ်လိုက်၊ ချွတ်လိုက် လုပ်နေချေသည်။

ဆက်၍ ဝမ်းရှက ခံစားကြေကွဲသံဖြင့် ပြောဆိုလာပြန်သည်။

"ကျွန်တော့်အကြောင်းဆိုလို့ အထူးအထွေတော့ မဟုတ်ပါဘူး၊ ကျွန်တော်က ဥတစ်လုံးတစ်ကောင်ကြွက်၊ ခြေသလုံးအိမ်တိုင်ပါ၊ အိမ်ကတော့ ဘုရင့်တပ်မတော်၊ မိသားစုဟာလဲ ဘုရင့်တပ်မတော်၊ အခုတော့ တပ်မတော်က ထွက်တဲ့အချိန်မှာတော့ သံယောဇဉ်တွယ်စရာဆိုလို့ ဆယ်နှစ်လုံးလုံး အဆင်းရဲ၊ အနွံ့တာခံဖော် ဖြစ်တဲ့ သူငယ်ချင်း မားနှစ်လက်ဆန်ကျူးပါပဲ"

မားနှစ်လက်ဟူသော အသံကို ကြားလိုက်ရသည်နှင့် တပြိုင်နက် အိမ်ရှင်နှစ်ဦးစလုံးမှာ ထိုင်နေရာမှ မြောက်တက်သွားသလို ရှိသွားကြသည်။

"ဒါကြောင့်လဲ ကျွန်တော် ဒီမြို့ကို လာခဲ့တာပါပဲ၊ ကျွန်တော့်စိတ်ကူးကတော့ ကျွန်တော်တို့နှစ်ယောက် ဒီအရပ်မှာ အေးအေးချမ်းချမ်းနေပြီး စားဝတ်နေရေးလည်း ပြေလဲပြေလည်အောင်၊ ကိုယ့်ဝါသနာပါတာလဲ ဖြစ်ရအောင် အမဲလိုက်အလုပ်ကို လုပ်ကြဖို့ပါပဲ၊ အဲ ကျွန်တော့်ရဲ့ နောက်ထပ် ဝါသနာတစ်ခုကတော့ လေးတစ်

လက်နဲ့ တောကောင်တွေကို ပစ်တာပါပဲ၊ လူတွေကိုပစ်တာ၊ ခတ်တာကတော့ ဝါသနာပါလို့ မဟုတ်ပါဘူး၊ တိုင်းပြည်နဲ့ လူမျိုး အတွက် လိုအပ်တဲ့ အခါမှာ တာဝန်အရ လုပ်ရတာပါ"

"အစ်ကိုကြီးနဲ့ ဓားနှစ်လက်တို့ဟာ တစ်ပုံစံတည်းပါပဲ"

ထိုသို့ ကျင်ပန်းက သူ့ဟာသူ ပြောသလို ခပ်တိုးတိုး ရေရွတ်ပြောဆိုလေသည်။

ဝမ်းရှကု ခေါင်းတစ်ချက် ညိတ်လိုက်ပြီး...

စကားပြောတာကို တခဏ ဖြတ်တောက်လိုက်ပြီး သူ၏အကြည့်က ကျင်စန်းနှင့် ကျင်ပန်းတို့ထံ ရွေ့လျားရောက်ရှိသွားရသည်။

သည်အခါ သူ၏စကားကို သူတို့ နားစိုက်ထောင်နေကြောင်း အကဲခတ်သိရှိလိုက်သည်။

◆ ◆ ◆



ဆက်၍ ဝမ်းရှကု...

"အဲ ကျုပ်စိတ်ကူးကို ထပ်ပြောပြရရင် ကျုပ်တို့နှစ်ယောက် ဝါသနာနဲ့ ဝမ်းရေးအတွက် အမဲလိုက်ပြီး ဒီအမေ၊ ဒီညီမနဲ့ သိုက်သိုက်ဝန်းဝန်း စိုစိုပြည်ပြည် နေသွားဖို့လဲ ပါတယ်၊ ဒါပေမယ့် ခုတော့.."

ထိုသို့ ပြောဆိုပြီး ဝမ်းရှသည် သူမတို့ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြန်ရာ...

သူမမှာ ခေါင်းအလိုလို ငုံ့လျှိုးသွားလေသည်။

"ဦးတို့သိပြီး ဖြစ်တဲ့အတိုင်းပဲ၊ ကျုပ်သူငယ်ချင်းနဲ့ ညီမတို့ဟာ ပျောက်ချင်းမလှ ပျောက်နေပြီ၊ အိမ်လည်း မီးလောင်ပြင် ဖြစ်နေပြီ၊ အခုတော့ ကျုပ်မှာ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

ထိုအခိုက် ကျင်စန်းက ခေါင်းကို မသိမသာ ခါယမ်းလိုက်သည်။

သို့သော် ခေါင်းခါယမ်းခြင်း၏ အဓိပ္ပါယ်ကို ဝမ်းရှမှာ တွေးဆ၍မရ။

ကျင်ပန်းကတော့ သိနိုင်အံ့ မထင်ပါချေ။

ထိုစဉ် သူမက တရင်းတနှီး လေသံဖြင့်...

"ဒါဆို ကျင်ပန်းတို့ဆီမှာ လာနေပါလား"

ထိုစကားကို အမှတ်မထင် ကြားလိုက်ရသဖြင့် ဝမ်းရှ၏

အကြည့် ကျင်းစန်းထံ အလိုလို ရောက်ရှိသွားရလေသည်။

ထိုအခါ ကျင်းစန်းက သူ့သမီး၏အဆိုကို သဘောတူဟန်ဖြင့် ခေါင်းညိတ်လာသည်။

ထိုစဉ် ဝမ်းရှက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ဒီလိုပဲ လာနေရလိမ့်မယ်နဲ့ တူတယ်၊ အစကတော့ နေဖို့ စိတ်မကူးပါဘူး၊ အခုတော့ နေမှ ဖြစ်မယ်၊ ပေ့နန်းတို့အိမ်မှာ နေလို့မဖြစ်ဘူး၊ တော်ကြာနေရင်း ကိုယ့်ကြောင့် သူများအိမ် မီးလောင်သွားမှာ စိုးရတယ်"

သည်တွင် ကျင်စန်းက...

"မောင်ရင်က အစိုးရိမ်ကြီးတာကိုး၊ ကျုပ်တို့ဆီမှာ ဒါလောက်တောင်ပဲ မတော်တဆမှုတွေ မများပါဘူး၊ မတော်တဆကတော့ ဘယ်မှာမဆို အနည်းနဲ့ အများတော့ ဖြစ်ကြတာပဲ မဟုတ်လား"

ဟု လေသံမှန်မှန်ဖြင့် ပြောဆိုလာသည်။

ဝမ်းရှသည် အိမ်ရှင်နှစ်ယောက် စိတ်တို့တွင် ဖြစ်ပေါ်ခံစားနေရသော အရိပ်အခြည်ကို လှမ်း၍ ရိပ်စားမိသည့်အလျောက် ဝမ်းရှက လျင်မြန်စွာ ဆက်ပြောလိုက်ရသည်မှာ...

"ကျွန်တော် ဦးတို့ဆီမှာ တည်းမယ်ဆိုတာကလဲ၊ ဒီအိမ်မှာ



တည်းဖို့ မဟုတ်ပါဘူး၊ ဦးတို့ရှေ့က တန်းလျားအဆောက်အအုံမှာ တည်းမှာပါ"

"အို တည်းရင်တော့ ဒီမှာပဲ တည်းပေါ့၊ ဒီမှာ ဘာမှ အားနာစရာ မရှိပါဘူး"

ဝမ်းရှက ခေါင်းတွင်တွင် ခါယမ်းလိုက်ပြီး...

"အား မဖြစ်ဘူး၊ ကျုပ်ပြောပြီးပြီ မဟုတ်လား၊ ကျုပ်က မိန်းမပျိုလေးတွေရှိတဲ့ အိမ်မှာ မတည်းချင်ဘူး အနေကျုံ့လို့ပါ၊ လွတ်လွတ်လပ်လပ် နေချင်တဲ့လူ၊ ဒါကြောင့် အောက်ဘက်က အဆောက်အအုံမှာ တည်းပါရစေလို့ ခွင့်တောင်းနေတာပေါ့"

"အဲဒီ တန်းလျားမှာ မကောင်းပါဘူး"

ကျင်ပန်းက မကျေမနပ် ရေရွတ်လိုက်သည်။

ထိုစဉ် ကျင်စန်းက သူ့သမီးထံ အကြည့်ရောက်ရင်း...

"အို သမီးကလဲ ဒီလောက် အတင်းအကျပ်ကြီး မတိုက်တွန်းပါနဲ့၊ ညှိသည် စိတ်ချမ်းသာတဲ့ နေရာမှာ နေပါစေ၊ ဘယ်နေရာမှာပဲနေနေ တို့ကတော့ အဆင်ပြေအောင် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်ပေးရမှာပေါ့"

ဟု ပြောဆိုလိုက်လေသည်။

ထိုအချိန်တွင် ဝမ်းရှမှာ တစ်စုံတစ်ခုကို လေးလေးနက်နက်

တွေးတောနေမိလေသည်။

တခဏလောက် စကားကြော ပြတ်တောက်သွားရပြီးမှ ကျင်စန်းက ဆက်၍ စကားပြောဆိုလာသည်မှာ…

"ကဲ ဒီလိုလုပ်၊ ကနေ့ ညနေတော့ ဒီမှာပဲ စားသောက်ပြီးမှ ဟိုကို သွားကြတာပေါ့၊ နောက်နေ့တွေ ကျရင်တော့ ဒီမှာ လာစားရင် စား၊ မစားရင် ဟိုကိုလာပို့ပေးမယ်၊ ဟုတ်လား သမီး"

ထိုသို့ ပြောနေရာမှာ သူ့သမီး ကျင်ပန်းဘက်သို့ လှည့်ပြီး သဘောတူညီချက် တောင်းခံသည်။

သည်တော့ ကျင်ပန်းက ခေါင်းဆတ်ခနဲ ညိတ်လိုက်လေသည်။

"ကဲ ဒါဖြင့် သမီးတို့ စကားပြောနေကြဦး၊ ဖေဖေလဲ အောက်ဘက်တန်းလျား သွားလိုက်ဦးမယ်၊ ပြီးတော့ ဖေဖေ ချောင်းသာရွာဘက်လဲ သွားစရာ ရှိသေးတယ်၊ ညနေစာ စားချိန်မီအောင် ပြန်လာခဲ့မယ်"

ပြီး ကျင်စန်း၏အကြည့် ကျင်ပန်းထံ ရောက်ရှိသွားရကား…

"သမီး၊ တော်ကြာနေရင် ညစာအတွက် စီစဉ်ပါ၊ တို့အရပ်က အစားအစာတွေ လျှာလည်သွားအောင်ပေါ့ကွယ်"

ဟု ရယ်ရယ်မောမော ပြောဆိုလာလေသည်။



ကျင်စန်း၏ရယ်သံမှာ သက်ဝင်ခြင်း မရှိဘဲ ခြောက်ကပ်ကပ် ရှိလှသည်ဟု ဝမ်းရှ တွေးထင်မိလေသည်။

ထို့နောက် ကျင်စန်းသည် ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။

ဧည့်ခန်းထဲတွင် ဝမ်းရှနှင့် ကျင်ပန်းတို့နှစ်ဦးသာ ကျန်ရစ်ခဲ့လေသည်။

◆ ◆ ◆

ထိုအခိုက်မှာပင် အလျင်ဦးစွာ ခပ်လောလော လေသံဖြင့် ပြောဆိုလာသူမှာ ကျင်ပန်းပင် ဖြစ်လေတော့သည်။

ကျင်ပန်းက ဝမ်းရှထံ စူးစိုက်ကြည့်ရင်း...

"တန်းလျားမှာ မတည်းပါနဲ့ရှင်"

ထိုစကားကို ကြားလိုက်ရသည်နှင့် ဝမ်းရှ၏မျက်ခုံးအစုံ မြင့်တက်သွားရပြီး...

"ဘာဖြစ်လို့လဲ"

ထိုအမေးကြောင့် ကျင်ပန်းခမျာ ပြူးပြူးပျာပျာ ဖြစ်သွားရပြီး...

"အို ဘာမှ မဖြစ်ပါဘူး၊ မကောင်းပါဘူး"

သူမ၏ဟန့်တား တားမြစ်သည့်စကားကို ဝမ်းရှကြားလိုက်ရကာ မျက်မှောင်ကြုတ်သွားရပြီး...

"ဘာ မကောင်းတာလဲ"

ကျင်ပန်းမှာ ဝမ်းရှ၏အမေးကို မဖြေဘဲ ဆိတ်ငြိမ်နေလိုက်သည်။

"ဘာလဲ နတ်ဒေဝါတန်ခိုးနဲ့ ရုတ်တရက် ကိုယ်ပျောက်သွားမှာ စိုးလို့လား"

ကျင်ပန်းက အမေးကို ပြန်ဖြေခြင်း မရှိဘဲ ဝမ်းရှထံ လှမ်း



မေးလာသည်မှာ...

"အစ်ကိုကြီး တန်းလျားမှာ တည်းတာ ရည်ရွယ်ချက် ရှိသလား"

"ဆိုပါတော့"

"ကျင်ပန်း မသိရဘူးလား"

ထိုစဉ် ဝမ်းရှမှာ ကျင်ပန်း၏အမေးကို တုံ့ပြန်မဖြေသေးဘဲ ထိုင်ရာမှ ထပြီး ခြေတစ်လှမ်း နှစ်လှမ်း လျှောက်လိုက်ကာ ကျင်ပန်း၏မျက်နှာချင်းဆိုင်တွင် ရပ်လိုက်သည်။

"အဲဒီ တန်းလျားအကြောင်း ဘာသိသလဲ"

ထိုသို့ ဝမ်းရှက ကျင်ပန်းထံ အမှုစစ်သလို မေးလိုက်သည်။

သူ့အမေးကြောင့် ကျင်ပန်း ခေါင်းလေးငုံ့လျှိုးသွားရလေသည်။

ထိုအခါ ဝမ်းရှမှာ ကျင်ပန်း၏အားနည်းချက်ကို အခွင့်ကောင်းယူ၍ မေးခွန်းထပ်ထုတ်လိုက်လေသည်။

"ကောင်းပြီ၊ မင်းအဖေ အကြောင်းကော မင်း ဘာသိသလဲ"

ပြောလိုက်တော့ ကျင်ပန်းက မပွင့်တပွင့် လေသံဖြင့်...

"ဖေဖေက လူကောင်းပါ"

“ထားတော့၊ မင်းတို့က အဖေနဲ့ သမီးကိုး၊ ဒီနယ်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ မသိဘူးလား”

“ကျင်ပန်းက ပြည်မဘက် သွားနေတာ များပါတယ်”

“ဒါက စကားအရ ပြောတာပါ။ တကယ်တော့ မင်းသိပါတယ်၊ အားလုံး မသိတောင် အနည်းအပါးတော့ သိပါတယ်”

“ကျင်ပန်းကလဲ အဖေ့ကို ပြောပါတယ်၊ သူ့ဘက်က အကြောင်းပြတာတွေလဲ ရှိပါတယ်”

သည်တွင် ဝမ်းရှက ခေါင်းတစ်ချက် ညိတ်ကာ...

“ဒါပေ့ါလေ၊ ကိုယ့်ဘက်က ကြည့်ရင်တော့ မှန်နေကြတာပေါ့၊ တစ်ခုပဲ ရှိတယ်၊ ကိုယ့်ဘက်က လူနည်းစုလား၊ လူများစုလား ဆိုတာကို စဉ်းစားဖို့ပဲ”

ယင်းစကားကြောင့် ကျင်ပန်းမှာ ဘာတစ်ခွန်းမျှ မပြောတော့ဘဲ ဆိတ်ငြိမ်သွားရတော့သည်။

“ကျင်ပန်း သဘောကို ပြောရရင်တော့ အစ်ကိုကြီးကို တန်းလျားမှာ မတည်းစေချင်ဘူး၊ အစ်ကိုကြီးဟာ ကျေးဇူးရှင်ဆိုတော့ မျက်စိအောက်မှာဆိုရင် ကျင်ပန်း တာဝန်ယူနိုင်ပါတယ်”

ထိုသို့ ပြောလာတော့ ဝမ်းရှမှာ အဓိပ္ပါယ်ပါပါ အပြုံးတစ်ချက် ပြုံးလိုက်မိလေတော့သည်။



ဝမ်းရှက ခံပြင်းကြေကွဲသံဖြင့်...

“ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မင်းတစ်ခု မေ့နေတယ်၊ ကိုယ့်မှာ တာဝန်တွေ ရှိသေးတယ်”

ကျင်ပန်းက ခပ်လောလော လေသံဖြင့်...

“ကျင်ပန်း တစ်ခု တောင်းပန်ပါရစေ”

“ဘာလဲ”

“ပြီးတာတွေ ပြီးပါစေတော့”

ထိုစကားကြောင့် ဝမ်းရှ၏မျက်နှာပေါ်တွင် မကျေမနပ် အရိပ်အယောင်များ ရုတ်ခြည်းဆိုင်းထင်သွားရပြီး...

“ကိုယ့်ဘက်ကနေ ကြည့်ပါ။ သူငယ်ချင်းမိသားစု”

သည်တွင် ကျင်ပန်းကလည်း စိတ်မကောင်းသော လေသံဖြင့်...

“ကျင်ပန်းလဲ စိတ်မကောင်းပါဘူး၊ အစ်ကို့ရဲ့ သူငယ်ချင်းကို လေးစားပါတယ်၊ ဆန်ကြူးဝေကိုလည်း ကျင်ပန်း ချစ်ပါတယ်”

ကြည့်ရသည်မှာ ကျင်ပန်း၏အမူအရာတို့မှာ တကယ်ပင် စိတ်မကောင်းဟန် ရှိပုံ ပေါ်ပေါက်နေလေသည်။

ထို့နောက် ဝမ်းရှသည် ထိုင်ခုံတွင် ပြန်လည်ဝင်ထိုင်လိုက်လေသည်။

"ကဲ ပြောစမ်းပါဦး၊ သူတို့မောင်နှစ်မ ပျောက်သွားတာက ဒီလောကကြီးထဲကနေ တသ်ခါတည်း ပျောက်သွားတာပဲလား"

မေးလိုက်တော့ ကျင်ပန်းက ခေါင်းကို ခါယမ်းလိုက်ကာ...

"ကျင်ပန်းက ဘယ်လိုလုပ်ပြီ သိနိုင်မလဲ"

"ဟုတ်ပြီလေ၊ ဒါတွေ ထားပါတော့၊ ကျုပ်ကိစ္စနဲ့ ကျုပ်ပဲ ရှိပါစေ၊ ဒီအထဲမှာ မင်း ဘာမှဝင်မပါနဲ့၊ မင်းအနေနဲ့က မသိလိုက်၊ မသိဘာသာပဲ နေတာ ကောင်းပါတယ်၊ မင်းနဲ့ ပေ့နန်းဟာ လှတာချင်းလဲ တူတယ်၊ သတ္တိရှိတာချင်းလဲ တူတယ်၊ အဲ မတူတာ တစ်ခုပဲ ရှိတယ်၊ မင်းဟာ သံမဏိလက်ဝါးကျင်စန်းရဲ့သမီး ဖြစ်နေတယ်"

သူမသည် ပေ့နန်းဟူသော အမည်ကို ကြားလိုက်ရသော အခါ ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။

သူမ၏မျက်နှာထား တင်းသွားရလေသည်။

ထို့နောက် သူမက ဝမ်းရှအား စိုက်ကြည့်ကာ...

"သူက ကျင်ပန်း အကြောင်း ဘာတွေ ပြောသလဲ"

ထိုစဉ် ဝမ်းရှက မသိကျိုးကျွန် ပြုဟန်ဖြင့် သူမထံ ခပ်တည်တည် စိုက်ကြည့်ရင်း...

"သူဆိုတာ ဘယ်သူလဲ"

သိလျက်နှင့် မေးလာသည်မို့ သူမ မျက်နှာ အနည်းငယ်



တင်းမာသွားရကာ...

"ဘယ်သူကမှာလဲ အစ်ကိုကြီးရဲ့ ပေ့နန်းပေါ့"

ဝမ်းရှက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"ကျုပ် ပေ့နန်း မဟုတ်ပါဘူး၊ ကျုပ်နဲ့ သူ တွေ့ဖူးတာက တစ်မနက်ပဲ ရှိသေးတယ်၊ အမိန့်ကမှ တစ်ညနေနဲ့ တစ်ညလုံးလုံး"

ထိုသို့သော စကားကြောင့် သူမ၏မျက်နှာပြင်မှာ ရှက်သွေးလွှမ်းသွားရလေသည်။

"ကျင်ပန်းက အိမ်ရောက်ရောက်ချင်း ဖေဖေ့ကို အစ်ကိုကြီး အကြောင်း ပြောပြတယ်၊ အစ်ကိုကြီးက လူတစ်မျိုးလို့၊ သူများ ကျေးဇူးဆပ်တာ မခံဘူးလို့၊ အိမ်ကို ခေါ်လို့ မရဘူး၊ ဒီတော့ ဖေဖေက အစ်ကိုကြီးကို သိပ်စိတ်ဝင်စားသွားတယ်၊ ယောကျ်ားဆိုတာ ဒီလိုမှပေါ့တဲ့၊ အဲဒီအချိန်မှာ ကင်းသမားတစ်ယောက် အစ်ကိုကြီး အပ်သွားတဲ့ ဓားတစ်လက် လာပို့တယ်၊ ပြီးတော့ အစ်ကိုကြီး ပေ့နန်းနဲ့ ပါသွားတဲ့အကြောင်း သတင်းလာပို့တယ်၊ ဒီတော့ ဖေဖေက အစ်ကိုကြီးဆီကို ဓားနဲ့ မြင်းပို့ပြီး အခေါ်ခိုင်းတာ၊ အစ်ကိုကြီး လိုက်မလာတော့ ခုနက ကျင်ပန်းက လိုက်လာမလို့"

"ပေ့နန်းတို့ အိမ်ကို"

ပြောတော့ ကျင်ပန်းက ခေါင်းဆတ်ခနဲ ညိတ်ငြိက်ပြီး...

"အင်းပေါ့"

"အဝင်အထွက် ရှိလို့လား"

"ပေ့နန်းတို့အဖေဟာ တစ်နယ်လုံး လေးစားရတဲ့ သိုင်းသင်တန်းကျောင်းအုပ်ကြီးပါ၊ ပြီးတော့ ပေ့နန်းကလဲ တစ်နယ်လုံးက ချစ်ရတဲ့ စေတနာကျောင်းဆရာမလေးတစ်ဦးပါ၊ ကျင်ပန်းကတော့ အစ်ကိုကြီး ပြောသလို သံမဏိလက်ဝါးကျင်းစန်းရဲ့သမီးပဲပေါ့၊ ငယ်ငယ်တုန်းကတော့ ကျင်ပန်းရယ်၊ ပေ့နန်းရယ်၊ ဆန်ကြူးဝေရယ်ဟာ အချစ်ဆုံး သူငယ်ချင်းသုံးယောက်ပဲပေါ့၊ ပေ့နန်းက အသက်နည်းနည်းကြီးတယ်၊ အစ်မကြီးဆန်တယ်၊ ဆန်ကြူးဝေက အငယ်ဆုံး နွဲ့ဆိုးဆိုးချင်တယ်၊ ကျင်ပန်းက အလတ်ပေါ့၊ အလတ်ဆိုတာ တစ်ခါတစ်ခါမှာ ကြားချောင်လပ်နေတတ်တယ် မဟုတ်လား၊ အစ်ကိုကြီး"

ပြောပြီး ကျင်ပန်းက မပွင့်တပွင့်လေး ရယ်မောသည်။

သို့သော် ဝမ်းရှ မရယ်ပါချေ။

ဝမ်းရှက ကျင်ပန်း၏ဆိုစကားကို လေးလေးနက်နက် စဉ်းစားဆင်ခြင်၍ နေဟန်ရှိသည်။

ဤသူတွေ၏နောက်ကြောင်းသည် အများကြီး စိတ်ဝင်စားဖွယ်ရာ ရှိလိမ့်မည်။

တဖြည်းဖြည်း မေးမြန်းစုံစမ်းရမည်။



ထိုစဉ် ဝမ်းရှသည် ဘီလူးတို့အဖွဲ့ ပြန်ပေးဆွဲသည့် ကိစ္စကို သတိရမိလိုက်သဖြင့် သူမကို ကြည့်ရင်း...

"ဘီလူးအဖွဲ့နဲ့ ပတ်သက်ပြီး မင်းတို့အဖေက ဘာပြောသလဲ"

"စိတ်ဆိုးတာပေါ့"

"ဘာမှ မလုပ်ဘူးလား"

"ဘယ်နေမလဲ"

"ဘာလုပ်မယ် ထင်သလဲ၊ စီစဉ်ကော စီစဉ်ပြီးပြီလား"

ထိုအခါ ကျင်ပန်းက ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ...

"မလုပ်သေးပါဘူး၊ သူ့လူတွေနဲ့ တိုင်ပင်တုန်းပါ"

"မနေ့ကကော သူတို့ ဘာလုပ်သလဲ"

"ကျင်ပန်းတို့ကို ဘီလူးထံမှာ ချွေးဖို့ လုပ်နေတုန်း ကျင်ပန်းတို့ ထွက်သွားတာကို ဖေဖေတို့ သိတယ်၊ ဒါကြောင့် လိုက်ရှာကြရသေးတယ်၊ ဘီလူးအဖွဲ့ရဲ့လူတွေနဲ့ တိုက်ကြရသေးတယ်လို့ ပြောတယ်"

ဝမ်းရှက ခေါင်းညိတ်လိုက်ပြီး...

"ဟို အဘိုးကြီး အဘွားကြီးနဲ့ ပတ်သက်လို့ကော မင်းအဖေ ဘာပြောသေးသလဲ"

ယင်းအမေးကြောင့် ကျင်ပန်းမှာ မျက်မှောင်ကြုတ်လိုက်ကာ...

"ဘယ်အဘိုးကြီး အဘွားကြီးလဲ"

"အဘိုးလေခွင်းဓားနဲ့ အဘွားကြီးကူးမေလေ"

"ဩော် မပြောပါဘူး၊ အဲဒီ အဘိုးကြီးကလဲ အနောက်ဘက်တစ်လွှားမှာတော့ အတော်သြဇာရှိတဲ့ အဘိုးကြီးပဲ၊ ငယ်ငယ်တုန်းက သိပ်သတ္တိရှိတာဆိုပဲ၊ အခုတော့ ဆေးဆရာ လုပ်နေတယ်လေ"

"အင်း ဒီနယ်က လူတွေကတော့ ထိတ်ကြီးပါလား"

ထိုအချိန်တွင် ကျင်ပန်းက ဘာမျှ ပြန်မပြောဘဲ ဝမ်းရှကို အတန်ကြာမျှ ငေးစိုက်ကြည့်နေရာမှ သတိရသွားဟန်ဖြင့် အကြည့်လွှဲလိုက်လေသည်။

ပြီး သူမထိုင်ရာမှ ထလိုက်သည်။

"အစ်ကိုကြီး ခဏနေဦးနော်၊ ကျင်ပန်း ညစာအတွက် သွားစီစဉ်လိုက်ဦးမယ်၊ ညကလဲ တစ်ညလုံး မအိပ်ရဘူး၊ ကျင်ပန်း အခန်းမှာပဲ အိပ်ပေါ့၊ စိတ်ချလက်ချ အိပ်နိုင်ပါတယ်၊ ဘာမှလဲ အားနာစရာမရှိပါဘူး"

"ကိစ္စမရှိပါဘူး၊ မအိပ်ပါဘူး၊ ကျင်ပန်း လုပ်စရာရှိတာ လုပ်ပါ၊ ကျုပ်ဟာ ကျုပ်နေပါ့မယ်"



ထို့နောက် ကျင်ပန်းသည် အိပ်ခန်းအတွင်းသို့ လှမ်းဝင်သွားလေသည်။

ကွမ်းတစ်ယာညက်ခန့် ကြာသွားသောအခါ ကျင်ပန်း အိမ်အတွင်းအခန်းမှ ပြန်ထွက်လာလေသည်။

ထိုအချိန်တွင် စောစောက ထိုင်ခုံတစ်လုံးတွင် ထိုင်နေသော ဝမ်းရှမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လျက် ရှိသည်ကို တွေ့လိုက်ရလေသည်။

ကျင်ပန်းက အိပ်ပျော်နေသော ဝမ်းရှကို မဲ့ပြလိုက်လေသည်။

ထို့နောက်တော့ သူမသည် ချက်ရေးပြုတ်ရေး အမှုများကို ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်လုပ်ကိုင်သည်။

ကျင်ပန်း လှုပ်နိုးလာသဖြင့် ဝမ်းရှ နိုးထလာရလေသည်။

"ဘယ့်နှယ်လဲ မအိပ်သေးဘူးဆိုတဲ့လူက၊ မနိုးများ မနိုးရင် မနက်မိုးလင်းတောင်မှ နိုးပါ့မလား"

"ဘယ်အချိန် ရှိပြီလဲ"

"ညစာစားဖို့ အချိန်ရောက်နေပြီလေ"

သည်တွင် ဝမ်းရှမှာ ထိုင်ရာမှ ထလိုက်ပြီး ခါးတစ်ချက်ဆန့်လိုက်ကာ သူမထံ အကြည့်ရောက်၍...

"ကျင်ပန်းတို့အဖေကော"

"အဖေက အလုပ်ကိစ္စ မပြတ်လို့ ညစာ အချိန်မီ ရောက်မလာတာ ခွင့်လွှတ်ပါတဲ့၊ လူတစ်ယောက် လွှတ်ပြီး ပြောခိုင်းလိုက်ပါတယ်၊ အဲဒီ လူကပဲ အစ်ကိုကြီး ညစာစားပြီးရင် တန်လျားကို ခေါ်သွားလိမ့်မယ်"

"ဘယ်မှာလဲ အဲဒီလူ"

သူမက ဧည့်ခန်း အပြင်ဘက်သို့ မေးငေါ့ထိုးပြလိုက်လေသည်။

ထိုအခါ ဝမ်းရှက ပြတင်းပေါက် အနားသို့ လျှောက်သွားလေသည်။

ထိုစဉ် ဆင်ဝင်အောက်တွင် ရပ်ထားသော သူ၏ မြင်းဖြူကြီး အနားတွင် မိန်းကလေးတစ်ယောက် ရှိနေသည်ကို သူမြင်တွေ့လိုက်ရသည်။

ပြီး ထိုမိန်းကလေး အနားတွင် အချိုးအစား မကျသော လူပုတစ်ယောက် မတ်တတ်ရပ်နေလေသည်။

သည်နောက် ဝမ်းရှသည် ကျင်ပန်းဘက်သို့ ပြန်လည်ရောက်လာပြီး...

"ဟုတ်ပြီလေ၊ ဒါဖြင့် ညစာစားကြမယ်"



သည်တွင် သူမက နဖူးရေလေး တွန့်ကြည့်လိုက်ကာ...

"အစ်ကိုကြီး ရေချိုးလိုက်ပါဦးလား၊ လန်းသွားအောင်ပေါ့ မချမ်းတော့ပါဘူး"

သည်တစ်ကြိမ်တော့ သူက သူမ၏အကြံပေးချက်ကို လက်ခံလိုက်လေသည်။

တကယ်လည်း သူမ ပြောသည့်အတိုင်းပင် ရေချိုးပြီးသောအခါ အများကြီး လန်းဆန်းသွားသည်ကို ကြုံတွေ့လိုက်ရသည်။

ညစာစားသောက်ဝိုင်းတွင် စားသောက်ရင်း စကားအထူးအတွေ မပြောကြ၊ ပြောမိကြသော်လည်း ဟင်းလျာများအကြောင်းသာ ဆွေးနွေးကြသည်။

ပြောရမည်ဆိုလျှင် ဝမ်းရှ အရပ်တကာကို ရောက်ဖူးသည်။ ဟင်းလျာမျိုးစုံ စားခဲ့ဖူးလေသည်။

သူက စားသောက်သည့် အရာဆိုလျှင် ဘာမဆို စားသည်။ ကြိုက်သည့် လူစားမျိုးပင်တည်း။

ညစာစားသောက်ပြီး သူ့ကို စောင့်ဆိုင်းနေသော လူပုလေးထံ လျှောက်လှမ်းလာခဲ့သည်။

သူ့နောက်ဘက်မှ သူမက ထပ်ကြပ်မကွာ လိုက်ပါလာသည်။

သူတို့နှစ်ယောက် အိမ်ထဲမှ ထွက်လာသည်ကို မြင်သော အခါ အသင့်စောင့်ဆိုင်းနေသည့် လူပုလေးက မြင်းဖြူကြီးကို ကမန်းကတန်း ကြိုးဖြေပြီး ဝမ်းရှကို မြင်းဇောင်းမှ မြင်းဇက်ကြိုးကို လှမ်းပေးလိုက်သည်။

ထို့နောက် လူပုလေးသည် သူ့မြင်းပိန်လေးကို ကြိုးဖြုတ်လိုက်သည်။

သို့နှင့်...

ဝမ်းရှနှင့် လူပုလေးတို့ မြင်းကိုယ်စီဖြင့် စိုင်းနှင်လာခဲ့ကြတော့သည်။

◆ ◆ ◆



သူတို့နှစ်ဦး ပန်းခြံကို ကွေ့ပတ်ကျော်လိုက်သည်နှင့် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကို မြင်တွေ့လိုက်ရသည်။

ခြံဝင်းပေါက်၏ တံခါးမကြီး ဖွင့်ဟနေခြင်းပင် ဖြစ်လေသည်။

ဝမ်းရှက...

"တံခါးကြီး ပွင့်လို့ပါလား၊ ရှေ့မှာလဲ လူတွေစုံလို့ပါလား"

ဟု ပြောလိုက်လေသည်။

လူပုလေးမှာ ဘာမှ ပြန်မပြောဘဲ မြင်းကို စိုင်းနှင်၍ ဖွင့်ဟနေသော ခြံတံခါးဝဆီသို့ ရွေ့လျားသွားလေသည်။

ဝမ်းရှလည်း လူပုလေးနောက်ကို ထက်ကြပ်မကွာ စိုင်းနှင်လိုက်ပါသွားသည်။

မြင်းနှစ်စီး ဒုန်းစိုင်းဝင်ရောက်သဖြင့် တံခါးတွင် စုပြုံလျက်ရှိသော လူအုပ် ဘေးသို့ အနည်းငယ်ကျဲသွားသည်။

"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

ဟု လေသံ ခက်ထန်မာကျောစွာဖြင့် မေးလိုက်သည်။

"ဘာမှ မလုပ်ပါဘူး"

လူကြီးတစ်ယောက်က မရဲ့မရဲ ဖြေလာသည်။

လူပုလေးက ဒေါသသံဖြင့်...

"ဘာမှ မလုပ်ဘဲနဲ့၊ ဘာလို့ စုစု စုစုလုပ်နေကြတာလဲ"

"တံခါးမကြီး ပွင့်နေလို့ ကြည့်နေတာပါ"

"ခင်ဗျားတို့ တော်တော် အလုပ်မရှိ အလုပ်ရှာတဲ့ လူတွေပဲ၊ တံခါးပွင့်တာပဲ ဝိုင်းကြည့်နေသလား"

ထိုသို့ လူပုလေးက ခါးထောက်၍ ငေါက်ဆတ်ဆတ် ပြောလိုက်သောအခါ စုပြုံနေကြသော လူများ အလျိုလျို ပျောက်သွားကြလေသည်။

ထိုစဉ် ဝမ်းရှက လူပုလေးကို မနှစ်မြို့သော လေသံဖြင့် စကားစလိုက်ရာ...

"ဒီမယ် ဟေ့လူ"

ဟု ခေါ်လိုက်တော့ လူပုလေးမှာ စောစောက အမူအရာနှင့် ဆန့်ကျင်ဘက်ပြုကာ ကျိုးကျိုးနွံနွံ ပြန်ထူးလာသည်။

"ဟုတ်ကဲ့ ဆရာ"

"ဒီတံခါးကြီး ပွင့်နေတာ သူတို့ မပြောနဲ့ ကျုပ်တောင် ဆန်းနေတယ်၊ ဆယ့်နှစ်ရာသီ ပိတ်ထားတဲ့ တံခါးကြီး အခုမှ ဘာဖြစ်လို့ ပွင့်နေရသလဲ၊ အစောင့်တွေလဲ တစ်ယောက်မှ မရှိပါလား"

ထိုသို့ သူလှမ်းမေးလိုက်တော့ လူပုလေးက...

"ခြံထဲမှာရော၊ တန်းလျားမှာရော၊ ဘယ်သူမှ မရှိပါဘူး၊



ဆရာတစ်ယောက်ထဲ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

"ဘယ်သူမှ မရှိဘူး၊ ဟုတ်လား"

လူပုလေးက ခေါင်းဆတ်ခနဲ ညိတ်လိုက်ကာ...

"ဟုတ်ကဲ့၊ ဘယ်သူမှ မရှိပါဘူး"

"ဘယ်သွားကြသလဲ"

"ဌာနအဆောက်အအုံမှာ သွားနေကြတယ်"

"ဩော် အဲဒီ အဆောက်အအုံခွဲက ဘယ်မှာလဲ"

"ဒီကနေ ဆယ့်ခြောက်လီဝေးတဲ့ စမ်းရေတွင်းမှာပါ"

ဝမ်းရှ မျက်မှောင်ကြုတ်၍ တွေးတောစဉ်းစားလိုက်ပြီးနောက်...

"ဒါလဲ ဆန်းတာပဲ"

"ဟုတ်ကဲ့"

"ဘာ ဟုတ်ကဲ့လဲ"

"မဟုတ်ပါဘူး ခင်ဗျ"

ဝမ်းရှက လူပုလေးကို စေ့စေ့စိုက်ကြည့်မိလိုက်လေ၏။

လူပုလေးမှာ သူ့ကို မထီမဲ့မြင် ပြုနေဟန်မရှိ၊ တကယ်ပင် လေးစားကြောက်ရွံ့ဟန် ရှိနေကြောင်း ဝမ်းရှ အကဲခတ် သိရှိလိုက်ရလေသည်။

"ဒါတွေ အားလုံး ဘယ်သူစီစဉ်တာလဲ"

"သခင်ကြီးပါ"

"ကောင်းပြီ၊ သွားကြစို့"

ထိုသို့ ပြောဆိုပြီးနောက် ဝမ်းရှက သူ၏မြင်းဖြူကြီး၏ တင်ပါးကို ဖနောင့်နှင့် တို့နှင်လိုက်လေသည်။

အမှောင်ထုက တဖြည်းဖြည်း လွှမ်းခြုံလာပြီမို့ ဝန်းကျင် တစ်ခုလုံး မှုန်ရီပိုးတဝါး ရှိလာရသည်။

တန်းလျားအဆောက်အအုံနှင့် အတန်ငယ် နီးလာသော အခါ လူပုလေးမှာ ရှေ့က အလျင်သွားလေသည်။

ဝမ်းရှမှာ လူပုလေး၏လှုပ်ရှားမှုကို အရိပ်အခြည်မပြတ် ဂရုပြုရင်း ခပ်မှန်မှန် လိုက်သွားလေသည်။

ဝမ်းရှ တန်းလျားအဆောက်အအုံရှေ့ အရောက်တွင် ဆင်ဝင်အောက်၌ မီးလင်းလက်လာသည်။

ထို့နောက် ဆက်၍ အောက်ထပ် မီးပွင့်များ တညီတညွတ် တည်း လင်းလက်လာလေသည်။

ဝမ်းရှ မြင်းပေါ်မှ မဆင်းသေးဘဲ တန်းလျားအဆောက် အအုံကြီးကို လှမ်း၍ အကဲခတ် ကြည့်ရှုနေမိလေသည်။

ထိုအချိန်တွင် လူပုလေးက အိမ်ထဲမှ လှမ်းထွက်လာပြီး...



"ဆရာ အိမ်ထဲကို ကြွပါ"

ထို့နောက် လူပုလေးက ရှေ့က ဦးဆောင်၍ အိမ်ထဲသို့ လှမ်းဝင်သွားလေသည်။

သူက နောက်ကနေ၍ ထက်ကြပ်မခွာ လိုက်ပါသွားသည်။

အိမ်ထဲရောက်တော့ ကျယ်ဝန်းသော ဧည့်ခန်းကျယ်ကြီးကို တွေ့မြင်လိုက်ရသည်။

လူပုလေးက...

"ကြွပါ ဆရာကြီး၊ ဆရာကြီးဖို့ အခန်းကို သွားလို့လာလို့ လွယ်ကူအောင် အောက်ထပ်မှာပဲ စီစဉ်ထားပါတယ်"

ထိုသို့ ပြောဆိုရင်း လူပုလေးက သူ့ကို ဧည့်ခန်းနှင့် ကပ်လျက်ရှိသော အခန်းငယ်တစ်ခုကို ဖွင့်ပြသည်။

အခန်းထဲတွင် ခုတင်တစ်လုံး၊ ထိုင်ခုံတစ်လုံးနှင့် စားပွဲတစ် လုံး ရှိသည်ကို သူလှမ်းမြင်တွေ့လိုက်ရလေသည်။

လူပုလေးက...

"ဒီအခန်းကို ဆရာကြီး မကြိုက်ရင် ကြိုက်တဲ့အခန်းကို ပြောပါ"

ပြောလာတော့ ဝမ်းရှက လူပုလေးထံ ငုံ့ကြည့်ရင်း လှမ်းမေး လိုက်သည်။

"မင်းက ဘယ်မှာ အိပ်သလဲ"

လူပုလေးက...

"ဆရာကြီး အလိုရှိတယ်ဆိုရင်တော့ ကျွန်တော်က မြင်းဇောင်းမှာ အိပ်ပါ့မယ်၊ ဆရာကြီးတစ်ယောက်ထဲ အေးအေးဆေးဆေး နေချင်တယ်ဆိုရင်တော့ ကျွန်တော်စမ်းရေတွင်းကို ပြန်ပါ့မယ်"

လူပုလေး ဆိုစကားကို ကြားလိုက်ရသည်နှင့် သူလျင်မြန်စွာ ဆုံးဖြတ်ဖို့ လိုလာသည်။

သူတစ်ယောက်တည်းနေလျှင် ကောင်းမလား၊ လူပုလေးကိုပဲ ချောဆွဲထားရကောင်းမလား၊ နောက်ဆုံးတော့ တစ်ယောက်တည်းနေရန် ဆုံးဖြတ်ရင်း...

"ကောင်းပြီလေ၊ မင်းပြန်တော့"

"ဟုတ်ကဲ့၊ ဆရာကြီးအတွက် ဘာလုပ်ပေးခဲ့ရဦးမလဲ"

"မလိုတော့ပါဘူး"

ဟု ပြောလိုက်လျှင် လူပုလေး အနေနှင့် ပြန်ဖို့ ဖြစ်သော်လည်း မပြန်သေးဘဲ သူ့အနားမှာ ငိုင်တွေတွေ ရပ်နေလေသည်။

ဝမ်းရှက လူပုလေးထံ လှမ်းမေးလိုက်၏။

"ဘာပြောစရာ ရှိလို့လဲ"

"မ..မရှိပါဘူး"



"ဒါဖြင့် သွားတော့လေ"

လူပုလေးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ကဲ့"

ဟု ဆိုလိုက်ပြီး ထိုနေရာမှ မထွက်ခွာဘဲ ရပ်မြဲရပ်နေလေသည်။

ထိုစဉ် ဝမ်းရှက စိတ်မရှည်ဟန်ဖြင့်...

"ဘာလဲ ဒီအိမ်ကြီးက တစ္ဆေခြောက်တယ် ပြောမလို့လား"

မေးလိုက်ရာ လူပုလေးမှာ ကြောက်ရွံ့ရွံ့ လေသံဖြင့်...

"ဆရာကြီး မကြောက်ဘူးလား"

"မင်းတို့တောင် နေရဲကြသေးတာပဲ"

"ကျွန်တော်တို့က လူအများကြီး စုနေတာပဲ၊ ဘယ်တော့မှ တစ်ယောက်တည်း နှစ်ယောက်တည်း မနေဘူး"

ထိုအခါ ဝမ်းရှက ခနဲ့ပြုံး ပြုံးလိုက်ကာ...

"တော်တော်သတ္တိကောင်းတဲ့ လူတွေပဲ၊ ဒါနဲ့ ပြောစမ်းပါဦး၊ မင်းတို့ ဒီအိမ်ကြီးမှာ တစ္ဆေ ဘယ်နှစ်ယောက် သွတ်သွင်းထားပြီလဲ"

"ခင်ဗျာ"

ဟု ဆိုရင်း လူပုလေး နားလည်သဘောမပေါက်ဟန်ဖြင့် ဝမ်းရှထံ လှမ်းကြည့်လာလေသည်။

ဝမ်းရှက အစိပ္ပါယ်ပါပါ ပြုံးလိုက်ကာ...

"မင်းတို့ ဒီအိမ်ကြီးမှာ လူဘယ်နှစ်ယောက် သတ်ထားသလဲလို့ မေးတာပါ"

သည်တော့ လူပုလေးက ခေါင်းတွင်တွင် ခါယမ်းလိုက်ကာ..

"မ..မသတ်ပါဘူး"

ဟု ဆိုပြီး သူ့မြင်းပိန်လေးပေါ် တက်ပြီး တစ်ချိုးတည်း စိုင်းနှင်ထွက်ခွာသွားလေသည်။

"ဟင်း..ဟင်း"

ဝမ်းရှမှာ ပြုံးရယ်လိုက်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဆောက်အအုံကြီးတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆



ဇာမဏီသိုင်းသမားဝမ်းရှသည် အခန်းစစ်ဆေးမှု စတင်လှုပ်ရှားလေသည်။ ထိုအခိုက်မှာပင်...

"ဂျိုင်း"

"ဟင်"

သူ၏နောက်မှ အသံကြီးတစ်ခု ရုတ်တရက် ပေါ်ထွက်လာသည်ကို သူကြားလိုက်ရသဖြင့် အံ့ဩထိတ်လန့်သွားရလေသည်။

ထိုအသံ ထွက်ပေါ်လာရာဆီသို့ ကမန်းကတန်း ထွက်ကြည့်မိလိုက်သည်။

အခန်းအပြင်ရောက်တော့မှ မျက်နှာချင်းဆိုင် အခန်းပြတင်းပေါက်တံခါးမှာ အပြင်ဘက်မှ လေပြင်း တိုက်ခိုက်မှုကြောင့် ဂျိုင်းခနဲ ပိတ်သွားခြင်း ဖြစ်လေသည်။

ထိုအခန်းသို့ ဝင်ရောက်လိုက်ပြီးနောက် ယင်းတံခါးကို ကလန့်ထိုး ပိတ်လိုက်လေသည်။

ထိုအခါ တစ်အိမ်လုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားရပြန်လေသည်။ ထိုစဉ်မှာပင်...

"ဖပ်..ဖပ်..ဖပ်"

"ဟင် လူတစ်ယောက်ရဲ့ ခြေဖျော့နင်းလာတဲ့ ခြေသံပါလား"

ဝမ်းရှ၏နားအစုံမှာ လူတစ်ဦးတစ်ယောက်၏ ခြေဖော့နင်းလာသံကို ကြားလိုက်ရပြန်သည်။

ပြီး လူနှစ်ယောက် တိုးတိုးတိတ်တိတ် ပြောဆိုနေသလို အသံဗလံများ ကြားလိုက်ရပြန်လေသည်။

ဝမ်းရှသည် မျက်မှောင်ကြုတ်ရင်း တစ်အိမ်လုံးကို လိုက်လံစစ်ဆေးလိုက်လေသည်။ သို့သော် ဘာမျှ မတွေ့ရချေ။

"အင်း ငါတစ်ယောက်တည်း ရှိနေလို့ စိတ်ချောက်ချားပြီး ဒီအသံတွေ အလိုလို ကြားမိတာပဲ ထင်ပါတယ်"

ယင်းသို့ တွေးတောပြီး သဘောကျစွာဖြင့် ပြုံးစိလိုက်လေသည်။

အောက်ထပ်တွင် ဘာမျှ ထူးခြားမှု မရှိသဖြင့် အပေါ်ထပ်သို့ တက်ရောက်စစ်ဆေးရန်အတွက် နောက်ဘက်လှေကားမှတစ်ဆင့် တက်ရောက်လာခဲ့သည်။

သူအပေါ်ထပ်သို့ ရောက်သောအခါ လိုက်လံစစ်ဆေးကြည့်ရှုလိုက်သောအခါ အခန်းတစ်ခန်း သော့ပိတ်ထားသည်မှအပ ဘာမျှ ထွေထွေထူးထူး မရှိချေ။

◆ ◆ ◆



## မိန်းကလေး

သော့ပိတ်ထားသော အခန်းတစ်ခန်းပင် ဖြစ်လေသည်။

သူ၏စိတ်ထဲတွင် ထိုအခန်း၌ မည်သည့် ထူးခြားမှုများ လျှို့ဝှက် ရှိနေသည်ဟု သိလိုစိတ် ပြင်းပြလာသကဲ့သို့ ထိုသော့ပိတ်ထားသော အခန်းကို သူဖွင့်ရန် ကြိုးစားကြည့်သည်။

ဝမ်းရှ စဉ်းစားမိသည်ကား အခန်းထဲတွင် စိတ်ဝင်စားဖွယ်ရာ တစ်ခုခုကိုလည်း သူတို့ ထားမည်မထင်။

ဝမ်းရှတစ်ယောက် သော့ခတ်ထားသည့် အခန်းရှေ့၌ အတွေးပွားနေခိုက်...

"အား"

အောက်ထပ်မှ မချော်လင့်သော မိန်းကလေးတစ်ဦး၏ ထိတ်လန့်ချောက်ချားဖွယ်ရာ စူးစူးရှရှ အော်သံကြီး ကြားလိုက်ရသဖြင့် အောက်ထပ်သို့ ကမန်းကတန်း ပြေးဆင်းလာခဲ့ရသည်။

သူ ဧည့်ခန်းထဲသို့ ရောက်သောအခါ...

"ဟင်..မင်း..မင်း"

အကြောင်းမှာ ဧည့်ခန်းထဲ၌ မိန်းကလေးတစ်ယောက် တုန်လှုပ်ချောက်ချားလျက် ရှိသည်ကို လှမ်းမြင်တွေ့လိုက်ရလေသည်။

တစ်ခြားမိန်းကလေး မဟုတ်ဘဲ ပေ့နန်း ဖြစ်နေသောကြောင့်ပင်။

ဝမ်းရှက ပေ့နန်းကို စိုးရိမ်တကြီးဖြင့်...

"ပေ့နန်း..ပေ့နန်း"

ပေ့နန်းက ဝမ်းရှကို လှမ်းမြင်တွေ့လိုက်ရသဖြင့် သူမရင်မှ ကြောက်ရိပ်များ လွင့်စဉ်သွားရပြီး ခေါင်းတစ်ချက်ယမ်းလိုက်ကာ...

"ဘာ..ဘာမှ မဖြစ်ပါဘူး အစ်ကို"

"စောစောက အော်လိုက်တာ ပေ့နန်း မဟုတ်ဘူးလား"

"ဒီကို ဘယ်လို ရောက်လာပြီး ဘယ်လို ဖြစ်လို့လဲ"

ပေ့နန်းက...

"ပေ့နန်း၊ ဒီအိမ်ရှေ့ခန်းထဲ ဝင်လာတော့ ဘာမှမရှိဘူး၊



ထိုင်ခုံတွေ၊ နံရံနဲ့ ဗီရိုတွေ ရှိနေတာကို တွေ့ရတယ်၊ ဘယ်လိုမှန်း မသိဘူး၊ စိတ်ထဲမှာ လူတွေ ညှဉ်းဆဲခံရတာ၊ အသတ်ခံရတာတွေ မျက်စိထဲမှာ သွေးသံရဲရဲတွေ ရှုပ်ရှုပ်ထွေးထွေး ကြားလာမြင်လာတယ်၊ စိတ်ထဲအလိုလို ကြောက်စိတ်ဝင်လာတယ်၊ အချိန်အနည်းငယ် အတွင်းမှာ ဖြစ်တာပဲ၊ ဒါနဲ့ လန့်အော်မိတယ်"

သူမ၏စကားကို ဝမ်းရှ ဆုံးအောင် နားထောင်ပြီးနောက် ခေါင်းတစ်ချက်ညိတ်လိုက်ကာ...

"အစ်ကိုကြီးကို လူတစ်ယောက် လိုက်ပို့တယ်ဆို"

ဝမ်းရှက...

"ပြန်လွှတ်လိုက်ပြီ"

"ဒါဖြင့် အစ်ကိုကြီးတစ်ယောက်တည်းပေါ့"

မေးလာတော့ ဝမ်းရှက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီးတော့...

"အင်"

ထိုစဉ် ပေ့နန်း အံ့ဩသွား၏။

"သူတို့ တစ်ယောက်မှ မရှိကြဘူးလား"

ဝမ်းရှက ခေါင်းခါယမ်းလိုက်ရင်း...

"အခုထိတော့ တစ်ယောက်မှ မတွေ့သေးဘူး"

"ဒါဘာသဘောလဲ"

"ကျွန်တော်လဲ စဉ်းစားနေတာပဲ"

"ဒီကိစ္စကို တစ်မြို့လုံးလဲ အံ့သြနေတယ်၊ ခြံဝင်းကြီးတံခါး ဖွင့်ထားတယ်၊ ဟိုကောင်တွေ တစ်ကောင်မှ မရှိတော့ဘူး၊ ဧည့်သည် တစ်ယောက်တည်း ရှိတယ်၊ ဘာတွေ ဖြစ်ကုန်သလဲ မသိဘူးပေါ့"

ထိုစဉ် ဝမ်းရှုက သူမထံ မျက်မှောင်ကြုတ်၍ စိုက်ကြည့်မိရင်း...

"ပေ့နန်း ဘယ်လိုထင်သလဲ"

သူမမှာ လေးလေးနက်နက် တွေးတောစဉ်းစားလိုက်ပြီးမှ...

"သူတို့မှာ အကြံတစ်ခုခုတော့ ရှိတယ်"

သည်တော့ ဝမ်းရှုက သူတွေးထင်ချက်ကို ထုတ်ဖော်ပြောဆိုလာသည်။

"ဒီကောင်တွေ အားလုံး ဘီလူးအဖွဲ့ကို သွားတိုက်တာ မဖြစ်နိုင်ဘူးလား"

"ဒါဆို ဒီခြံထဲမှာ အစောင့်တော့ ထားခဲ့ရမှာပေါ့၊ အခုဟာက အစ်ကိုကြီးတစ်ယောက်တည်း ရှိနေအောင် တမင်တကာ လုပ်ထားတာပဲ၊ ပြီးတော့ တံခါးကြီးလဲ ဖွင့်ထားတယ်"

ဝမ်းရှု တစ်စုံတစ်ခုကို တွေးတောစဉ်းစားလိုက်မိသည်။



"ဟုတ်ပြီ"

"ကျွန်တော် တစ်ခုစဉ်းစားမိပြီ၊ ကျွန်တော်တစ်ခုခု ဖြစ်သွားရင် သူ့တာဝန်ပဲ မဟုတ်လား၊ အခုတော့ ဒီခြံထဲမှာ ကျုပ်တစ်ယောက်တည်း ရှိတယ်၊ တံခါးလဲ ဖွင့်ထားတယ်၊ ဘယ်သူမဆို ဝင်နိုင်ထွက်နိုင်တယ်၊ တစ်ခုခု ဖြစ်ရင် သူတို့ တာဝန် မဟုတ်ဘူး၊ သူများကို လွှဲချလိုက်နိုင်တယ်"

ပေ့နန်းက ထောက်ခံလိုက်သည်။

"အစ်ကိုကြီး ပြောတာ ဟုတ်တယ်၊ သူတို့ ထောင်ချောက်ဆင်တာပဲ"

"ဟုတ်တာပေါ့၊ ညကျရင် သူတို့လူတချို့ဟာ ဘီလူးအဖွဲ့ ဟန်ဆောင်ပြီး မြို့ကို စီးလိမ့်မယ်၊ ကျုပ်ကို သတ်ပစ်မယ်၊ ပေ့နန်းတို့ အိမ်ကို မီးရှို့ပစ်မယ်"

"အစ်ကိုကြီး ပြောတာ ဖြစ်နိုင်တယ်၊ ဒီတော့ အစ်ကိုကြီး ဘာလုပ်မလဲ"

ဝမ်းရှုက...

"ကျုပ်အနေနဲ့ကတော့ လာမယ့်ဘေးပြေးတွေ့ဖို့ပဲ"

"တကယ် ဖြစ်လာရင် သိပ်တော့ မလွယ်ဘူး၊ သူတို့က လူအား လက်နက်အား အများကြီး၊ အစ်ကိုကြီးမှာက တစ်ယောက်

တည်းနော်၊ နောက်ပြီး သူတို့က အကွက်ဆင်ထားတာ"

"ကျုပ်အတွက် မပူပါနဲ့၊ ကျုပ်တစ်ခု ပူတာက ပေ့နန်း အတွက်"

"ပေ့နန်းအတွက် ဘာမှမပူပါနဲ့၊ ပေ့နန်းတို့အားလုံး **စီစဉ်** ပြီးပါပြီ၊ ကနေ့ည ပေ့နန်းနဲ့အတူ ကျင်ပန်း လာအိပ်လိမ့်မယ်"

မထင်မှတ်နိုင်သော သူမ၏စကားကို ဝမ်းရှ ကြားလိုက်ရ ပြီး တအံ့တသြ ဖြစ်သွားကာ…

"ဘာပြောတယ်၊ ပေ့နန်းနဲ့အတူ ကျင်ပန်း လာအိပ်မယ် ဟုတ်လား"

ထိုအခါ သူမက အပြုံးယွဲ့ယွဲ့ ပြုံးလိုက်ကာ…

"အစ်ကိုကြီး သိပ်အံ့သြနေသလား"

ဝမ်းရှက ခေါင်းဆတ်ခနဲ ညိတ်လိုက်ကာ…

"ဒါတော့ အံ့သြတာ အမှန်ပဲ၊ ကျုပ် ဘယ်လိုမှ မစဉ်းစားမိ ဘူး၊ ပေ့နန်းက ခေါ်တာလား၊ သူက လာမယ် ပြောတာလား"

"ပေ့နန်းက ခေါ်တာပါ"

"သူကလဲ အလွယ်တကူ လာမယ် ပြောသလား"

သူမက ခေါင်းညိတ်လိုက်ပြီး…

"အင်းပေါ့"



"ဘာသဘောလဲ"

"ပေ့နန်း အနေကတော့ အဖော်ရအောင် ခေါ်တာပါ"

"နေပါဦး၊ သူကကော ဘာသဘောနဲ့ ပေ့နန်းဆီမှာ လာ အိပ်မယ်လို့ ဆိုတာလဲ"

သည်တွင် ပေ့နန်းက ခေါင်းခါယမ်းလိုက်ကာ…

"ဒါတော့ ပေ့နန်း ဘယ်သိနိုင်ပါ့မလဲ"

"အင်း နောက်ဆုံးတော့ ဘယ်သူ ဘာဖြစ်သွားမလဲဆိုတာ စောင့်ကြည့်ရမှာပဲ"

"အရေးကြီးတဲ့ အခန်းက ပါနေရတဲ့ လူတစ်ယောက်ဆိုတာ သတိထားဦး"

သူမ ပြောဆိုပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

"နေပါဦး၊ အခု ဘယ်သွားမှာလဲ"

သူကလည်း ထိုင်ရာမှ ထရင်း မေးသည်။

ပေ့နန်းက…

"ပြန်မှာပေါ့၊ ကျင်ပန်းကို ခေါ်ပြီး အိမ်ပြန်မှာပေါ့"

"ဟုတ်ပြီလေ၊ ဒီည ဘာမှမဖြစ်ကြရင် မနက်ကျမှ တွေ့ သေးတာပေါ့"

"သတိတော့ နည်းနည်းမှ မလစ်ပါစေနဲ့ အစ်ကိုကြီး"

ပေ့နန်းက အိမ်ရှေ့တံခါးဝဆီသို့ လှမ်းရင်း သတိပေးလိုက်သည်။

ပေ့နန်းသည် ဝမ်းရှနှင့်အတူ လျှောက်လာလေသည်။

"စိတ်ချပါ၊ ဒီအကွက် သူတို့ဆင်တဲ့ အကွက် ဖြစ်သလို ကိုယ်ဆင်တဲ့ အကွက်လဲ ဖြစ်ပါတယ်"

"အစ်ကိုကြီး တစ်အိမ်လုံးတော့ စစ်ဆေးပြီးပြီနော်"

ဝမ်းရှက...

"စစ်ဆေးပြီးပါပြီ၊ အဲ သော့ခတ်ထားတဲ့ အခန်းကိုလဲ တစ်နည်းနည်းနဲ့ ဖွင့်ကြည့်ဦးမယ်၊ စိတ်ထဲမှာ နည်းနည်းမကျေနပ်တာ ရှိတယ်"

"ဒီခြံကြီး အခြေအနေကော လေ့လာပြီးပြီလား"

ထိုစဉ် ဝမ်းရှက ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ...

"မလေ့လာရသေးပါဘူး၊ အခု ပေ့နန်းကို လိုက်ပို့ပြီးရင် ခြံထဲ ပတ်ကြည့်ရမယ်"

ဟု တုံ့ပြန်ဖြေလိုက်လေတော့သည်။

သူတို့နှစ်ယောက် ဘေးချင်းယှဉ်၍ လျှောက်လှမ်းနေကြသည့် မြေနီလမ်းမှာ နှစ်ထပ်အိမ်မြင့်ကြီးဆီသို့ ပေါက်ရောက်လျက် ရှိလေသည်။



စောစောက အလင်းရောင် ကင်းမဲ့ခဲ့သော နှစ်ထပ်အိမ်ကြီးမှာ အခုတော့ လင်းလက်လျက် ရှိနေသည်ကို လှမ်းမြင်တွေ့ရလေသည်။

"အင်း ခုနက ကျင်ပန်းတစ်ယောက် အိမ်မီးတွေ မထွန်းရသေးလို့နဲ့ တူတယ်"

ယင်းသို့ ဝမ်းရှ၏ရင်ထဲတွင် တွေးတောစဉ်းစားမိလိုက်လေသည်။

"ဟို အိမ်ကြီးကို လိုက်ပို့ပေးရဦးမလား"

ပေ့နန်းက ခေါင်းခါယမ်းလိုက်ကာ...

"လိုက်မပို့ပါနဲ့၊ ညီမဘာသာ ကျင်ပန်းကို ခေါ်သွားတော့မယ်၊ အစ်ကိုကြီး ဒီခြံကြီး အခြေအနေကို လေ့လာဦးမယ်ဆို"

"အင်းလေ"

ပေ့နန်းက စိုးရိမ်မကင်းသော လေသံဖြင့်...

"အစ်ကိုကြီး မရဏနွံအိုင်ဘက်ကို သတိထားသွားနော်၊ နွံအိုင်ထဲမှာ ကျွံနေဦးမယ်၊ တောင်ကုန်းထိပ်ကလေး ရောက်ရင် ဆက်မသွားနဲ့တော့၊ အရေးအကြောင်း ရှိရင်လဲ အဲဒီဘက်ကို ရှောင်နော် ဟုတ်လား"

ဝမ်းရှမှာ ခေါင်းညိတ်လိုက်သည်။

"ကဲ အစ်ကို မလိုက်တော့ဘူး၊ ကျင်ပန်းဆီ သွားပေတော့"

"ဟုတ်ကဲ့"

ဟု ဆိုကာ ပေ့နန်းတစ်ယောက် တရွေ့ရွေ့ လျှောက်လှမ်းသွားလေသည်။

ထို့နောက် ဝမ်းရှမှာ ခြံဝင်းကျယ်ကြီးအတွင်း လေ့လာစူးစမ်းရန်အတွက် တန်းလျားအဆောက်အအုံဆီ ပြန်လည်ရောက်ရှိလာလေသည်။

ထူးခြားမှု အခြေအနေ မတွေ့ရသဖြင့် အနောက်ဘက်ခြံစည်းရိုးစပ်ဆီသို့ သတိဝီရိယဖြင့် လျှောက်လှမ်းလာခဲ့လေသည်။

ခြံစည်းရိုးအတွင်း၌ သစ်ပင်ကြီး၊ သစ်ပင်ငယ်များ အစီအရီစိုက်ထားသဖြင့် အမှောင်ရိပ် ထူထပ်စွာ ကြီးစိုးမင်းမူနေလေသည်။

မြက်ပင်ရှည်များလည်း ဖုံးလွှမ်းနေသဖြင့် ချောက်များ၊ တွင်းပေါင်းများ ရှိနေသည်ကို လွယ်လင့်တကူ မမြင်တွေ့နိုင်သောကြောင့် အထူးသတိထား လျှောက်လှမ်းလာရခြင်း ဖြစ်လေသည်။

ထိုသို့ ဝမ်းရှ သတိထား လျှောက်လှမ်းလာရင်းမှ တွင်းပေါက်ပေါင်းကြီးသို့ ကျွမ်းထိုးကျရောက်သွားရလေသည်။

တွင်းပေါင်းကြီးသို့ အရှိန်ပြင်းစွာ ကျရောက်သွားသဖြင့် အောက်ခြေရှိ မြေစိုင်ခဲများဖြင့် ထိခိုက်မှုကြောင့် ထိခိုက်နာကျင်မှု



ဝေဒနာကို မရှုမလှ ခံစားလိုက်ရလေသည်။

ထိုစဉ် မှောင်မှောင်မည်းမည်းထဲ၌ သူ့ညာလက်ဖြင့် ပျော့ပျော့အိအိ အရာတစ်ခုကို လှမ်းဆွဲမိလိုက်လေသည်။

"ဟာ ဘာကောင်ကြီးပါလိမ့်"

သူ့ညာလက်က ဖမ်းဆုပ်ကိုင်မိလိုက်သော အရာမှာ ကြီးမားလွန်းလှသော မြွေကြီးတစ်ကောင်ပင် ဖြစ်လေတော့သည်။

သူ့ညာလက် ကြောက်လန့်ကာ ဖြေလွှတ်လိုက်မှုကြောင့် သူ့အပေါ်သို့ မြွေကြီးတစ်ကောင် ပြုတ်ကျလာလေသည်။

"ဟင်"

သူ၏ခြေအစုံတို့ ကောင်းစွာ လှုပ်ရှား၍ မရအောင်ပင် ချုပ်နှောင်ထားခြင်း ခံရလေပြီ။

သူ၏ခြေအစုံကို မြွေကြီး၏အမြီးက အရစ်ရစ် ပတ်ထားပြီးဖြစ်သည်။

ထိုအခါ နီရဲနေသော မျက်လုံးအစုံနှင့် မြွေခေါင်းကြီးမှာ သူ့အနားသို့ တရွေ့ရွေ့ ချဉ်းကပ်လာသော မြွေခေါင်းကြီးကို စူးစိုက်ကြည့်ရင်း သူ့နဖူးပြင်ပေါ်မှ ချွေးပိုးပိုးပေါက်ပေါက် ကျလာလေသည်။

"ရှူး…ရှူး"

မြွေခေါင်းကြီးမှာ တရှူးရှူးမှုတ်ရင်း ဝမ်းရှ၏ခြေအနားသို့ ရောက်လာလေသည်။

ဝမ်းရှသည် သူ့မျက်နှာခွက်နားဆီသို့ ရောက်ရှိလာသော မြွေခေါင်းကြီး အောက်ခြေကို သူ၏လက်နှစ်ဖက်ဖြင့် ဖျတ်ခနဲ လှမ်းဖမ်းလိုက်လေသည်။

ပြီးလျှင် အတွင်းအားစိုက်ထုတ်၍ မြွေကြီး၏လည်ပင်းကို ဖျစ်ညှစ်လေ၏။

ထိုအခါ မြွေကြီးကလည်း သူ၏ဖျစ်ညှစ်မှုကို ပြန်လည်လူးလွန့် ရုန်းထွက်နေလေသည်။

မြွေကြီး၏လည်ပင်းကို ပါးစပ်ဖြင့် ငုံခဲကိုက်ပစ်လိုက်တော့၏။

"ရှူး"

ထိုအခါ မြွေကြီး၏ညှီလွန်းအားကြီးသော သွေးစိမ်းရှင်ရှင်တို့ သူ့ပါးစပ်ထဲသို့ စီးဝင်လာလေသည်။

သူ့ပါးစပ်ထဲက မြွေကြီး၏သွေးများအား ထွေးထုတ်ပစ်ချင်သော်လည်း သူ့ပါးစပ်ဖြင့် ငုံခဲထားသည့် မြွေကြီး၏လည်ပင်းကို လွှတ်ပေး၍လည်း မဖြစ်ပါချေ။

ဒါကြောင့် ပါးစပ်အတွင်းသို့ စီးဝင်ရောက်ရှိလာသော မြွေ



ကြီး၏သွေးများကို သူ့ဝမ်းတွင်းသို့ ကြိတ်မှိတ်မျိုချလိုက်လေသည်။

ထိုအခါ သူ့တစ်ကိုယ်လုံးရှိ အကြောအခြင်တို့အားလုံး ပေါက်ကွဲထွက်သွားတော့မည် ထင်ရလောက်အောင်ပင် အပူစီးကြောင်းကြီးတစ်ခု ပျံ့နှံ့ဝင်ရောက်လာရလေသည်။

ကိုယ်ခန္ဓာသုံးလေးခု ပွားထွက်သွားသည်ဟု ထင်ရလောက်အောင် သူ့ခန္ဓာတွင်းအားအင်တို့ ရုတ်ခြည်းတိုးပွားလာသည်ကို ခံစားလာရလေသည်။

သိပ်မကြာပါချေ။

ဝမ်းရှတစ်ယောက် ကိုက်ခဲစုတ်ယူမှုကြောင့် မြွေကြီးမှာ အသက်ဝိဉာဉ်ပျောက်၍ ပျော့ခွေသွားလေသည်။

ထိုအခါ သူ့ခြေထောက် အစုံတွင် ရစ်ပတ်ထားသော မြွေကြီး၏ခန္ဓာမှာလည်း ဖြေလျော့သွား၏။

သည်တွင် သူ၏ပကတိစိတ် ပြန်ဝင်လာပြီး သူ့လက်ထဲတွင် သေဆုံးနေသော မြွေကြီးကို အောက်သို့ ပစ်ချလိုက်လေသည်။

"ဗိုး"

"ဘုတ်"

သည်နောက် ဝမ်းရှသည် သွေးရောင်လွှမ်းတောက်နေသော ဓာမဏီဓားတို့ ကောက်ယူပြီး သူ၏ဓားအိမ်တွင်းသို့ ချုပ်ခနဲ

ထိုးသွင်းလိုက်လေသည်။

ပြီးနောက် သူ့ပါးစပ်တွင် ပေကျံနေသော မြွေကြီး၏သွေးစများကို သူ့ညာလက်ဖဝါးဖြင့် သုတ်သင်လိုက်လေသည်။

ထို့နောက် တွင်းဟောင်းနံရံတွင် တွယ်ကပ်ပေါက်ရောက်နေသော အပင်များကို ဆွဲ၍ ခဲရာခဲဆစ် တက်ရောက်လာတော့သည်။

သို့နှင့် ဝမ်းရှသည် ပေ့နန်း သတိပေးခဲ့သော တောင်ကမူပေါ်ထိပ်ဆီသို့ ရောက်ရှိလာလေသည်။

သူ တောင်ကမူပေါ်တွင် ခြေစုံရပ်လျက် နာမည်ကြီးနေသော မရဏန္တအိုင်သို့ အကြည့်ရောက်သွားရမိလေသည်။

ထိုမရဏန္တအိုင်ကြီးမှာ သစ်ပင်များ အုပ်ဆိုင်းခြင်း ကင်းသော ချိုင့်ဝှမ်းတော ဖြစ်သဖြင့် ထင်ထင်ရှားရှား လှမ်းမြင်တွေ့လိုက်ရလေသည်။

ထို့နောက် ဝမ်းရှသည် တောင်ကုန်းပေါ်ရှိ နှစ်ထပ်အိမ်ကြီးဆီသို့ ရောက်ရှိလာလေသည်။

သူ နှစ်ထပ်အိမ်ကြီး အခြေအနေကို လှမ်းအကဲခတ် ကြည့်မိလိုက်သောအခါ မီးရောင်ကင်းမဲ့ကာ မည်းမည်းမှောင်မှောင်ဖြင့် ဆိတ်ငြိမ်လျက် ရှိနေသည်ကို လှမ်းမြင်တွေ့လိုက်ရလေသည်။



ကြည့်ရသည်မှာ လူ မရှိကြောင်း ပေါ်လွင်နေပေသည်။

"ဒါဆိုရင် ကျင်ပန်းတစ်ယောက်တော့ ပေ့နန်းခေါ်ရာ နောက်တော့ ပါသွားပြီ ထင်တယ်"

သူသည် ထိုအဆောက်အအုံကြီး အနားသို့ သွားရောက်ပြီး ထူးခြားမှု ရှိမရှိ လှေ့လာစူးစမ်း ရှာဖွေကြည့်လိုက်လေသည်။

သို့သော်...

အခြေအနေ တစ်စုံတစ်ရာ ထူးခြားမှု မတွေ့ရှိသဖြင့် သူ နေထိုင်ရာ တန်းလျားအဆောက်အအုံသို့သာ ပြန်ရုံရှိပေတော့သည်။

◆ ◆ ◆

ယခု ညမှာမူ ခြံကြီးနှင့် အိမ်ကြီးတို့သည် မှုန်ရီသော ညတွင် အေးချမ်းတိတ်ဆိတ်စွာ တည်ရှိနေလေသ်။

မပြန်လမ်း၊ မပြန်ရပ်မည်သော မရဏခံတွင်း၌ မကျေမနပ်မှုများ ဖြစ်ပေါ်ခံစားနေရလေသည်။

တကယ်တော့ သည်ခြံကြီးဆီသို့ ဝမ်းရှ လာရောက်တည်းခိုရသည်မှာ တစ်ယောက်တည်း အေးအေးချမ်းချမ်း နေလို၍ မဟုတ်ပါချေ။

ပြဿနာများ၊ ဘေးအန္တရာယ်များနှင့်လည်း ကင်းငြိမ်းရှင်းလွတ်လို၍ မဟုတ်ပါချေ။

အမှန်တော့ ဝမ်းရှ၏ဆန္ဒမှာ ခြံဝင်းထဲ၌ ဖြစ်ပေါ်နေသော အရှုပ်အထွေး တစ်ခုခုတွင် ပါဝင်ပတ်သက်လိုပါသည်။

အန္တရာယ်တစ်ခုခုတွင် သက်ဆင်းဝင်ရောက်လိုသည်။

သို့မှသာလျှင် ကျောင်းစန်း၏လျှို့ဝှက်ခြေရာကို ကောက်ယူနိုင်မည် ဖြစ်သည် မဟုတ်ပါလား။

ဒါမှလည်း...

သူ့ သူငယ်ချင်းနဲ့ မိသားစုအတွက်၊ နယ်သားများအတွက် သူ့တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်မည် မဟုတ်လား။

အခုတော့ သူမျှော်လင့်ထားသလို အခြေအနေမျိုးနှင့် မကြုံတွေ့လာရဘဲ မထင်မှတ်ဘဲ မြွေကြီးတစ်ကောင်နှင့် တွေ့ကြုံရင်ဆိုင်လာရပြီး စွမ်းစွမ်းတမံ ဖြေရှင်းသုတ်သင်ခဲ့ရလေသည်။

ယခု အခြေအနေက သူ့အတွက် တန်ဖိုးရှိသော ညတစ်ညကို အဓိပ္ပါယ်မဲ့ ကုန်လွန်စေရတော့မည့်အသွင် ရှိနေချေပြီ။

ဤအချိန်တွင် ဘီလူးအဖွဲ့တို့လူစု အနေဖြင့် ကျောင်းစန်း၏ အဖွဲ့သားများအား စီးနင်းတိုက်ခိုက်လာလိမ့်မည်ဟူသော သူ၏ ပထမ ထင်မြင်ချက်ကိုလည်း ယခုအခါ သူ့ဟာသူ ယုံကြည်မှု လျော့



ပါးစ ပြုလာရပြီ ဖြစ်လေသည်။

အကြောင်းမှာ သူ၏ထင်မြင်ချက်ကို အထောက်အကူ ဖြစ်စေနိုင်မည့် အထောက်အထား တစ်စုံတစ်ရာကို ယခုထက်တိုင် မတွေ့ရသေးသောကြောင့် ဖြစ်လေသည်။

သဲလွန်စ ရှိနိုင်သည် ဆို၍ သော့ခတ်ထားသော အခန်းတစ်ခန်းသာ ရှိသည်။

ဒါကြောင့် ထိုအခန်းကိုပင် သူ ယခု ပြန်ရောက်လျှင် ဖြစ်သည့်နည်းနှင့် ဖွင့်ကြည့်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထိုအခန်းတွင်းမှ မသင်္ကာစရာ တစ်စုံတစ်ခု မတွေ့ရလျှင်တော့ ဝမ်းရှသည် သူ့လူများကို အခြားသို့ လွှတ်ပြီး မိမိတစ်ယောက်တည်း ရှိစေခြင်းသည် မိမိကို ဥပါယ်တံမျဉ်ဖြင့် အန္တရာယ်ပြုရန် မဟုတ်ဘဲ သမီး၏ကျေးဇူးရှင်ကို ကောင်းမွန်စွာ ဧည့်ခံခြင်းပင် ဖြစ်ပေလိမ့်မည်။

ဝမ်းရှသည် ခေါင်းတွင် အတွေးများ ပြည့်လျှံ ရှုပ်ထွေးလာသဖြင့် တန်းလျားအနီးသို့ ရောက်လာသည်ကို သတိမပြုမိချေ။

ထိုအခါ သူ၏လှမ်းလက်စ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားရလေသည်။

အကြောင်းမှာ သူ့ခြေလှမ်း သုံးလေးလှမ်းအကွာတွင်

ခေါင်းစွပ်အနက် စွပ်ထားသော လူတစ်ယောက် ရပ်နေသည်ကို မြင်တွေ့လိုက်ရလေတော့သည်။

မိတ်ဆွေ မဟုတ်မှန်း အလိုလို နားလည်သဘောပေါက်လိုက်သည်။

ထိုအခိုက် ခေါင်းစွပ်သမားသည် မည်သည့် စကားမှ မပြောဆိုဘဲ ဝမ်းရှထံ သူ၏ညာခြေဖြင့် ခုန်ပျံတိုက်ခိုက်လာလေသည်။

ဝမ်းရှမှာ သူ့ဆီသို့ တိုက်ခိုက်လှုပ်ရှားလာသည်ကို ရိပ်ခနဲ လှမ်းမြင်တွေ့လိုက်ရလေသည်။

"ယား"

"ဗိုး"

"ဟူး"

ခေါင်းစွပ်သမား၏ ညာခြေကန်ချက်ကို ဝမ်းရှ လျင်မြန်စွာ ခေါင်းငုံ့ရှောင်တိမ်းလိုက်လေသည်။

ဒါကြောင့် ခေါင်းစွပ်သမား၏ညာခြေမှာ ဝမ်းရှ၏ခေါင်းပေါ်မှ ဖြတ်ကျော်သွားလေသည်။

ထိုစဉ် ဝမ်းရှသည် သူ့အား ကျောခိုင်းအနေအထား ဖြစ်သွားသည့် ခေါင်းစွပ်နက်သမား၏ နားထင်ဆီသို့ ညာလက်ဝါးတစ်



ချက် ခုတ်ပိုင်းလိုက်သည်။

"ဟိုင်း"

"ဝှစ်"

"ဝုန်း"

ထိုသို့ ဝမ်းရှ ခုတ်ပိုင်းလာသော ညာလက်ဝါးရိုက်ချက်ကို ခေါင်းစွပ်နက်သမားက ကိုယ်ကို ချာခနဲလှည့်၍ သူ့ညာလက်ဝါးဖြင့် ဆီးခံလိုက်လေသည်။

ထိုအခါ လေထုထဲဝယ် လက်ဝါးနှစ်ခု ပြင်းထန်တွေ့ဆုံပြီး ဝုန်းခနဲ ပေါ်ထွက်သွားရလေသည်။

သည်တွင် ဝမ်းရှ နောက်သို့ ခြေလှမ်းနှစ်လှမ်းမျှ ဆုတ်သွားရလေသည်။

ညာလက်တစ်ခုလုံးသည် တခဏမျှ ထုံကျဉ်သွားရလေသည်။

သည်တော့မှာ ခေါင်းစွပ်သမားသည် သာမန်အဆင့်မြင့် သိုင်းသမားတစ်ယောက် မဟုတ်ကြောင်း သဘောပေါက်နားလည်လိုက်ရလေသည်။

ခေါင်းစွပ်သမားမှာလည်း ဝမ်းရှကို တအံ့တသြ ဖြစ်သွားရလေသည်။

ခေါင်းစွပ်နက်က ဝမ်းရှ ခေတ္တငိုင်တွေသွားသည်ကို အခွင့်ကောင်းယူ၍ ညာခြေဖြင့် ဝမ်းရှ၏ခြေအောက်ပိုင်းအား ရုတ်တရက် ဝါးလုံးသိမ်း သိမ်းသလို ဝိုက်၍ကန်လိုက်လေသည်။

"ယား"

"ဗိုး"

"ဖြောင်း"

"အူး… ဘုံး"

ယခင်ကဆိုလျှင် ကန်ချက်အားကို ဝမ်းရှ၏ခြေအစုံ တောင့်တင်းခံနိုင်သော်လည်း တွင်းပေါင်းကြီးထဲတွင် မြွေကြီး၏ရစ်ပတ်ဆွဲဆန့်မှုကို နာကျင်စွာ ခံထားရသဖြင့် အနာပေါ် တုတ်ကျသည့်နှယ် မခံမရပ်နိုင် ခံစားသွားရပြီး မရပ်နိုင်တော့ဘဲ လမ်းပေါ်သို့ ပက်လက်လန်လဲကျသွားရပေသည်။

သည်တွင် ခေါင်းစွပ်သမားက သူ့ကို ဆက်လက်တိုက်ခိုက်လာခြင်းမရှိဘဲ သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

"ဟား…ဟား…ဟား"

ထိုအခြေအနေကို ဝမ်းရှ မြင်တွေ့ရပြီး နားမလည်နိုင်အောင် ဖြစ်သွားရကာ ခေါင်းစွပ်နှင့်လူကို…

"ခင်ဗျား ဘယ်သူလဲ"



မေးလိုက်တော့ ခေါင်းစွပ်နှင့်လူက အရယ်ရပ်သွားရပြီး…

"ရန်သူ မဟုတ်ပါဘူး၊ မောင်ရင်ရယ်"

ဟု ဆိုကာ ခေါင်းစွပ်ကို ဆွဲချွတ်လိုက်သောအခါ သံမဏိလက်ဝါးကျင်စန်း ဖြစ်နေကြောင်း တအံ့တသြ သိလိုက်ရလေသည်။

သည်တွင် ကျင်စန်းက တောင်းပန်သော လေသံဖြင့်…

"ကဲပါ မောင်ရင် ဓားကို ဓားအိမ်ထဲ ထည့်သွင်းလိုက်ပါဦး၊ ဧည့်ခန်းထဲမှာ စကားအေးအေးဆေးဆေး ပြောကြတာပေါ့"

ဝမ်းရှက ဓားကို ဓားအိမ်ထဲကို ထိုးထည့်လိုက်၏။

ထိုင်ရာမှ ထလိုက်ရင်း ကြယ်ရောင်အောက်တွင် မပီတပီမြင်တွေ့ရသော ကျင်စန်းကို အကြည့်စူးစိုက်ရင်း…

"ဦး ဘာကြောင့် ဒီလို လုပ်ရတာလဲ"

ကျင်စန်းက အပြုံးယွဲ့ယွဲ့ ပြုံးလိုက်ရင်း…

"ဒီအတွက် မောင်ရင့်ကို တစ်မျိုး မမြင်ဖို့ ဦးက တောင်းပန်ပါတယ်"

"ကျုပ်က တောင်းပန်တာ မကြိုက်ဘူး၊ အကျိုးအကြောင်း ရှင်းပြတာပဲ ကြိုက်တယ်"

"ဟင်း…ဟင်း ရန်သူအတွက် သိုင်းပညာ တက်မြက်မှု စမ်းသပ်တာလား၊ ဒါမှမဟုတ် ကျုပ်ရဲ့ပညာ အဆင့်အတန်း သိချင်လို့

စမ်းသပ်လိုက်တာလားဗျ"

"ဦး မောင်ရင်ရဲ့ ပညာအဆင့်အတန်းကို သိချင်လို့ စမ်းသပ်တာ မဟုတ်ပါဘူး၊ သမီးကို မှဲ့တစ်ပေါက် မစွန်းရအောင် ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်ပဲ၊ ဦးတို့ဆီမှာ ရှိတုန်း အမှတ်မထင် အခြားလူ ဝင်ရောက်နှောင့်ယှက်လာမယ့် အန္တရာယ်ကို ခုခံနိုင်စွမ်း ရှိမရှိ စေတနာမှန်နဲ့ စမ်းကြည့်တာပါ၊ ကဲပါ ဧည့်ခန်းထဲမှာ ထိုင်စကား ပြောကြရအောင်ကွာ"

"ဟုတ်ကဲ့ဦး"

ထို့နောက် ကျင်စန်းသည် ထိုင်ခုံတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

ဝမ်းရှလည်း မျက်နှာချင်းဆိုင် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။

ကျင်စန်းက...

"ခြံထဲမှာ အညောင်းဖြေ လမ်းလျှောက်နေတယ်နဲ့ တူတယ်"

"လျှောက်ကြည့်တာပါ"

"ဘာတွေများ တွေ့ခဲ့သလဲ"

ဝမ်းရှက ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ...



"ဘာမှ မတွေ့ခဲ့ပါဘူး၊ တွေ့ခဲ့ရင်လဲ အခုလို ဘယ်ပြန်ရောက်လာမလဲ"

ဟု ခနဲ့တဲ့တဲ့ ပြောဆိုလိုက်သည်။

သည်တွင် ကျင်စန်းက မျက်မှောင်ကြုတ်သွားရပြီး...

"မောင်ရင် ပြောတာ ဦး နားမလည်ပါဘူး"

ဝမ်းရှက အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း...

"ဩော် ဦးတို့ ခြံထဲမှာ လူတွေကို မပြန်လမ်း ပို့နိုင်တဲ့ မရဏတွေ ရှိတယ် မဟုတ်လား"

"မောင်ရင် တွေ့ခဲ့လို့လား"

သည်တော့ သူက ခေါင်းတွင်တွင် ခါယမ်းကာ...

"မတွေ့ခဲ့ပါဘူး၊ ကျွန်တော် ပြောပါတယ်၊ တွေ့ခဲ့ရင်လဲ ဘယ်ပြန်ရောက်ပါ့မလဲ"

ထို့နောက် စကားကြော ခေတ္တပြတ်တောက်သွားရလေသည်။

စောစောက ကျင်စန်း၏ပြင်းထန် မြင့်မားလွန်းလှသော သံမဏိလက်ဝါးအားလှိုင်းကို သူခုခံနိုင်စွမ်း ရှိခဲ့သည်ကို သူ့ရင်ထဲ မယုံကြည်နိုင်အောင် အံ့သြနေမိဆဲ ရှိလေသည်။

"ငါ ဘာကြောင့် ပြင်းထန်မြင့်မားလွန်းတဲ့ သံမဏိလက်ဝါး

အားလျှို်းကို ခုခံနိုင်စွမ်း ရှိအောင် အတွင်းအားတွေ ဘယ်လိုတိုးတက်လာရတာလဲ"

ဝမ်းရှသည် တွေးတောရင်း ထူးခြားသော ဖြစ်ရပ်တစ်ရပ်ကို ပြန်လည်အမှတ်ရမိလေသည်။

အခြား မဟုတ်ပါ။

တွင်းဟောင်းထဲက မြွေကြီးသွေးကြောင့် သူ၏ခန္ဓာကိုယ်အားအင်တိုးပွားလာသည့် အဖြစ်ကို တွေးတောသတိရမိလိုက်ခြင်းဖြစ်လေသည်။

စင်စစ်တော့ ထိုမြွေကြီးမှာ အလွန်ရှားပါးလွန်းလှသော တွင်းအောင်းနှစ်တစ်ထောင်မြွေကြီးပင် ဖြစ်လေသည်။

ထိုသို့ တွေးတောနေခိုက် ကျင်စန်းက စကားဆိုလာသဖြင့်…

"မောင်ရင်ရယ် မရဏာတွင်းကတော့ ဘိုးဘေးဘီဘင် လက်ထက်ထဲကမို့ တစ်နယ်လုံး သိနေကြတာပဲ၊ ဘယ်သူမှ ကိုယ့်ဘေးဖြစ်မယ့် နေရာကို မသွားကြပါဘူး"

"ဒါပေမယ့် ကျွန်တော် စဉ်းစားမိတာကတော့ လူတွေမကြာခဏ ပျောက်ပျောက်ကုန်တာလဲ အဲဒီ တွင်းကို သွားကြလို့ပဲနဲ့တူတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတည်းကို အစပျောက်သွားကြလို့ပဲ"



"ကနေ့အထိတော့ ဒီကိစ္စကို ဘယ်သူမှ တပ်အပ်မပြောနိုင်သေးပါဘူး၊ ဦးအနေနဲ့လဲ ဟုတ်တယ် မဟုတ်ဘူး ဘာမှ မပြောနိုင်ပါဘူး"

"ဟုတ်ပါတယ်၊ တစ်နေ့ကျရင်တော့ တစ်ယောက်ယောက်က ပြောနိုင်ကောင်းပါတယ်"

"ဦးအကြံပေးချင်တာကတော့ မောင်ရင့်အနေနဲ့ အဲဒီဘက်ကို မသွားပါနဲ့၊ အန္တရာယ်ဆိုတာ ဝေးဝေးက ရှောင်တာ ကောင်းပါတယ်"

"စိတ်ချပါ၊ ကျွန်တော့်သဘောနဲ့ ကျွန်တော် ဘယ်တော့မှ မသွားပါဘူး"

"မောင်ရင့်ကို ဘယ်သူကမှာလဲ အတင်းသွားခိုင်းစရာ အကြောင်း မရှိပါဘူး"

"တစ်ခုတော့ ရှိတယ်၊ လူတစ်ယောက်ဟာ သေရေးရှင်ရေး ကြုံလာတဲ့အခါမျိုးမှာ သူ့အသက်ကို လုပြီး ပြေးရဖို့ပဲ ဖြစ်နေတယ်၊ ပြေးပေါက်ကလဲ ဒီတစ်ဖက်တည်း ရှိနေတယ်ဆိုရင် ဒီဘက်ကိုပဲ ပြေးမှာပဲ"

"ကဲပါလေ၊ ဘာဖြစ်လို့ ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စတွေကို ဒီလောက် ခေါင်းခြောက်ခံပြီး စဉ်းစားနေရတာလဲ"

"ဒီကို ဦးရောက်နေတာ ကြာပြီလား"

လှမ်းမေးလိုက်တော့ ကျင်စန်းမှာ သူ့နှုတ်မှ ဆေးတံကို ချွတ်လိုက်ပြီး ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း...

"ကိစ္စဝိစ္စကလေးတွေ မပြီးလို့၊ ဘယ်လိုလဲ ထမင်းစားလို့ မြိန်ရဲ့လား"

"ကောင်းပါတယ်"

"လာရင်း လမ်းမှာတောင် ပေ့နန်းနဲ့ ဦးသမီးတို့နဲ့ ဆုံမိကြသေးတယ်၊ ပေ့နန်းကို မောင်ရင်သိသလား"

"သိပါတယ်၊ သူ ကျွန်တော့်ဆီက ပြန်သွားတာပဲ"

"ပြောတယ်"

"ဦးသမီးက ကနေ့ည သူနဲ့ လိုက်အိပ်မလို့ဆို"

"လိုက်သွားပြီလေ၊ သူတို့ဟာ ငယ်ငယ်ကတည်းက အတူအိပ် အတူစားခဲ့ကြတာပဲ၊ တံကယ့် ညီမအရင်းတွေလို ချစ်ကြတာပဲ၊ သူတို့ ဒီည အတူအိပ်ကြရင်း ရှေးဟောင်းနှောင်းဖြစ်တွေ တိုင်ပင် ပြောနေကြမလို့ပဲ၊ သူတို့အဖေနဲ့ ဦးတို့ဆို ညီအစ်ကိုတွေပဲ၊ နယ်ချဲ့ တော်လှန်ရေးမှာ အဆင်းရဲ အငတ်ပြတ်ခံပြီး စွမ်းစွမ်းတမံ ဆောင် ရွက်ခဲ့လူတွေပေါ့၊ တကယ်တော့ ပေ့နန်းရဲ့အဖေက ဦးရဲ့ဆရာပါပဲ၊ အစ်ကိုကြီးပါပဲ"



ဝမ်းရှက အဓိပ္ပါယ်ပါပါ ပြုံးရယ်လိုက်ပြီးနောက်...

"အခုတော့ ဦးတို့ဟာ အတူတူ မဟုတ်ကြတော့ဘူး မဟုတ်လား"

"အတူတူ မဟုတ်ကြဘူးလို့တော့ မပြောနိုင်ဘူး၊ အစ်ကိုကြီး က ပြတ်သားလွန်းတယ်၊ ခေါင်းမာလွန်းတယ်၊ မင်းမှုအရေး ထမ်း ရွက်တဲ့နေရာမှာ ဒီလိုလုပ်လို့ရတာ မဟုတ်ဘူး၊ သိုင်းသင်တန်း ကျောင်းမှာ တပည့်တွေကို သိုင်းသင်တာမျိုး မဟုတ်ဘူး၊ လူမျိုးစုံနဲ့ ဆက်ဆံရတာ၊ အနည်းအပါးတော့ သည်းခံရတာပေါ့၊ ရေလိုက်ငါး လိုက်ဆိုတာ ရှိရမှာပေါ့၊ နောက်ပြီး မှန်တာ ကောင်းတာချည်း လုပ် ချင်လို့လဲ မရဘူး၊ တစ်ချို့ကိစ္စကျတော့ မလုပ်ချင်ဘဲနဲ့ လုပ်ရတာလဲ ရှိတယ်၊ မင်းမှုအရေး ထမ်းဆောင်တယ်ဆိုတာ ဥပုသ်စောင့်တာမှ မဟုတ်ဘဲကွယ်၊ မောင်ရင်လဲ မင်းမှုထမ်းတစ်ယောက် လုပ်ခဲ့တာပဲ၊ ဒီအကြောင်းတွေ နားလည်မှာပါ"

ထိုသို့ ပြောလာတော့ ဝမ်းရှက ခေါင်းတွင်တွင် ခါယမ်းလိုက် ကာ...

"ကျွန်တော်နားမလည်ပါဘူး၊ ကျွန်တော်နားလည်တာက တော့ မတရားတာကို မကြိုက်ဘူး၊ မဟုတ်ရင် မခံဘူးဆိုတာပဲ သိ တယ်"

သူ့အလိုကို ထောက်ခံသည့်အလား ကျင်စန်း ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဒါဟုတ်တာပေါ့ မောင်ရင်၊ ကျုပ်တို့ ငယ်ငယ်ကလည်း ဒီလိုမျိုးပါပဲ၊ ကျုပ်တို့ဟာ ဒီစိတ်ဓာတ်နဲ့ပဲ နယ်ချဲ့ကို တော်လှန်ခဲ့တာပဲ၊ ဒါပေမယ့် အခြေအနေတွေ ပြောင်းလဲလာတာတွေတော့ ရှိတယ်ပေါ့၊ အရင်က ကျုပ်တို့က တော်လှန်ရတာ၊ အခု ကျုပ်တို့က အုပ်ချုပ်ရတာ၊ အုပ်ချုပ်တယ် ဆိုပေမယ့် အာဏာရှင်ဆန်ဆန် မတရားအုပ်ချုပ်တာ မဟုတ်ပါဘူး၊ ပြည်သူတွေရဲ့ ဆန္ဒအရ၊ ပြည်သူတွေရဲ့ အကျိုးအတွက် အုပ်ချုပ်ဆောင်ရွက်ရတာပါ၊ ဒီနေရာမှ ကျုပ်တို့ မှားတာတွေလည်း ရှိချင်ရှိမှာပေါ့၊ လူဆိုတာ ဘယ်အမှားအယွင်းကင်းနိုင်ပါ့မလဲ၊ ကျုပ်တို့ရဲ့ အမှားအယွင်းကို ထောက်ပြဝေဖန်နိုင်ဖို့ အတွက် ကျုပ်ခွင့်ပြုထားတာပါ"

ထိုသို့ သံမဏိလက်ဝါးက စကားကို ရှည်လျားစွာ ပြောဆိုပြီးနောက် ခေတ္တရပ်လိုက်လေသည်။

ပြီး သူ၏အကြည့် ဝမ်းရှထံ စူးစိုက်ကျရောက်သွားလေသည်။

အမှန်တော့ ဝမ်းရှ အခြေအနေအား လှမ်းအကဲခတ်လိုက်ခြင်း ဖြစ်လေသည်။



ထိုအခါ ဓာမဏီသိုင်းသမားဝမ်းရှ၏ မျက်နှာသွင်ပြင်မှာ မှုန်ကုပ်ကုပ် ရှိနေလေတော့သည်။

ကျင်စန်း သက်ပြင်းချလိုက်သည်။

"မောင်ရင်လေးက ကျုပ်ပြောတဲ့ စကားတွေကို ကောင်းကောင်းနားမဝင်ဘူး ထင်ပါရဲ့"

ဝမ်းရှ ခေါင်းခါယမ်းလိုက်သည်။

"သည်လိုလည်း မဟုတ်ပါဘူး"

ကျင်စန်းက...

"ကျုပ်က စီမံအုပ်ချုပ်တဲ့ အခါမှာ ကျုပ်ကို မတရားဘူးလို့ ဝေဖန်ပြောဆိုကြတာ ဘာကြောင့်လဲ မောင်ရင်လေး သိသလား"

ဝမ်းရှ ဘာမှ မပြောဘဲ နေလိုက်၏။

ကျင်စန်းက...

"ကျုပ်က ဘယ်ကိစ္စမဆို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်တတ်တယ်၊ ဒါကြောင့် ကျုပ်ကို ရက်စက်ကြမ်းကြုတ်တယ်၊ မတရားဘူးလို့ ဝေဖန်ကြတာ၊ ဘီလူးညီနောင်က အဆိုးဆုံးပေါ့၊ ရှင်းရှင်းပြောရရင် သူတို့က နယ်စားရွေးပွဲမှာ ဝင်ပြိုင်ပေမယ့် ကျုပ်ကို ရှုံးနိမ့်သွားတာကြောင့် မကျေနပ်ကြတာပဲ"

ဘီလူးညီနောင်နှင့် ကျင်စန်းတို့မှာ ကျောင်းတော်မှ ရန်စ

ရှိနေကြသူများ ဖြစ်ကြောင်း ဝမ်းရှ သိလိုက်ရလေသည်။

သံမဏိလက်ဝါးကျင်စန်း၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

ဝမ်းရှကို တစ်ချက်စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မောင်ရင်လေးဟာ မဟုတ်မခံ၊ မတရားမှုကို ရွံ့မုန်းတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် ကျုပ်တို့က ဘယ်လိုခံယူချက်တွေနဲ့ ရပ်တည်လှုပ်ရှားနေကြတယ်၊ ကျုပ်တို့ရန်သူတွေကော ဘယ်လိုလှုပ်ရှားနေကြတယ်ဆိုတာတွေကို ပြောပြချင်တယ်၊ ဒါပေမယ့် ကျုပ်နားလည်ထားသလောက်တော့ မောင်ရင်လေးက ကျုပ်ပြောတာကို စိတ်ဝင်စားမယ် မထင်ဘူး"

ဝမ်းရှ ပြုံးလိုက်သည်။

"စိတ်ဝင်စားတယ်၊ စိတ်မဝင်စားဘူးဆိုတာထက် ကျွန်တော်လည်း ဘီလူးညီနောင်နဲ့ ပတ်သက်နေရပါပြီဗျာ"

ကျင်စန်းက…

"ဒါပေါ့ ကျုပ် တစ်နေ့လုံး အလုပ်ရှုပ်နေတာ သူတို့ကြောင့်ပေါ့။ သူတို့က ပြဿနာ ရှာနေကြတဲ့ လူတွေပဲလေ"

ဝမ်းရှက…

"သူတို့က ပြောတော့လည်း ဦးရဲ့လူတွေက မတရားနှိပ်စက်ညှင်းပမ်းလို့ သူတို့ ခုခံကာကွယ်နေရတာလို့ ပြောကြတာပဲ"

ကျင်စန်းက…

"သူတို့က ကျုပ်တို့ကို ဘယ်တုန်းက အကောင်းမြင်ဖူးလို့လဲ"

ဝမ်းရှက…

"ဒါဖြင့် သူတို့ဟာ လူကောင်းတွေ မဟုတ်ကြဘူးပေါ့"

"ဒါပေါ့ သူတို့လား လူကောင်းတွေ ဖြစ်မှာ၊ ဦးရဲ့သမီးကိုတောင် မောင်ရင်ပဲ သူတို့လက်က ကယ်တင်ခဲ့ရတာ မဟုတ်လား"

ဝမ်းရှက…

"သည်လူတွေလည်း နေရာတိုင်းမှာ မှန်ကန်ကြမယ် မထင်ပါဘူး၊ ဒါပေမယ့် ဦးရဲ့လူတွေကကော"

ကျင်စန်း ပြုံးလိုက်သည်။

"အင်း လက်ခုပ်နှစ်ဘက်တီးမှ မြည်တဲ့သဘောလို့ မောင်ရင်လေး ဆိုလိုချင်တာ မဟုတ်လား"

"သည်သဘောပါပဲဗျာ"

ကျင်စန်းက…

"တကယ်တော့ ဘီလူးညီနောင်က ကျုပ်ကို မကျေမနပ်ဖြစ်နေကြတာပါ။ ဟိုတုန်းကတည်းကပေါ့ နောက်တော့ ပိုပြီး ဆိုး

သွမ်းသောင်းကျန်းလာကြတယ်၊ ဘယ်လောက်တောင် အတင့်ရဲလာကြသလဲဆိုရင် သည့်ညတောင် မြို့ကို ဝင်စီးဖို့ စီစဉ်နေကြတယ်လို့ ကျုပ်သတင်းရထားပြီးပါပြီ"

ထိုစကားကြားလျှင် ဝမ်းရှ၏မျက်လုံးများ ဝင်းလက်သွားလေသည်။

သူ၏ထင်မြင်ယူဆချက် မှန်ကန်လာပြီ မဟုတ်ပါလား။

"ဦးသတင်းရထားတယ် ဟုတ်လား"

"ဒါပေါ့ သူတို့လူတွေထဲမှာ ကျုပ်ကို သတင်းပေးမယ့်လူတွေလည်း ရှိနေတာပဲလေ"

"ဦးက သည်သတင်းနဲ့ ပတ်သက်ပြီး"

ကျင်စန်းက...

"ကျုပ်အားလုံးစီစဉ်ထားပြီးပါပြီ၊ ကျုပ်လူတွေကို မြို့ပတ်လည်မှာ နေရာချထားပြီးပါပြီ၊ သူတို့က မြို့ကို ဝင်စီးနိုင်တယ်ဆိုရင်တော့ ချီးကျူးရမှာပေါ့"

ဝမ်းရှ ပြုံးလိုက်ပြန်သည်။

"ဒါဆို ကျွန်တော်လည်း ပွဲကြီးပွဲကောင်း ကြည့်ရတော့မှာပေါ့"

ကျင်စန်း မျက်နှာတည်သွားသည်။



"အခု ကျုပ်လာခဲ့တာ မောင်ရင်လေးကို သတိပေးဖို့ လာခဲ့တာပါ၊ သည်ကောင်တွေ မြို့ထဲကို ရောက်မလာဘူး မပြောနိုင်ဘူး၊ တကယ်လို့ ရောက်လာပြီး ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ရင် မောင်ရင်လေး နဂါးတွင်းဘက်ကို မသွားမိဖို့တော့ လိုလိမ့်မယ်"

ဝမ်းရှ ပြုံးလိုက်သည်။

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့၊ ကျွန်တော့်ကိုယ်ကျွန်တော် ကာကွယ်နိုင်ပါတယ်"

တဖန်...

"ဦးကို ကျွန်တော်တစ်ခု မေးချင်ပါတယ်"

"မေးပါ၊ ဘာမေးချင်လို့လဲ"

"ဟိုအပေါ်ထပ်က အခန်းတစ်ခန်းကို ဘာကြောင့် သော့ခတ်ပိတ်ထားရသလဲဆိုတာ သိချင်ပါတယ်"

ကျင်စန်း မျက်မှောင်ကုပ်သွားသည်။

"ကျုပ်က ဘယ်အခန်းကိုမှ သော့မခတ်ထားရပါလား၊ ပိတ်မထားရပါလား"

"ဒါပေမယ့် အပေါ်ထပ် အခန်းတစ်ခန်းကတော့ သော့ခတ်ပိတ်ထားတာ အမှန်ပါပဲ"

“မဟုတ်သေးပါဘူးလေ”

ဝမ်းရှက…

“ဒါဖြင့် ဘီလူးညီနောင်က လာပြီး သော့ခတ်သွားကြတာနဲ့ တူတယ်”

တမင် အရွဲ့တိုက်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ကျင်စန်း လက်မခံပါ။

“မဟုတ်တာ၊ သည်ကောင်တွေ သည်အိမ်အနားကိုတောင် မကပ်နိုင်ပါဘူး”

ထိုစဉ်…

“ဝုစ်…ဝုစ်”

“ဒုတ်”

“ဟာ”

မြားနှစ်စင်း ပစ်လွှင့်လာပြီး ကျင်စန်း၏ဝဲယာ တစ်ဘက်တစ်ချက်မှ ဖြတ်ကျော်ကာ ထိုင်ခုံကျောမှီကို ထိုးဖောက်စိုက်ဝင်သွားလေသည်။

ကျင်စန်း အထိတ်တလန့် ဖြစ်သွားသည်။

မြားတံများ ပစ်လွှင့်လာရာဘက်သို့ မျက်လုံးကြီးပြူးကာ ကြည့်လိုက်လေသည်။



ထိုအခါ လှေကားထိပ်၌ လူသုံးယောက် ရှိနေကြသည်ကို တွေ့လိုက်ရလေသည်။

အလယ်မှလူက အရပ်ထောင်ထောင်မောင်းမောင်း ရှိပြီး ဝဲယာတစ်ဘက်တစ်ချက်၌ လေးမြားကိုင်ထားသူနှစ်ဦးက ခြံရံထားလေသည်။

“ဟား…ဟား…ဟား”

အလယ်မှလူက ဟားတိုက်ရယ်မောလိုက်လေသည်။

ထိုလူကား ဘီလူးဖြူပင် ဖြစ်လေသည်။

ယခု ဘီလူးဖြူတို့သည် သော့ခတ်ထားသော အခန်းတွင်း၌ ကြိုတင်ရောက်နှင့်ကာ ခိုအောင်းနေခဲ့ကြခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကျင်စန်းနှင့် ဝမ်းရှတို့က ထိုင်ရာမှ ထရပ်ဖို့ ဟန်ပြင်လိုက်ကြသည်။

ဘီလူးဖြူက…

“ကိုယ့်နေရာကိုယ် ပြန်ထိုင်နေကြပါဗျာ”

သူ၏လူနှစ်ယောက်ကလည်း လေးမြားဖြင့် ပစ်ခတ်ရန် ချိန်ရွယ်ထားလိုက်ကြလေသည်။ ကျင်စန်းနှင့် ဝမ်းရှတို့က ထိုင်ခုံများတွင် ပြန်ထိုင်ချလိုက်ကြလေသည်။

သို့သော်...

ဝမ်းရှက အချိန်မရွေး တိုက်ခိုက်ရန် အသင့်ပြင်ထားသည်ကို မြင်လျှင် ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ မိတ်ဆွေလေးက မိန်းကလေးတစ်ယောက်က သူ့အဖေအတွက် ဓားစာခံသဘောမျိုး မဖြစ်သင့်ဘူးဆိုပြီး ကယ်တင်သွားခဲ့တာ အားမရသေးဘဲ၊ ခုတခါ သူ့အဖေကိုပါ ကယ်တင်ချင်သေးလို့လားဗျာ"

ကျင်စန်းက ဝမ်းရှကို လှမ်းကြည့်လိုက်သည်။

ဝမ်းရှသည် သူ့ကိုလည်း ကူညီလိမ့်မည်ဟု မျှော်လင့်ထားလေသည်။

သို့တိုင် ဝမ်းရှက ဘာမှမပြောဘဲ နေခြင်းကြောင့် ကျင်စန်းစိတ်ပျက်သွားလေတော့သည်။

မည်သို့ဆိုစေ ကျင်စန်းသည် ကြောက်ရွံ့တုန်လှုပ်သည့်အသွင်မျိုးမရှိဘဲ ခပ်တည်တည်ပင် ထိုင်နေသည်။

ဘီလူးဖြူက ရယ်မောလိုက်ပြန်လေသည်။

"မြို့ထဲကို ရန်သူတွေ ဝင်မလာနိုင်ဘူးဆိုပြီး ကိုယ့်ကိုကိုယ်အထင်ကြီးနေတာကိုး၊ မြို့ထဲမှာ ရန်သူတွေ အများကြီး ရောက်နေပြီဆိုတာ မသိပါလားဗျာ"



ကျင်စန်းက...

"မင်းရဲ့လုပ်ရပ်က မင်းပစ် မင်းဒဏ်သင့်စေမယ်ဆိုတာ မတွေးမိတော့ဘူးလား"

ဘီလူးဖြူက...

"ကျုပ်အတွက် ရွေးချယ်စရာ နည်းလမ်းမှ မရှိတော့တာပဲဗျာ၊ ကျုပ်ကိုတော့ ပြောတယ်၊ ခင်ဗျားကိုယ်တိုင်လည်း ဘာကိုမှ အမှုမထားဘဲ ကိုယ်လုပ်ချင်တာ လုပ်နေတာပဲ မဟုတ်လားဗျာ"

"ကျုပ်ကို အများပြည်သူက ထောက်ခံတင်မြှောက်ထားတာပဲ၊ ကျုပ်က"

"ဒါကြောင့် ခင်ဗျားသဘောနဲ့ ခင်ဗျား လူသတ်တယ်၊ မီးရှို့တယ်၊ မတရားလုပ်တယ်၊ ခင်ဗျား ဘာတွေလုပ်တယ်ဆိုတာ လူတိုင်းသိကြတာပဲလေ"

တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချရင်း အခြေအနေတင်းမာလာလေတော့သည်။

ဘီလူးဖြူက...

"ကျုပ်က မတရား လုပ်နေတဲ့ လူတွေကို ပြတ်ပြတ်သားသား တုန့်ပြန်တဲ့ သဘောကို မိတ်ဆွေလေး သဘောပေါက်မယ် ထင်ပါတယ်"

ဝမ်းရှက်ကို လှမ်းပြောလိုက်လေသည်။

ကျင်စန်းက...

"တော်စမ်းပါ၊ မင်း ဘာပဲလုပ်လုပ် သူများကို လိုက်ပြီး သူခိုးသဖော် မညှိစမ်းပါနဲ့"

ဘီလူးဖြူက...

"သည်မိတ်ဆွေလေးက မတရားမှုကို မနှစ်သက်တဲ့လူဆိုတာ ကျုပ်သိထားလို့ ပြောနေတာ"

ဝမ်းရှက သူတို့နှစ်ယောက်အား အကဲခတ် ကြည့်နေပြီး ဘာမှ မပြောချေ။ ဘီလူးဖြူက...

"ကဲ ပြောနေတာ ကြာပါတယ်၊ ကျုပ်တို့နှစ်ယောက် မကျေနပ်တာတွေကို စာရင်းရှင်းလိုက်ကြရင် မကောင်းဘူးလား"

"ကျုပ်က ကြောက်နေရမှာလား"

ကျင်စန်းလည်း မျက်နှာကြီး နီရဲအောင်ပင် ဒေါသထွက်လာလေတော့သည်။

ထိုအချိန်မှာပင် အဝေးမှ ဆူဆူညံညံ အသံများ တခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

◆ ◆ ◆



ဆူညံဟစ်ကြွေးသံများ တခဲနက် ထွက်ပေါ်လာလေသည်။

ဘီလူးဖြူ ရယ်မောလိုက်သည်။

"ဘီလူးမည်းလေးကတော့ လှုပ်ရှားနေပြီ၊ ကျုပ်တို့လည်း လှုပ်ရှားလိုက်ကြတာပေါ့"

ကျင်စန်းကို လှမ်းပြောလိုက်သည်။

တဖန် သူ၏လူနှစ်ယောက်ကို မျက်ရိပ်ပြလိုက်လေသည်။

ဘီလူးဖြူသည် ကျင်စန်းကို တိုက်ခိုက်တော့မည် ဖြစ်လေသည်။ ကျင်စန်း ဒုက္ခရောက်ရတော့မည်လော။ ထိုစဉ်...

"ရပ်လိုက်"

ဟန့်တားသံ ထွက်ပေါ်လာသည်။

လူတစ်စု ဖြုန်းစားကြီး ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

◆ ◆ ◆

လူပုလေးခေါင်းဆောင်သော လူစု ရုတ်တရက် ရောက်ရှိလာပြီး ဘီလူးဖြူတို့အား ဝိုင်းရံကာ လေးမြှားများဖြင့် ချိန်ရွယ်ထားလိုက်ကြလေသည်။

လူပုလေးက…

"ခင်ဗျားတို့ လက်ထဲက ဓားတွေ ချလိုက်ပါ"

ဘီလူးဖြူ မတတ်နိုင်တော့ဘဲ သူ၏ဓားကို ကြမ်းပြင်ပေါ် ဆောင့်ကြီးအောင့်ကြီး ပစ်ချလိုက်လေသည်။

"ဟား…ဟား…ဟား"

ကျင်စန်းက ရယ်မောလိုက်လေသည်။

သို့သော် သူ၏ရယ်မောသံလည်း တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ တစ်ချိန်လုံး ငြိမ်သက်စွာ ရှိနေခဲ့သော ဝမ်းရှက လှုပ်ရှားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ဝမ်းရှက ရှေ့သို့ ခုန်ထွက်လိုက်သည်။

သူ၏ခန္ဓာကိုယ် ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားသွားပြီး လက်နှစ်ဘက် ဝှေ့ယမ်းလိုက်သည်နှင့်…

"ခြွမ်း…ခြွမ်း…ခြွမ်း"

လူပုလေးတို့လူစု ကိုင်ဆောင်ထားသော လက်နက်များ လက်လွတ်ကာ အဝေးသို့ လွင့်စင်သွားတော့သည်။

လူပုလေးတို့မှာ တခဏအတွင်းမှာပင် လက်နက်မဲ့ ဖြစ်သွားကြလေတော့သည်။



"ဟင်"

"ဟာ"

လူပုလေးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ဝမ်းရှကို အားလုံး မျက်လုံးပြူးကာ ကြည့်လိုက်ကြလေသည်။ ကျင်စန်းက…

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ဝမ်းရှက ဦးညွှတ်လိုက်သည်။

"ကျွန်တော်တောင်းပန်ပါတယ်ဗျာ"

ထို့နောက် အားလုံးကို ဝေ့ကြည့်ကာ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"သည်ရန်ပွဲကို ကျွန်တော်ဖြေရှင်းပေးပါ့မယ်၊ ကဲ ဘီလူးဖြူ၊ ခင်ဗျားတို့ အရင်သွားပါ"

ဘီလူးဖြူသည် ဝမ်းရှကို တစ်ချက်ကြည့်ပြီး သူ၏လူနှစ်ယောက်ကို ခေါ်ကာ ထွက်သွားလေသည်။

ဘီလူးဖြူတို့ ထွက်သွားပြီးမှ ဝမ်းရှက ကျင်စန်းနှင့် လူပုလေးကို ပြောလိုက်သည်။

"ကဲ ခင်ဗျားတို့လည်း သွားနိုင်ပါပြီ"

ကျင်စန်းတို့ စကားတစ်လုံးမှ မပြောဘဲ ထွက်သွားကြလေ

တော့သည်။ ရုတ်တရက် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဝမ်းရှ သက်ပြင်းချလိုက်သည်။

သူကိုယ်တိုင်လည်း အိမ်ထဲမှ ထွက်လာခဲ့လေသည်။

ဤတွင် ခပ်လှမ်းလှမ်းရှိ ကုန်းမြင့်ထက်မှ နှစ်ထပ်အဆောက်အဦးကြီး မီးဟုန်းဟုန်း တောက်လောင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

◆ ◆ ◆

ဘီလူးမည်းတို့လူစုနှင့် ကျင်စန်း၏လူများ ထိပ်တိုက်တွေ့ဆုံမိကာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်တွင်...

သခင်မလေးကျင်ပန်းနှင့် ပေ့နန်းတို့က ဘေးကင်းရာအရပ်၌ ရှိနေကြသည်။

နှစ်ယောက်သား ညလေညှင်းခံယင်း ဝမ်းရှနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုနေကြလေသည်။

ကျင်ပန်းက...



"မမရယ်၊ ကျွန်မကို အစ်ကိုဝမ်းရှသာ မကယ်ခဲ့ဘူးဆိုရင် ကျွန်မဘဝ မတွေးဝံ့စရာပါပဲ"

ပေ့နန်းက...

"အစ်ကိုဝမ်းရှဟာ လူဖြောင့်လူမှန်ဆိုတော့ တခါတခါ လူ့ခွစာတစ်ယောက်လိုတောင် ဖြစ်သွားတတ်သေးတာပဲ"

နှစ်ယောက်သား ဝမ်းရှကို သုံးသပ်ရင်း ရယ်မောလိုက်ကြလေသည်။

ပေ့နန်းသည် ဝမ်းရှ အကြောင်းပြောရင်း ဓားနှစ်လက်ဆန်ကျူးကို သတိရပြီး ဝမ်းနည်းကြေကွဲသော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ဆန်ကျူး၊ ပေ့နန်းနှင့် ကျင်ပန်းတို့မှာ တစ်ချိန်က အလွန့်ကို ခင်မင်ရင်းနှီးစွာ နေထိုင်ခဲ့ကြသည် မဟုတ်ပါလား။

နောက်ပိုင်းတွင် ဆန်ကျူးသည် ပေ့နန်းနှင့် ရင်းနှီးစွာ ဆက်လက်ဆက်ဆံခဲ့သော်လည်း ကျင်ပန်းကိုမူ ခပ်စိမ်းစိမ်း ဆက်ဆံသည်အထိ ပြောင်းလဲသွားခဲ့လေသည်။

ဆန်ကျူးက ကျင်စန်းကို လုံးဝသဘောမကျသဖြင့် ကျင်ပန်းကိုပါ အဆက်ဖြတ်လိုက်ခြင်း ဖြစ်ပါတော့သည်။

ကျင်ပန်းသည် ဆန်ကျူးက သူမအား အဆက်ဖြတ်လိုက်

သည်မှာ ပေ့နန်းကြောင့်ဟု အထင်မှားခဲ့သေး၏။

ပေ့နန်းသည် ဆန်ကျူးကို တိတ်တခိုးလေး မေတ္တာသက်ဝင်နေသည် မဟုတ်ပါလား။ ပေ့နန်းက…

"အစ်ကိုဝမ်းရှ အကြောင်းကို ပြောမယ်ဆိုရင် အစ်ကိုဆန်ကျူးအကြောင်း မပါလို့ မပြီးဘူး၊ အင်း အစ်ကိုဆန်ကျူးတို့မောင်နှမလည်း ညီမတို့ ခြံကြီးထဲ ရောက်သွားပြီးတဲ့နောက် လုံးဝကို ပျောက်ကွယ်သွားခဲ့တော့တာပဲနော်"

ကျင်ပန်း မျက်နှာပျက်သွားသည်။

"ကျွန်မက သည်အကြောင်း ဖေဖေ့ကို မေးကြည့်တော့ ဖေဖေကလည်း သူ ဘာမှမသိရဘူး ပြောတာပဲ၊ ကျွန်မလိုက်ရှာပါတယ်၊ ဒါပေမယ့် အရိပ်အရောင်တောင် မတွေ့ခဲ့ရပါဘူး"

နှစ်ယောက်သား ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုနေစဉ် အဝေးမှ အလင်းရောင်များ ထွက်ပေါ်လာသလို မီးတောက်မီးလျှံများ ကောင်းကင်ပေါ် ထိုးတက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်ပန်း ထိတ်လန့်သွားလေသည်။

"မီးလောင်နေတာပဲ၊ အဲဒါ..အဲဒါ"

ပေ့နန်းက…



"ဒါ ညီမတို့ ခြံကြီး ရှိတဲ့ဘက်ကပဲ"

"ဟုတ်တယ်"

"ကျွန်မသွားကြည့်မယ်"

ကျင်ပန်း ထွက်သွားရန် ဟန်ပြင်လိုက်သောအခါ ပေ့နန်းက ဟန့်တားလိုက်လေသည်။

"ညီမ သတိထား"

ကျင်ပန်းသည် ပေ့နန်း၏သတိပေးသံကိုပင် အမှုမထားနိုင်ဘဲ မြင်းတစ်ကောင်ဖြင့် ဒုန်းစိုင်းထွက်သွားတော့သည်။

ဤတွင် ပေ့နန်းလည်း မနေနိုင်တော့ဘဲ မြင်းတစ်ကောင်ဆွဲကာ ကျင်ပန်းနောက်သို့ လိုက်ရလေတော့သည်။

ကျင်ပန်းသည် စိုးရိမ်တကြီး ဖြစ်နေသော်လည်း မီးလောင်နေသော နေရာသို့ ရောက်အောင် မသွားနိုင်ခဲ့ပါ။

သူမအား လူတစ်စုက လမ်းပိတ်ဟန့်တားထားခြင်းကြောင့် ဖြစ်သည်။ ဘီလူးညီနောင်အဖွဲ့မှ ဖြစ်လေသည်။

လူတစ်ယောက်က…

"ကဲ သခင်မလေး မြင်းပေါ်က ဆင်းလိုက်ပါဗျာ"

ဟု ပြောလာလေသည်။

ကျင်ပန်းက…

"ဒါက ဘာသဘောလဲရှင်"

"မင်းတို့ဆီက ဒုက္ခကြွေးတောင်းမလို့လေ"

ထိုလူက ဆက်ပြောသည်။

"မင်းရဲ့အဖေဟာ နယ်သူနယ်သားတွေအပေါ် တင်နေတဲ့ မတရားသဖြင့် လုပ်ချင်တိုင်း လုပ်ခဲ့တဲ့ အပြစ်ကြွေးတွေကို ပြန်ပေးဆပ်ရမှာပေါ့ဗျာ"

ကျင်ပန်းသည် ထိုလူများနှင့် အေးအေးဆေးဆေး ဖြေရှင်း၍ရမည် မဟုတ်မှန်းသိ၍ ဓားဆွဲကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ထိုလူ ရယ်မောလိုက်သည်။

"မဆိုးဘူး၊ မင်းသတ္တိရှိသားပဲ၊ ကဲ ကျုပ်တို့ ယှဉ်ပြိုင်ကြည့်ကြသေးတာပေါ့"

"ရှင်သတိထားပါ"

ကျင်ပန်းက ဓားဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

ထိုလူကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

◆ ◆ ◆



ကျင်ပန်းနှင့် ရင်ဆိုင်နေသူမှာ ဘီလူးညီနောင်အဖွဲ့မှ အရေးပါသူတစ်ယောက် ဖြစ်လေသည်။

ထိုလူက ကျင်ပန်းကို ဆုံးမနိုင်မည်ဟု သူ၏အဖွဲ့သားများက ယုံကြည်ထားကြပြီး ပါဝင်တိုက်ခိုက်ခြင်း မပြုကြဘဲ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိုက်ကြလေသည်။

သို့သော်...

တစ်ယောက်နှင့်တစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြရင်း မကြာမီ ကျင်ပန်း၏ဓားရိပ်များက ထိုလူ၏တစ်ကိုယ်လုံး လွှမ်းခြုံသွားတော့သည်။

ထိုလူလည်း ကျင်ပန်းကို အထင်မသေးရဲတော့ပါ။

ကျင်ပန်း၏ဓားချက်များမှ လွတ်မြောက်ဖို့ ကြိုးစားရင်း ကျင်ပန်း၏သွက်လက်သော ဓားတစ်ချက်က သူ၏လက်တစ်ဘက်ကို ခန္ဓာကိုယ်နှင့် ခွဲခွာသွားစေခဲ့တော့သည်။

"ဒုတ်"

"အား"

ပြင်းထန်သော နာကျင်မှုကြောင့် ထိုလူ ငယ်သံပါအောင် အော်ဟစ်လိုက်လေသည်။ ထိုလူ မရှုမလှ ခံလိုက်ရသည်ကို တွေ့ရမှ သူ၏အဖွဲ့သားများ သတိဝင်လာကြလေသည်။

တစ်ယောက်က ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ မြှားဖြင့် လှမ်းပစ်လိုက်လေသည်။

အဖြစ်အပျက်က လျင်မြန်လွန်းလှသည်။

ကျင်ပန်းက သူမနှင့် ရင်ဆိုင်နေသူကို အာရုံရောက်နေသဖြင့် ရုတ်တရက် မြှားဖြင့် ပစ်ခတ်လိုက်သည်ကို သတိမပြုမိလိုက်ချေ။

ထိုစဉ် မြင်းဒုန်းစိုင်းကာ လိုက်လာသော ပေ့နန်းက ကျင်ပန်း မြှားပစ်ခံလိုက်ရသည်ကို တွေ့မြင်သွားလေသည်။

"ညီမ သတိထား"

ကပျာကယာ အော်ပြောလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

ရိပ်ခနဲ ပစ်လွှင့်သွားသော မြှားတံက ကျင်ပန်း၏ရင်ဝ၌ တည့်မတ်စွာ စိုက်ဝင်သွားလေတော့သည်။

"အင့်"

ကျင်ပန်း မသဲမကွဲ ညည်းတွားရင်း မြေပေါ် လဲကျသွားလေတော့သည်။

"ညီမ"

ပေ့နန်းလည်း ဒရောသောပါး ရောက်ရှိလာပြီး မြင်းပေါ်မှ



ခုန်ဆင်းကာ ကျင်ပန်းကို ဖေးမလိုက်လေသည်။

"ဖြစ်မှဖြစ်ရလေ ညီမရယ်"

ပေ့နန်း ဒေါသထွက်သွားလေသည်။

ဘီလူးညီနောင်အဖွဲ့သားများအား အော်ငေါက်လိုက်သည်။

"ရှင်တို့ ရက်စက်လှချည်လား၊ သူ့အဖေ မကောင်းဘူးဆိုတာ သူနဲ့ ဘာဆိုင်လို့လဲ၊ ခုတော့ ရှင်တို့ဟာ အပြစ်မရှိတဲ့ လူတစ်ယောက်ကို ရက်ရက်စက်စက် ဒုက္ခပေးလိုက်ကြတာပဲ"

ဘီလူးညီနောင်အဖွဲ့သားများသည် ပေ့နန်းကို ကောင်းစွာသိထားကြပြီး ပေ့နန်း၏စကားကို ပြန်မချေပနိုင်ကြသဖြင့် မျက်နှာလွှဲထားလိုက်ကြလေတော့သည်။

ပေ့နန်းက ကျင်ပန်းကို ငုံ့ကြည့်လိုက်၏။

ကျင်ပန်း၏ရင်ဝ၌ သွေးချင်းချင်း နီရဲနေသည်။

မြှားတံက နက်ရှိုင်းစွာ စိုက်ဝင်သွားခြင်း ဖြစ်သည်။

သမားတော်ထံသို့ အမြန်ဆုံး ပို့ပေးသည့် တိုင်အောင် ကျင်ပန်း၏အသက်ကို ကယ်တင်နိုင်တော့မည် မဟုတ်ပါ။

"ဖြစ်ရလေ ညီမရယ်"

ပေ့နန်း မချိတင်ကဲ ညည်းတွားလိုက်လေသည်။

ထိုစဉ် ကျင်ပန်း၏နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်လာသည်။

တစ်စုံတစ်ခု ပြောချင်နေပုံမျိုး ဖြစ်သည်။

ပေ့နန်းက...

"ညီမလေး ဘာပြောချင်လို့လဲ ပြောလေ"

ကျင်ပန်းက ပြောဖို့ အားယူရင်း လုံးဝမဟန်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

"ဟာ"

ပေ့နန်း အထိတ်တလန့် အော်လိုက်မိသည်။

ကျင်ပန်းကား သေဆုံးသွားချေပြီ။

ယခုလို အဖြစ်ဆိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု မည်သူကမှ မျှော်လင့်ထားကြမည် မဟုတ်ပါချေ။

မကြာသေးမီကပင် လေညှင်းခံကာ နှစ်ယောက်သား စကားပြောဆိုခဲ့ကြသေး၏။

ယခုတော့ ကျင်ပန်းက ထာဝရ ခွဲခွာသွားပြီ ဖြစ်လေသည်။

"ညီမရယ်"

ပေ့နန်း မချိတင်ကဲ ဖြစ်သွား၏။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ ထိန်းမနိုင် သိမ်းမရ စီးကျလာလေတော့သည်။

◆ ◆ ◆



တိုက်ပွဲများက နေရာအနှံ့အပြား၌ ဖြစ်ပေါ်နေသည်။

ကျင်စန်း၏လူများနှင့် ဘီလူးညီနောင်အဖွဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

ဝမ်းရှသည် ပေ့နန်းနှင့် ကျင်ပန်းတို့အတွက် စိတ်ပူကာ အသင့်ရှိနေသော မြင်းဖြူကြီးတစ်ကောင်ကို စီးနင်းကာ ဒုန်းစိုင်း ထွက်လာခဲ့လေသည်။

ထိုမြင်းဖြူကြီးကား ကျင်စန်း၏မြင်းဖြူ ဖြစ်ရကား ဘီလူး ညီနောင်အဖွဲ့သားများက ဝမ်းရှကို ကျင်စန်း ထင်မှတ်ကာ ပြင်းပြင်း ထန်ထန် တိုက်ခိုက်ကြတော့သည်။

မြှားတစ်စင်းသည် မြင်းဖြူကြီးအား ထိမှန်သွားလျှင် ဝမ်းရှလည်း မြင်းပေါ်မှ အရှိန်ဖြင့် လွင့်စဉ်သွားပြီး မြေပေါ်သို့ အရှိန်မထိန်း နိုင်ဘဲ ကျသွားသောအခါ သတိလစ်သွားခဲ့တော့သည်။

ဝမ်းရှ သတိရလာသောအခါ...

ဝမ်းရှ မျက်လုံးဖွင့်လိုက်လျှင် သူ့အား စိုးရိမ်တကြီး ကြည့် နေသူသုံးယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်မှာ ပေ့နန်း၊ လေခွင်းဓားကျန်းရှီနှင့် ကူး မေတို့ ဖြစ်နေသည်။

"ကျုပ်..ကျုပ်က.."

ကျန်းရီက...

"မင်းက ကျုပ်အိမ်မှာ ရောက်နေတာလေ"

"ဗျာ"

"ညက တိုက်ပွဲတွေ ပြင်းထန်ခဲ့တယ်၊ မင်းက ကျင်စန်းရဲ့ မြင်းဖြူကြီး စီးပြီး တိုက်ပွဲကြားထဲ ရောက်သွားတော့ ပစ်မှတ်တစ်ခု ဖြစ်သွားရတာပေါ့ကွာ"

ထိုစကားကြောင့် မည်သို့မည်ပုံ ကြုံတွေ့ခဲ့ရသည်ကို ဝမ်းရှနားလည်လိုက်လေတော့သည်။

ကျန်းရီက...

"နောက်ပိုင်းမှ မင်းမှန်းသိသွားပြီး ဘီလူးဖြူကိုယ်တိုင် မင်းကိုခေါ်လာပြီး ကျုပ်ဆီကို ပို့ပေးသွားခဲ့တာကွ"

ဝမ်းရှက...

"လက်စသပ်တော့ ဘီလူးဖြူက သည်နေရာကို လာပို့ပေးသွားတာကိုး"

"အေး မင်းက သူ့ကို ကူညီခဲ့တယ်ဆို"

"ဒါက.."

"ဘာပဲဖြစ်ဖြစ် သူကတော့ မင်းကို ကျေးဇူးတင်နေတာပါပဲ"

ဝမ်းရှက ပေ့နန်းကို ကြည့်လိုက်သည်။



"ညီမကကော၊ သည်နေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲဟင်"

ပေ့နန်းက...

"ဘီလူးညီနောင်အဖွဲ့က လူတွေ သတင်းပေးလို့ အစ်ကို သည်မှာ ရောက်နေတယ်ဆိုတာ သိပြီး လိုက်လာခဲ့တာပါ"

ဝမ်းရှက...

"ကျင်ပန်းကော"

သူ၏အမေးစကားကြောင့် ပေ့နန်း မျက်နှာပျက်သွားလေတော့သည်။ ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်နေ၏။

ဝမ်းရှက...

"ကျင်ပန်းကော၊ သူက ညီမနဲ့အတူတူ ရှိနေခဲ့တာပဲ မဟုတ်လား"

"ဟုတ်..ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်.."

"ဒါပေမယ့် ဘာဖြစ်သလဲ ပြောပါဦး"

"သူ မရှိတော့ပါဘူး"

"ညီမ ဘယ်လိုပြောလိုက်တာလဲ၊ သူ မရှိတော့ဘူးဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲ"

"သူ..သူ.."

ပေ့နန်း စကားထစ်ထစ်ငေါ့ငေါ့ဖြင့် ဆက်မပြောနိုင်အောင် ဖြစ်နေပါတော့သည်။

ဖမ်းရှသည် ပေ့နန်းကို ကြည့်ရင်း အခြေအနေကို နား လည်သဘောပေါက်သလို ရှိလာလေသည်။

"ညီမ၊ ကျင်ပန်း ဒုက္ခရောက်သွားပြီ ဟုတ်လား"

ပေ့နန်း မတတ်သာဘဲ ဝန်ခံလိုက်ရလေသည်။

"ဟုတ်ပါတယ် အစ်ကို"

ဝမ်းရှလည်း ငိုင်ကျသွားတော့သည်။

ပေ့နန်းက...

"ကျင်စန်းဟာ ဘူ့လူတွေကို ဖယ်ရှားပြီး အစ်ကို့ကို တစ်ယောက်ထဲ ထားခဲ့တာဟာ ထောင်ချောက်ဆင်တဲ့ သဘောပါပဲ၊ ပြီးတော့ ဘီလူးညီနောင်အဖွဲ့ မြို့ကို ဝင်စီးမယ်၊ သူတို့ သဘောမကျ တဲ့ လူတွေကို ရှင်းပစ်ဖို့ပါပဲ၊ အစ်ကို့ကို သူတို့ဘက်ပါမယ် ထင်တယ် တစ်မျိုး၊ မပါဘူး ထင်ရင် တစ်မျိုးပေ့ါလေ၊ အခြေအနေ ကြည့်ပြီးမှ ဆုံးဖြတ်ဖို့ ကြံစည်ထားကြတဲ့ သဘော ရှိပါတယ်"

ဝမ်းရှ သက်ပြင်းချလိုက်သည်။

ပေ့နန်းကို စိုက်ကြည့်လိုက်ပြီး...

"ကျင်စန်းနဲ့ ဘီလူးညီနောင်အဖွဲ့ရဲ့ လှုပ်ရှားမှုတွေကို ကျူပ်



ရိပ်မိတန်သလောက် ရိပ်မိပြီးပါပြီ၊ ညီမဟာ ဘီလူးညီနောင်အဖွဲ့နဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာလဲ သိချင်ပါတယ်"

ဟု မေးလိုက်သည်။ ပေ့နန်းက...

"ကျွန်မအကြောင်းလည်း အစ်ကိုရိပ်မိနေမယ်ဆိုတာ ကျွန်မသိပါတယ်ရှင်"

သူမလည်း ပွင့်ပွင့်လင်းလင်း ပြောလာလေတော့သည်။

"တကယ်တော့ ဘီလူးညီနောင်ဟာ အစ်ကိုဆန်ကျူးရဲ့ တပည့်တွေပါ၊ အစ်ကိုဆန်ကျူး ပြန်ရောက်လာတော့ ဘီလူးညီ နောင်က သုံးလေးကြိမ် လာတွေ့ကြတယ်၊ ကျင်စန်းကြောင့် လူတွေ ဒုက္ခရောက်နေတဲ့ ကိစ္စကို ပြောပြကြတယ်"

ဝမ်းရှက...

"အစ်ကိုဆန်ကျူးကို လာပြီး အကူအညီတောင်းတဲ့ သဘောကိုး"

ပေ့နန်းက...

"ဟုတ်ပါတယ်၊ ဒါပေမယ့် အစ်ကိုဆန်ကျူးဟာ ဘီလူးညီ နောင်နဲ့ အဆက်အသွယ် ရှိနေတာကို ကျင်စန်းက ရိပ်မိသွားပုံရ တယ်၊ မကြာပါဘူး၊ အစ်ကိုဆန်ကျူးတို့မောင်နှစ်မ ပျောက်ဆုံးသွား ကြတယ်၊ သူတို့အမေလည်း ဆုံးပါးသွားတယ်၊ အိမ်ကိုလည်း မီးရှို့

ဖျက်ဆီးခံလိုက်ရတယ်၊ ကျင်စန်းက လူတွေကို ပို့ပြီး နှိပ်စက်လာတယ်၊ အခု ဘီလူးညီနောင်အဖွဲ့ရဲ့ တိုက်ခိုက်မှုတွေကြောင့် အခြေအနေက ပိုပြီး ဆိုးဝါးလာနိုင်တာပေါ့"

ဝမ်းရှ သက်ပြင်းချလိုက်သည်။

ပေ့နန်းကို မေးလိုက်ပြန်သည်။

"ကျူပ်ရောက်လာမယ့် အကြောင်းကို ဆန်ကျူးက ညီမကို ပြောပြမိတယ် မဟုတ်လား"

ပေ့နန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ပြောခဲ့ပါတယ်"

ဝမ်းရှက...

"ဘီလူးညီနောင်ကိုကော ပြောမပြခဲ့ဘူးလား"

ပေ့နန်း ခေါင်းခါယမ်းလိုက်လေသည်။

"ဒါတော့ ကျွန်မလည်း မသိဘူး အစ်ကို"

သူမ အနည်းငယ် စဉ်းစားပြီးမှ ပြောလေသည်။

"ကျွန်မစိတ်ထင်တော့ သူပြောမပြခဲ့ဘူး ထင်တာပဲ၊ ပြောခဲ့ရင် မနေ့ညကတည်းက အစ်ကိုကြီးကို သိနေရမှာပေါ့"

"ကောင်းပြီလေ၊ အခု ကျူပ်ကို ဘယ်လိုသဘောထားကြမယ်လို့ ညီမထင်သလဲ"



ပေ့နန်းက...

"ခုတော့ သူတို့က အစ်ကိုကြီးကို ရိုသေလေးစားနေကြပါပြီ၊ အစ်ကိုဆန်ကျူးရဲ့ သူငယ်ချင်း ဖြစ်တဲ့အပြင် အသက်လည်း ကယ်ခဲ့တယ်ဆိုတော့ ပိုပြီး လေးစားနေကြပါပြီ"

ဝမ်းရှက...

"ကျင်ပန်းကို သူတို့လက်ထဲက ကယ်တင်သွားခဲ့တာကိုကော ဘယ်လိုသဘောထားမလဲ"

ပေ့နန်းက...

"အစ်ကိုကြီး ဘာကြောင့် သည်လိုလုပ်ခဲ့တယ်ဆိုတာကို သူတို့နားလည်သဘောပေါက်နေကြပါပြီ၊ ဒါကြောင့် ကျင်ပန်းကို ကယ်တင်သွားခဲ့တဲ့ ကိစ္စကို သူတို့ ဘယ်လိုမှ သဘောထားကြမှာ မဟုတ်ပါဘူး"

ဝမ်းရှသည် ပေ့နန်းကို ကြည့်ရင်း တချိန်က ဆန်ကျူးအား ပေ့နန်းနှင့် ကျင်ပန်းတို့ သံယောဇဉ် ငြိတွယ်မိကြသည်ကိုလည်းကောင်း၊ ယခုအချိန်တွင် သူ့အပေါ်၌ သူမတို့နှစ်ယောက် ထားရှိကြသည့် သဘောထားကိုလည်းကောင်း တွေးတောသုံးသပ်နေလိုက်မိသည်။

ပေ့နန်းက...

"ကျွန်မက ကျင်ပန်းနဲ့ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးစရာ ကိစ္စတွေ ရှိသေးလို့ သူ့ကို အိမ်ကို ခေါ်သွားတာပါ၊ ဒါပေမယ့်.."

သူမ၏စကား တပိုင်းတစဖြင့် ရပ်သွားပြန်လေသည်။

ဝမ်းရှကာ...

"ထားပါတော့လေ၊ အခု သူက.."

"သူ သေဆုံးသွားပါပြီရှင်"

ပေ့နန်းက ကျင်ပန်း သေဆုံးခဲ့ရပုံကို ပြောပြလိုက်လေသည်။

◆ ◆ ◆



ညကောင်းကင်ပြင်ကျယ်၌ ကြယ်တာရာများ အေးချမ်းငြိမ်သက်စွာ ထွန်းလင်းတောက်ပနေလျက် ရှိသော်လည်း ကျန်းစုမြို့တစ်မြို့လုံးမှာ အေးချမ်းငြိမ်သက်ခြင်း မရှိနိုင်ရှာဘဲ ငရဲပြည်အလား ဓားခုတ်သံများ၊ ပေါက်ကွဲသံများ၊ မြို့သူမြို့သားတို့၏ အော်ဟစ်ပြေးလွှားသံများ၊ နာကျည်းညည်းညူသံများ၊ ငိုကြွေးသံများ စသည်စသည် တစ်မြို့လုံး ပွက်ပွက်ဆူညံနေလျက် ရှိနေလေသည်။

ကျန်းစုမြို့ထဲတွင် ဘီလူးညီနောင်အဖွဲ့တို့နှင့် မြို့အုပ်ချုပ်သူ သံမဏိလက်ဝါးကျင်စန်းတို့ အုပ်စု သူသေကိုယ်သေ အကြိတ်အနယ် သဲသဲမဲမဲ တိုက်ပွဲဆင်နေကြလေသည်။

အခြေအနေမှာ သံမဏိလက်ဝါးကျင်စန်းတို့ လူစုများပင်။

အတွင်း မြို့ခံလူ ဖြစ်ရမည့်အစား မြို့စွန်မှ နေ၍ ပြင်ပလူ့အဖွဲ့အစည်းပမာ မြို့ထဲသို့ ဝင်ရောက်ထိုးဖောက်တိုက်ခိုက်နေရသလို ဖြစ်နေသည်။

အကြောင်းမှာ သံမဏိလက်ဝါးကျင်စန်းတို့အဖွဲ့သည် ကောက်ကျစ်စဉ်းလဲသောဉာဏ် သုံးထားကြပြီ ဖြစ်သည်။

ကျင်းစန်းသည် သူ့အဖွဲ့အားလုံးကို မြို့ပြင်သို့ လှို့ဝှက်ထုတ်ထားလိုက်၏။

ပြီးလျှင် ညသန်းခေါင်အချိန်သို့ ရောက်လျှင် ဘီလူးညီနောင်

မြို့ဝင်စီးသည့်ဟန်ပုံ မှားရိုက်၍ သူ၏အဖွဲ့ မြို့အတွင်း၌ သူတို့အဖွဲ့အစည်းအား အနှောင့်အယှက်ပေးနေသူ၊ အာခံနေသူအားလုံးကို ကွက်၍ သုတ်သင်ရှင်းလင်းပစ်မည့် အကြံအစည်ပင် ဖြစ်ပေတော့၏။

ထို့ကြောင့် သံဃာလက်ဝါးကျင်စန်းတို့ အဖွဲ့အားလုံး ထိုမြို့တွင်း၌ လုံးဝမရှိဘဲ မြို့ပြင် ရောက်နေကြသဖြင့် မြို့တွင်း၌ အစောင့်အကြပ် ကင်းမဲ့နေပြီး ဘီလူးအဖွဲ့တို့ ကျန်းစုအတွင်းသို့ လွယ်လင့်တကူ ချဉ်းနင်းဝင် ရောက်လာနိုင်ခဲ့ကြလေသည်။

ထိုအခါ ဘီလူးအဖွဲ့တို့ အဖွဲ့အစည်း မြို့တွင်း၌ လူစုဝေးမိကြလေသည်။

ထိုစဉ် အကြံကြီးသော သံမဏိလက်ဝါးကျင်စန်းမှာ ညဦးနက်သည်နှင့် ကျန်းစုမြို့သို့ ဝင်စီးလေရာ မြို့တွင်း၌ အသင့်ရောက်ရှိနေကြသော ဘီလူးအဖွဲ့နှင့် ထိပ်တိုက်ဆုံတွေ့ပြီး တိုက်ပွဲ အကြီးအကျယ် ဆင်နွှဲကြလေသည်။

ထိုအခါ ဘီလူးအဖွဲ့သားတို့သည် မြို့ထဲသို့ ဝင်ရောက်လာကြသော သံမဏိလက်ဝါးလူစုတို့ကို ထွက်ပေါက်တစ်ပေါက်သာ ဖွင့်ပေး၍ စက်ဝိုင်းသဏ္ဍာန် ပတ်ပတ်လည် ဝိုင်းရံလိုက်ကြလေသည်။

မမျှော်လင့်ဘဲ စောင့်ကြို၍ ဘီလူးအဖွဲ့တို့၏ မြို့တွင်းမှ



အသင့်စောင့်ကြို တိုက်ခိုက်မှုကြောင့် သံမဏိလက်ဝါးကျင်းစန်းတို့လူစု မြားချက်ပစ်ခွင်းခံရမှုကြောင့် အဆုံးအရှုံးများပြားကာ ထွက်ပေါက်တစ်ခုတည်း ရှိသော မြို့စွန်သို့ မြင်းကို ဒုန်းစိုင်း၍ တပ်ခေါက်ဆုတ်ပြေးကြရလေ၏။

ထိုအခါ အထက်စီးက ရနေသော ဘီလူးအဖွဲ့တို့သည် တပ်ခေါက်၍ ထွက်ပြေးသွားကြသော ကျင်စန်း၏အဖွဲ့သားများနောက် ပတ်ပတ်လည် ဝိုင်းရံလျက် ဖြာသံပေး၍ ထပ်ကြပ်မခွာ လိုက်လံတိုက်ခိုက်ကြ လေသည်။

အမှန်တော့ ဘီလူးအဖွဲ့တို့သည် ကျင်စန်းကိုယ်တိုင် ခေါင်းဆောင်လာသော အဖွဲ့ကို မြို့စွန်သို့ ထွက်ပေါက်ပေးလိုက်သည်မှာ အကြောင်းမဲ့ မဟုတ်ပါချေ။

အကြောင်းတော့ ရှိပါသည်။

ယင်းအကြောင်းကို သံမဏိလက်ဝါးကျင်စန်းတို့ ပြေးလမ်းဆုံးတော့မှ အလိုလို သဘောပေါက်နားလည်သွားရလေသည်။

သို့နှင့် သံမဏိလက်ဝါးကျင်စန်းတို့အဖွဲ့ ဒုန်းစိုင်းနှင်၍ ပြေးလာသောအခါ မြို့စွန်ရှိ သူ့ဌာနချုပ်စန်ခန်းရှိရာ ခြံဝင်းကြီး၏ အနောက်ဘက်ခြမ်း အရပ်ဆီသို့ ရောက်ရှိလာကြလေသည်။

ထိုအချိန်တွင် သူတို့ ခြံဝင်းကျယ်ကြီးထဲ၌ ရှိသော အ

ဆောက်အအုံများမှာ ဘီလူးအဖွဲ့တို့၏ လက်ချက်ကြောင့် မီးဟုန်းဟုန်းတောက်လောင်နေသည်ကို ကျင်စန်း နှမြောတသစွာ လှမ်းမြင်တွေ့လိုက်ရလေသည်။

ထိုစဉ်...

ပေ့နန်းအိမ်တွင် သွားရောက်နေသော သူ၏သမီးလေး ကျင်ပန်းကို သတိရမိလိုက်သည်။

ထိုစဉ်မှာပင် သံမဏိလက်ဝါးကျင်စန်းမှာ ရှေ့သို့ ဆက်ပြေးစရာမြေ ရှိတော့ကြောင်း သဘောပေါက်နားလည်လိုက်လေသည်။

အကြောင်းမှာ သူတို့ရှေ့တွင် မရဏာနွံအိုင်ပဲ ရှိပြီး ဖြတ်သန်းပြေးလွှားစရာ ရှိတော့သည်။

ဘေးပတ်ပတ်လည်တွင် မီးတုတ်ကိုယ်စီ၊ လက်နက်မျိုးစုံကိုင်ဆောင်လျက်၊ ဝိုင်းရံလျက် ရှိသော ဘီလူးအဖွဲ့တို့က ကျင်စန်း၏အဖွဲ့များထံ တရွေ့ရွေ့ ချဉ်းကပ်လာလေသည်။

ထိုအခါ...

ကျင်စန်းတို့ လူဆယ်ယောက်မျှသာ ကျန်ရစ်ပြီး ရွေးစရာလမ်းနှစ်လမ်းသာ ရှိတော့သည်။

တစ်လမ်းက အင်အားတောင့်တင်းစွာ ဝိုင်းရံထားသော ဘီလူးအဖွဲ့အား အသေခံ ထိုးဖောက်တိုက်ခိုက်သွားရမည့်လမ်း ဖြစ်



သည်။ နောက်လမ်းက ပြန်လမ်းရှိခဲလှသော မဏာရနွံအိုင်ကို ဖြတ်ကျော်သွားရန် ဖြစ်သည်။

သေချာစွာ စဉ်းစားကြည့်လိုက်သော ထိုလမ်းနှစ်လမ်းတို့က ကျင်စန်းတို့အဖွဲ့ လွတ်လမ်းမမြင်နိုင်သော လမ်းများ ဖြစ်ကြလေသည်။

နောက်ဆုံး သူတို့ဆီသို့သာ တရွေ့ရွေ့ ချဉ်းကပ်လာသော ဘီလူးအဖွဲ့တို့အား ခုခံတိုက်ခိုက်ရန်အတွက် အသင့်ပြင်လိုက်ကြလေသည်။

ထိုအခိုက်မှာပင် မြို့တစ်နေရာမှ မီးတောက်ရဲရဲကြီးတစ်ခု ညကောင်းကင်ပေါ်သို့ တိုးတက်လာသည်။

ထို့နောက်...

မည်းမှောင်သော မီးခိုးလုံးများ တစ်လိမ့်ပြီးတစ်လိမ့် တက်လာလေသည်။

ယင်းအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော ဘီလူးဖြူက အထိတ်တလန့်ဖြင့် ပြောလိုက်၏။

"ညီလေး၊ အဲသည် မီးတောက်က ပေ့နန်းတို့ အိမ်ဘက်ကပဲ၊ ဒုက္ခပဲ ဆရာကြီးတို့ အိမ်များ ဖြစ်နေရင်ဒုက္ခ၊ ငါတို့ အဖွဲ့ခွဲပြီး သွားကြည့်လိုက်ရင် ကောင်းမယ်"

ထိုသို့ ပြောတော့ ဘီလူးမည်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး...

"ဒါဆိုလဲ အစ်ကိုကြီးတို့ အဖွဲ့သားတစ်ချို့ ခေါ်ပြီးသွားလေ"

"အေး..အေး ဒါနဲ့ ညီလေးတို့အဖွဲ့နဲ့ပဲ ဟိုလူယုတ်မာကြီးအဖွဲ့ကို မရဏခံတွင်းထဲ မောင်းသွင်းနိုင်ပါတယ်နော်"

"ရပါတယ် အစ်ကိုကြီးရယ်"

ထို့နောက်...

ဘီလူးဖြူသည် အဖွဲ့သားအချို့ကို ခေါ်၍ မီးတောက်လောင်နေသော ပေ့နန်းတို့ ရပ်ကွက်ဆီသို့ မြင်းဒုန်းစိုင်းနှင်၍ ထွက်ခွာသွားကြလေတော့၏။

ယင်းသို့ ဘီလူးဖြူတို့အဖွဲ့ တစ်ချို့ ခွဲထွက်သဖြင့် ဘီလူးမည်းတို့အဖွဲ့ အင်အား လျော့ပါးသွားရလေသည်။

သို့သော်...

ဘီလူးမည်းတို့အဖွဲ့မှာ လူအင်အားဆယ်ယောက်မျှသာ ရှိသော ကျင်စန်းတို့အဖွဲ့အား မရဏန္တံအိုင်ထဲသို့ အသာတကြည် မောင်းသွင်းနိုင်ပါသေးသည်။

ထို့ကြောင့် ဘီလူးအဖွဲ့သည် ဖြာသံပေး၍ မရဏန္တံအိုင်



အစပ်တွင် ရပ်ဆိုင်းနေသော ကျင်စန်းတို့ထံ တရွေ့ရွေ့ ချဉ်းကပ်လာကြလေသည်။

ထိုအခိုက်မှာပင် ဘီလူးမည်းတို့အဖွဲ့ နောက်ဘက်မှ ဖြာသံပေး၍ မြင်းကိုယ်စီ စိုင်းနှင်လာသော အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာကြသည်။

ဘီလူးမည်းသည် စောစောက ထွက်ခွာသွားသော သူ့အစ်ကိုကြီးအဖွဲ့ဟု ထင်မိ၏။

သို့သော် မဟုတ်ပါချေ။

မမျှော်လင့်ဘဲ သူတို့ နောက်ကျောဘက်မှ စိုင်းနှင် ရောက်ရှိလာကြသော မြင်းသမားတစ်စုတို့မှာ ကျေးရွာဘက်မှ ထွက်ခွာလာကြသည့် ဝူးတာဦးဆောင်သော အဖွဲ့အစည်းတစ်ခုပင် ဖြစ်လေသည်။

ဝူးတာတို့လူစုက ကျင်စန်း၏အဖွဲ့အစည်းပင် မဟုတ်ပါလား။

သိပ်မကြာလိုက်ပါချေ။

ဘီလူးမည်းတို့အဖွဲ့နှင့် ဝူတာတို့အဖွဲ့ အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်ကြလေသည်။

ကြယ်ရောင်မှုန်ဝါးဝါး အောက်ဝယ် အဖွဲ့နှစ်ခုတို့ ရောထွေး၍ သဲသဲမဲမဲ ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလေ

သည်။ ငူးတတို့လူစု အင်အားမှာလည်း မသေးလှပါချေ။

ထို့ကြောင့်...

ဘီလူးဖြူတို့လူစု ခွဲထွက်သွားကြသဖြင့် ဘီလူးမည်းတို့မှာ အင်အားသိသာစွာ လျော့နည်းသွားရလေ၏။

အတန်ကြာ တိုက်ခိုက်ကြသောအခါ အဖွဲ့နှစ်ဖွဲ့စလုံး အကျအရှုံးများကြသည်။

ထိုအချိန်တွင် ကျင်စန်းတို့ ဆယ်ယောက်မှာ အသက်ရှူပေါက် ချောင်သွားရပြီး ငူးတတို့လူစုနှင့် ပူးပေါင်း၍ ဘီလူးမည်းတို့အုပ်စုကို တိုက်ခိုက်ရင်း ဝိုင်းရံမှုကြားမှ ထိုးဖောက်ထွက်လိုက်ကြလေသည်။

ငူးတသည် ဘီလူးညီနောင်တို့ ဝိုင်းရံခံထားရသည့် ကျင်စန်းတို့ကို ကယ်ထုတ်လိုက်သည်နှင့် မြို့ပြင်သို့ ဒုန်းစိုင်းဆုတ်ခွာ ထွက်ပြေးသွားကြလေ၏။

ထိုအခါ...

ဘီလူးမည်းတို့မှာ ဝိုင်းရံထားသည့်ကြားမှ မမျှော်လင့်ဘဲ ငူးတတို့လူစု ဝင်ရောက်တိုက်ခိုက်လာမှုကြောင့် ကျင်စန်းနှင့် မှဲ့တစ်လုံးတို့ ပြန်လည်လွတ်မြောက်သွားသည်ကို ကြိတ်မနိုင်ခဲမရ ဖြစ်သွားလေသည်။



ထို့နောက် ဘီလူးမည်းတို့လူစုသည် သူ့အစ်ကိုကြီး ရှိရာ ပေ့နန်းအိမ်ဘက်သို့ ဦးတည်၍ စိုင်းနှင်လာခဲ့ကြတော့သည်။

◆ ◆ ◆

ဝမ်းရှသည် မည်သို့ လုပ်ရမည်မသိ ဖြစ်နေရလေ၏။

သူ၏ရင်ခွင်ထဲ၌ ခေါင်းငုံ၍ ပေ့နန်းက တသိမ့်သိမ့် ငိုကြွေးနေ၏။

သူသည် သူမ၏နူးညံ့သော ဆံပင်များကို အသာအယာ ဆုတ်နယ်ပေးရမည်လော။

သို့မဟုတ် ချိုသာသော စကားများဖြင့် နှစ်သိမ့်ရမည်လော။

သူသည် ပေ့နန်းအား မည်သို့ နှစ်သိမ့်ရမှန်းမသိ ဖြစ်နေ၏။

မျက်လုံးအပြူးသားနှင့် ကြောင်အမ်းအမ်း ဖြစ်နေလေသည်။

ထိုအခိုက်...

"ခွပ်...ခွပ်...ခွပ်"

"ခွပ်..ခွပ်..ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူတို့နှစ်ယောက်သည် မြင်းခွာသံကြောင့် အလန့်တကြား ပင် လူချင်း ခွဲလိုက်ကြသည်။

သူတို့ ခုတင်ပေါ်မှ ထလိုက်ကြသည်။

ထို့နောက်...

ပြတင်းပေါက်သို့ လျှောက်သွားလိုက်ကြလေသည်။

သူတို့သည် ပြတင်းပေါက်မှနေ၍ ပြင်ပသို့ ခေါင်းပြူကြည့် လိုက်ကြလေသည်။

ထိုအခါကျမှ သူတို့နေထိုင်ရာ ခြံပေါက်ဝဆီသို့ ဘီလူးဖြူနှင့် အဖွဲ့သားတို့သည် သွေးစွန်းစွန်း ချွေးရွှဲရွှဲ ဖရိုဖရဲဖြင့် မောပန်းတကြီး ရောက်ရှိလာကြလေသည်။

သို့သော်...

သူတို့မျက်နှာများတွင် ကျေနပ်မှု အပြည့်အဝ ရှိနေသည် ကို တွေ့မြင်ရ၏။

သူတို့လူစုသည် ပင်ပန်းကြမ်းတမ်းသော ကဏ္ဍတစ်ခုကို ဖြတ်ကျော်ခဲ့ကြရသော်လည်း အောင်မြင်မှုအတွက် ပီတိဖြစ်ကာ



ကျေနပ်နှစ်သက်နေဟန် ရှိသည်။

သူတို့၏ကြည်နူးမှုများကို သူတို့၏မြင်းများပေါ်တွင် ပါလာသော လက်နက်များနှင့် ပစ္စည်းများက သက်သေခံလျက် ရှိသည်။

ဘီလူးဖြူသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ခြံထဲ ဝင်လာ လေသည်။

သိပ်မကြာလိုက်ပါချေ။

ဘီလူးဖြူတစ်ယောက် အပြုံးဆောင်၍ အခန်းထဲကို ဝင် ရောက်လာလေသည်။

ခုတင်ပေါ်တွင် ထိုင်လျက် ရှိနေသော ဝမ်းရှကို သူက ပြုံး၍ စိုက်ကြည့်ရင်း...

"အစ်ကိုကြီး နေကောင်းသွားပြီနော်"

ထိုသို့ မေးလာတော့ ဝမ်းရှက ခုတင်ပေါ်မှ ဆင်းလိုက်၏။

ဘီလူးဖြူကို ကြည့်လိုက်ပြီး...

"ငါတို့ အပြင် ဝါးကွပ်ပျစ်မှာ လွတ်လွတ်လပ်လပ် စကား ပြောကြတာပေါ့"

ဟု ပြောလိုက်သည်။

ဘီလူးဖြူက သဘောတူစွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက် ကာ...

"ဟုတ်ကဲ့"

ထို့နောက်…

အိပ်ခန်းထဲမှ ဝမ်းရှ၊ ပေ့နန်းနှင့် ဘီလူးဖြူတို့ လှမ်းထွက်လာခဲ့ကြလေသည်။

သူတို့ ကွပ်ပျစ်ပေါ်တွင် ဝိုင်းဖွဲ့ထိုင်မိကြသောအခါ ခြံဝင်းထဲတွင် ရောက်ရှိနေကြသော အဖွဲ့သားများက သူတို့သုံးဦးကို စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။

ထိုစဉ် ဘီလူးဖြူသည် သူကျောနောက်ဘက်တွင် သိုင်းလွယ်ထားသော ဓားတစ်လက် ဖြုတ်ယူ၍ ဝမ်းရှကို တရိုတသေလှမ်းပေးရင်း…

"ရှေ့ အစ်ကိုကြီး ဓား၊ အစ်ကိုကြီး မြင်းတော့ မရှိတော့ဘူး၊ ကျွန်တော့်မြင်းပဲ ယူတော့ အရောင်ချင်း မတူဘူး၊ အစ်ကိုကြီး မြင်းက အဖြူ၊ ကျွန်တော့် မြင်းက အနက်လေ"

ထိုသို့ ဘီလူးဖြူက ပြောဆိုရင်း ခြံပေါက်ဝတွင် စိုင်းနှင်လာသော မြင်းနက်ကြီးတစ်ကောင်ကို လက်ညှိုးထိုးညွှန်ပြလေသည်။

ယင်းမြင်းနက်ကြီးက မြင်းချောမြင်းသန့်ကြီးတစ်ကောင်ပင်ဖြစ်လေသည်။

◆ ◆ ◆



ထိုမြင်းနက်ကြီးကို ဝမ်းရှ လှမ်းမြင်တွေ့လိုက်ရပြီး သံမဏိလက်ဝါးကျင်စန်း၏ မြင်းဖြူကြီးထက် ပိုကောင်းသည်ဟု သူ့စိတ်ထဲတွင် မှတ်ယူလိုက်သည်။

ထို့နောက်…

ဝမ်းရှ၏အကြည့်က ဘီလူးဖြူထံ ရွေ့လျားသွားရပြီး…

"ခင်ဗျား ဘာစီးမလဲ"

ဟု မေးလိုက်၏။

ဘီလူးဖြူက…

"ကျွန်တော့်မှာ မြင်းတစ်ကောင် ရှိသေးတယ်၊ အဲသည်ကောင်က နည်းနည်းထိန်းရခက်တယ်၊ ကျွန်တော်ပဲ စီးလို့ရတယ်၊ သူများဆိုရင် ကသိကအောင့် လုပ်တတ်တယ်၊ သည်မြင်းနက်ကြီးကျတော့လဲ တစ်မျိုးပဲ၊ နည်းနည်းတော့ ကြမ်းတယ်ဗျ"

ဤတွင် ဝမ်းရှက ထီမထင်သော အပြုံးဖြင့်…

"ကျုပ်စီးနိုင်ပါတယ်၊ သူ့မှာ နာမည်ရှိသလား"

ဟု မေးလိုက်၏။

ဘီလူးဖြူက ခေါင်းညိတ်ကာ…

"ရှိပါတယ်"

"ဘာနာမည်လဲ"

"မဟုတ်ရာ"

"ဟာ တန်ဖိုးရှိတဲ့ နာမည်ကောင်း တစ်ခုပဲ၊ ကောင်းတယ်"

ထိုစဉ် သူတို့ ကွပ်ပျစ်အနားသို့ လေခွင်းဓားကျန်းရီ ရောက်ရှိလာ၏။

ဤတော့ ဘီလူးဖြူက လေခွင်းဓားကျန်းရီထံ ခေါင်းလှည့်ကြည့်ရင်း....

"အဘရေ ကျွန်တော်တို့ကို ဘာလေးညာလေး ကျွေးပါဦး"

"အေးကွယ်၊ အဘ အခုပဲ ပြင်ဆင်ပေးပါ့မယ်"

ဟု ဆိုကာ ပြုံး၍ ခေါင်းတညိတ်ညိတ် လုပ်လိုက်ကာ ကွပ်ပျစ်အနားမှ ထွက်ခွာသွားလေသည်။

◆ ◆ ◆



## အပြစ်မဲ့ဓားစာခံ

ပြင်းထန်သော တိုက်ပွဲများ....။

သံမဏိလက်ဝါးကျင်စန်းနှင့် ဘီလူးဖြူ၊ ဘီလူးမည်း ဦးဆောင်သော ဘီလူးညီနောင် အဖွဲ့သားများနှင့် ဝိုင်းဝန်းကူညီကြသူများ တစ်ဘက်နှင့်တစ်ဘက် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။

ထိုတိုက်ပွဲများ၌ နှစ်ဘက်စလုံးမှ ထိခိုက်သေကြေ ပျက်စီးသူ မနည်းလှချေ။

တိုက်ပွဲ၌ ပါဝင်ခြင်းမရှိဘဲ ကြားထဲမှ မြေစာပင်ဖြစ်ရသူများလည်း မနည်းပါချေ။

တိုက်ပွဲကြားထဲ၌ ဝိတ်မိကာ ထိခိုက်သေဆုံးရသည့် အပြစ်မဲ့သူ အများအပြား ရှိနေသည် မဟုတ်ပါလား။

ထိုသို့ မဆီမဆိုင် ကြားထဲ၌ အသက်ပေးလိုက်ရသူများတွင်...

ပွေ့နန်းက ဘီလူးဖြူကို ကြည့်လိုက်သည်။

ဘီလူးဖြူသည် ပွေ့နန်းနှင့် မျက်နှာချင်းဆိုင်မိလျှင် အလိုလိုမဝံ့ရဲသလို ဖြစ်သွားလေသည်။

ပွေ့နန်းက...

"ကျွန်မ မိဘတွေကော"

ဟု မေးလိုက်သည်။

ဘီလူးဖြူ သက်ပြင်းချလိုက်သည်။

စိတ်မသက်မသာဖြင့် ခေါင်းခါယမ်းပြလိုက်လေသည်။

"ရှင်"

ပွေ့နန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူမတို့၏အိမ် မီးလောင်သွားခဲ့လေသည်။

ဤသို့ဆိုလျှင် သူမ၏မိဘနှစ်ပါးသည်လည်း မီးထဲ ပါသွားတော့မည် ဖြစ်လေသည်။

ဘီလူးဖြူက...



"ကျုပ်စိတ်မကောင်းပါဘူး"

ဟု ပြောလေသည်။

ပွေ့နန်း၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေတော့သည်။

ဘီလူးဖြူက...

"ကျုပ်တို့က ကျင်စန်းနဲ့ မှဲ့တစ်လုံးကို ဝိတ်ဆို့တိုက်ခိုက်နေတုန်း နောက်ပိုင်းက မီးလောင်မှု ဖြစ်ခဲ့တာ၊ ကျုပ်တို့က မိန်းကလေးရဲ့မိဘတွေ ဒုက္ခရောက်တော့မှာတွေးပြီး အာရုံပြောင်းသွားတုန်း ကျင်စန်းတို့ အခွင့်အရေးရပြီး လွတ်သွားတာ"

ပွေ့နန်းက...

"သည်လူယုတ်မာကြီးရဲ့ လက်ချက်နဲ့ လူတွေ ဒုက္ခရောက်ရသလို ကျွန်မ မိဘနှစ်ပါးလည်း ဒုက္ခရောက်ရပြီ၊ သူ့ကို သုတ်သင်ရှင်းလင်းပစ်ရမှ ကျွန်မကျေနပ်နိုင်တော့မယ်"

သူမ ခံပြင်းဒေါသထွက်လွန်း၍ မျက်ရည်မကျနိုင်တော့ပါ။

ဝမ်းရှက သက်ပြင်းချလိုက်လေသည်။

ပွေ့နန်းက ဝမ်းရှကို စိုက်ကြည့်လိုက်သည်။

"ကျွန်မက ကျင်စန်းနဲ့ ရင်ဆိုင်မယ်ဆိုတာကို အစ်ကိုသဘောမကျဘူး မဟုတ်လား"

ဝမ်းရှကာ...

"ညီမ. သူဟာ နန်းတွင်းက ခန့်အပ်ထားတဲ့ နယ်စားကြီး တစ်ယောက်ပါ၊ သူ့ကို တိုက်ခိုက်မယ်ဆိုရင်"

"ဒါဖြင့် သူက မတရားသဖြင့် လုပ်နေတာတွေကိုကော အစ်ကို ဘာပြောမလဲ"

ပေ့နန်း ပြန်လည်မေးခွန်းထုတ်လိုက်လေသည်။

ဝမ်းရှကာ...

"သူဟာ တာဝန်ဝတ္တရားအတိုင်း ထမ်းဆောင်တာမျိုး မဟုတ်ဘဲ ထင်ရာစိုင်းနေတယ်ဆိုရင် ထိုက်သင့်သလို အပြစ်ပေး အရေးယူခံရမှာပါ၊ သူ့ကို ကိုယ့်သဘောနဲ့ကိုယ် တိုက်ခိုက်လို့ မရပါဘူး"

ပေ့နန်းက...

"ဒါဖြင့် သူ့ကို အရေးမယူသေးမချင်း သူနှိပ်စက်သမျှ ခေါင်းငုံ့ခံနေရမှာလားရှင်"

ဝမ်းရှသည် ကျင်စန်း၏မကောင်းမှုများကို သက်သေ အထောက်အထားဖြင့် နန်းတွင်းသို့ တင်ပြကာ ဥပဒေအတိုင်း ဆောင်ရွက်ဖြေရှင်းစေလိုသည့် သဘောထား ရှိလေသည်။

ဘီလူးညီနောင်နှင့် ပေ့နန်းတို့ကား ထိပ်တိုက်ရင်ဆိုင် ဖြေ



ရှင်းလိုကြပေသည်။

ထို့ကြောင့် သဘောထားချင်း ကွဲလွဲနေပါတော့သည်။

ပေ့နန်း မဲ့ပြုံးပြုံးလိုက်သည်။

"သူ့အရေးယူမခံရခင် သူ့ကြောင့် ဒုက္ခရောက်ရတဲ့လူ ရာထောင်ချီ တိုးပွားလာဦးမှာပဲ၊ ကျွန်မတော့ သည်းမခံနိုင်တော့ဘူး ရှင်"

ဘီလူးဖြူက ထောက်ခံလိုက်သည်။

"သည့်လူယုတ်မာကို ဆုံးမဖို့ အချိန်ဆွဲနေစရာ မလိုပါဘူး၊ ဘာကိုမှ ထောက်ထားနေစရာ မလိုဘူး၊ ပြတ်ပြတ်သားသား ရင်ဆိုင်ဖို့ပဲ ရှိတယ်"

ဝမ်းရှ စိတ်ပျက်သွားလေသည်။

ထိုအချိန်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မြင်းစီး သမားတစ်ယောက် ဒုန်းစိုင်းနှင်ကာ ရောက်ရှိလာလေသည်။

မြင်းစီးသမားသည် မလှမ်းမကမ်းသို့ ရောက်လာသည်နှင့် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ဘီလူးဖြူတို့ ဦးညွှတ်လိုက်၏။

"အစ်ကိုကြီး ဝါးစိမ်းကျေးရွာကို မြေဆိုးဝူးတာက မီးလောင်

တိုက်သွင်းနေပါပြီ၊ ကျုပ်တို့လူတွေ အရေးနိမ့်နေပါတယ်"

ဟု သတင်းပို့လေသည်။

"ဟင်"

ဘီလူးဖြူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဘာမှ မပြောတော့ဘဲ ချက်ချင်းပင် မြင်းတစ်ကောင်ပေါ် ခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွားတော့သည်။

ဝမ်းရှက ပေ့နန်းကို ကြည့်လိုက်သည်။

ပေ့နန်းက သူ့အား လုံးဝအမှုမထားဘဲ မြင်းတစ်ကောင်ဖြင့် ဘီလူးဖြူနောက်သို့ လိုက်သွားလေတော့သည်။

"ညီမ..ညီမ"

ဝမ်းရှ တားဆီးလိုက်သော်လည်း မမီတော့ချေ။

ဝမ်းရှ မနေနိုင်တော့ပါ။

သူလည်း မြင်းတစ်ကောင်ယူကာ ပေ့နန်းတို့နောက်သို့ လိုက်သွားရလေတော့သည်။

◆ ◆ ◆



ဝါးစိမ်းကျေးရွာ...။

သာယာလှပခဲ့သော ဝါးစိမ်းကျေးရွာသည် ယခုအချိန်တွင် ရစရာ မရှိအောင် ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

ဝါးစိမ်းကျေးရွာ၌ ဘီလူးမည်း၏လူများနှင့် ကျင်စန်း၏လူများ တစ်ဘက်နှင့်တစ်ဘက် ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျာ"

စူးရှသော အော်ဟစ်သံများ ပွက်လောရိုက်နေသည်။

အော်ဟစ်ပြေးလွှားနေကြသူများ၊ မီးတောက်မီးလျှံများနှင့် မြေပေါ် ပြန့်ကျဲနေသော လူသေအလောင်းများက မြင်မကောင်းအောင် ရှိနေပါသည်။

ကျင်စန်းနှင့် မဲ့တစ်လုံးတို့၏လူများက ဘီလူးမည်းတို့လူစုကိုသာမက အပြစ်မဲ့ရွာသူရွာသားများကိုပါ တိုက်ခိုက်နေကြလေသည်။

ရွာသူရွာသားများသည် ဘီလူးညီနောင်ဘက်မှ ရပ်တည်သည်ဟု တစ်ရွာလုံးကို မီးလောင်တိုက်သွင်းနေခြင်း ဖြစ်လေသည်။

"ခွပ်ခွပ်..ခွပ်ခွပ်"

တိုက်ပွဲ ပြင်းထန်နေသော ဝါးစိမ်းကျေးရွာသို့ ဝမ်းရှုက မြင်းဒုန်းစိုင်းပြီး ရောက်ရှိလာလေသည်။

ဝမ်းရှု ရောက်လာချိန်၌ ကျင်စန်း၏လူအချို့က ရွာသူရွာသားများအား အကြောင်းမဲ့ တိုက်ခိုက်သတ်ဖြတ်နေသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းရှု ဒေါသထွက်သွားလေသည်။

"တောက် ရက်စက်လိုက်တာ သိကြသေးတာပေါ့"

ဝမ်းရှု လက်ပိုက်ကြည့်မနေတော့ဘဲ ကျင်စန်း၏လူများကို တိုက်ခိုက်လိုက်လေတော့သည်။

"ဟိတ်"

ဝမ်းရှု ညာသံပေးကာ ခုန်ဝင်သွားပြီး လက်ထဲမှ ဓားကို ဝှေ့ယမ်းလိုက်လျှင် ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာပြီး

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထခဲနက် ထွက်ပေါ်လာကာ ကျင်စန်း၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားတော့သည်။



ကျင်စန်း၏လူများသည် ဝမ်းရှုက တိုက်ခိုက်လာခြင်း ဖြစ်ကြောင်း တွေ့လျှင် အထိတ်တလန့် ဖြစ်သွားကြလေသည်။

"ဟင် ခင်..ခင်ဗျား"

ဝမ်းရှုက...

"ခင်ဗျားတို့လူစုဟာ ထင်ရာစိုင်းနေကြတဲ့အပြင် အပြစ်မဲ့သူတွေအပေါ်မှာ ရက်ရက်စက်စက် ပြုမူကျင့်ကြံနေကြတာ ကျုပ်လက်တွေ့သိလိုက်ရပါပြီ၊ ဒါကြောင့် ခင်ဗျားတို့ကို ဆုံးမဖို့ ဆုံးဖြတ်လိုက်ပါပြီဗျာ"

စကားဆုံးလျှင် တရကြမ်း တိုက်ခိုက်လိုက်ရာ ကျင်စန်း၏လူများ ထပ်မံလဲကျသွားပြန်သည်။

ကျန်လူများသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ဘဲ အော်ဟစ်ကာ ထွက်ပြေးသွားကြလေတော့သည်။

◆ ◆ ◆

ဝမ်းရှက အပြစ်မဲ့ ရွာသူရွာသားများအား ရက်ရက်စက်စက် သတ်ဖြတ်နေသည့် ကျင်စန်း၏လူများကို ဆုံးမလိုက်ပြီ ဖြစ်လေသည်။

ထိုဖြစ်ရပ်ကို ပေ့နန်း တွေ့မြင်သွားလေသည်။

"အစ်ကို..အစ်ကိုက.."

ဝမ်းရှက...

"သူတို့က ရွာသူရွာသားတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတာကို တားဆီးရမှာပဲ"

ပေ့နန်း ပြုံးလိုက်သည်။

"သူတို့ကြောင့် အပြစ်မဲ့ သေဆုံးခဲ့ရသူတွေ မနည်းတော့ပါဘူး၊ ဝါးစိမ်းကျေးရွာလို ဖြစ်ရပ်မျိုးဟာ သည်နယ်ထဲမှာ မဆန်းတော့ပါဘူးရှင်"

ထိုစဉ်...

"ဝှစ်"

လက်နက်ပုန်းတစ်ခုက ဝမ်းရှထံသို့ ပစ်လွှင့်လာလေသည်။

"သွားစမ်း"

ဝမ်းရှက ဓားဝှေ့ယမ်းကာ ပစ်လွှင့်လာသော လက်နက်ပုန်းလေးကို ရိုက်ထုတ်လိုက်လေသည်။



"ခြွင်"

လက်နက်ပုန်းလေး မြေပေါ် ပြုတ်ကျသွားတော့သည်။

ဝမ်းရှသည် လက်နက်ပုန်းလေး ပစ်ခတ်လိုက်သူကို မြင်လျှင် ဒေါသထွက်သွားလေသည်။

ထိုလူမှာ မဲ့တစ်လုံး ဖြစ်နေသည် မဟုတ်ပါလား။

"သိကြသေးတာပေါ့"

ဝမ်းရှက မြေပေါ် ခြေဆောင့်ကာ လေထဲ ခုန်တက်လိုက်ပြီး လက်ထဲမှ ဓားဖြင့် ပစ်ပေါက်လိုက်လေသည်။

သူ၏ဓားသည် မြားတစ်စင်းပမာ ပစ်လွှင့်သွားပြီး မဲ့တစ်လုံး၏နောက်ကျော၌ စိုက်ဝင်သွားတော့သည်။

"အား"

မဲ့တစ်လုံးလည်း မြေပေါ်လဲကျကာ အမိုက်ဓာတ်သိမ်းသွားလေတော့သည်။

ပေ့နန်း ကျေနပ်သွား၏။

"သည်လူယုတ်မာတွေကို သုတ်သင်ရှင်းလင်းလိုက်မယ်ဆိုရင် တစ်နယ်လုံး အေးချမ်းသာယာသွားလိမ့်မယ်ဆိုတာ ကျွန်မ အာမခံပါတယ်ရှင်"

တိုက်ပွဲများက ပြင်းထန်နေဆဲ။

ကျင်စန်းနှင့် မြွေဆိုးဂူးတတို့လူစုက တိုက်ပွဲတွင် အသာစီးရနေသည်။

ထို့ကြောင့်...

ဝမ်းရှနှင့် ပေ့နန်းတို့က အချိန်ဖြုန်းမနေနိုင်ကြဘဲ ဆက်လက်တိုက်ပွဲဝင်လိုက်ကြရလေတော့သည်။

◆ ◆ ◆

ဘီလူးဖြူသည် မီးတောက်မီးလျှံများကြား၊ တိုက်ပွဲများကြား၌ အနက်ရောင်ဝတ်ထားသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

"မြွေဆိုး"

ဘီလူးဖြူ ဒေါသထွက်သွားလေသည်။

"မင်း ဘယ်ပြေးမလဲ"

ကြုံးဝါးရင်း ရှေ့တွင် ကာဆီးနေသော ကျင်စန်း၏လူများကို တရကြမ်း တိုက်ခိုက်ကာ မြွေဆိုးထံသို့ တဟုန်ထိုး ပြေးသွားလိုက်လေသည်။

မြွေဆိုးသည် ဘီလူးဖြူကို မြင်လျှင် ဟားတိုက်ရယ်မော



လိုက်လေသည်။

"ဟား..ဟား..ဟား၊ ဘီလူးမည်းတော့ ကျင်စန်းရဲ့ လက်ချက်နဲ့ တောင်ကုန်းပေါ်မှာ သေတော့မယ်၊ မင်းကိုလည်း ကျုပ်က ဆုံးမရသေးတာပေါ့"

ဘီလူးဖြူနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

ဘီလူးဖြူသည် မြွေဆိုး၏စကားကြောင့် ဘီလူးမည်း အတွက် စိုးရိမ်ပူပန်သွားလေသည်။

ဘီလူးမည်းက ကျင်စန်းအား မုန်းတီးနေသော်လည်း ထိပ်တိုက်ရင်ဆိုင်နိုင်ဖို့ မလွယ်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

"ဘီလူးမည်းတော့ ဒုက္ခရောက်တော့မှာပဲ"

ဘီလူးဖြူသည် တစ်ယောက်ယောက်ထံ၌ အကူအညီတောင်းရန် စဉ်းစားလိုက်လေသည်။

ထိုစဉ်...

"သေလိုက်စမ်း"

ဝမ်းရှက အော်ဟောက်ရင်း ကျင်စန်း၏လူများအား တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

ဘီလူးဖြူ ဝမ်းသာသွားသည်။

"မိတ်ဆွေဝမ်းရှ၊ ဘီလူးမည်းက တောင်ကုန်းဘက်မှာ ကျင်စန်းနဲ့ ရင်ဆိုင်ရင်း အခက်ကြုံနေတယ်၊ ကျေးဇူးပြုပြီး သူ့ကိုသွားကူညီလိုက်ပါဗျာ"

လှမ်းပြီး အကူအညီ တောင်းလိုက်လေသည်။

ဝမ်းရှက...

"ကောင်းပြီ"

ချက်ချင်း ပြေးလွှားသွားတော့သည်။

ဘီလူးဖြူလည်း ယခုမှ စိတ်ချလက်ချဖြင့် မြွေဆိုးနှင့် ရင်ဆိုင်လိုက်ရလေသည်။

ပေ့နန်းကလည်း တိုက်ပွဲဝင်နေ၏။

သို့ဖြင့် သုံးယောက်သား တဖြည်းဖြည်း လူချင်းကွဲသွားကြလေတော့သည်။

◆ ◆ ◆



## သံမဏိလက်ဝါး

တောင်ကုန်းလေးပေါ်၌ ဖြစ်သည်။

ဘီလူးမည်းဦးဆောင်သော ဘီလူးညီနောင်အဖွဲ့သားများသည် မြွေဆိုးနှင့် ကျင်စန်း၏လူများကို သဲကြီးမဲကြီး တိုက်ခိုက်နေကြလေသည်။

တိုက်ပွဲများ ပြင်းထန်နေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဗူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်နေသည်။

ဖြေဆိုး၏လူများ၊ ဘီလူးမည်း၏လူများ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေသည်။

ဘီလူးမည်းကိုလူစု တစ်စထက်တစ်စ အသာစီး ရရှိလာကြလေသည်။

ဘီလူးမည်း အားတက်လာလေသည်။

"လူယုတ်မာတွေကို တစ်ယောက်မှ မလွှတ်စေနဲ့"

ဝမ်းခေါင်းသံကြီးဖြင့် အော်ပြောလိုက်သည်။

ကိုယ်ပိုင်ဓားပြားကြီးတစ်လက် ဆွဲကိုင်ကာ ရှေ့ဆုံးမှ ဦးဆောင်တိုက်ခိုက်လိုက်လေသည်။

ကျင်စန်း၏လူများ အထိနာကာ ဆက်လက်ရင်မဆိုင်ဝံ့တော့ဘဲ ထွက်ပြေးရှောင်တိမ်းဖို့ ကြိုးစားကြတော့သည်။

ထိုအချိန်မှာပင်...

"အသုံးမကျတဲ့ကောင်တွေ"

မိုးခြိမ်းသံပမာ ကျယ်လောင်သော အော်ငေါက်သံကြီး ထွက်ပေါ်လာလေသည်။

အရိပ်မည်းမည်းကြီးတစ်ခုသည် ငှက်ကြီးတစ်ကောင်အလား ပျံ့ဝဲကာ ရောက်ရှိလာလေသည်။

ထိုလူသည် ဘီလူးမည်း၏လူများအား လျှပ်တပြက် တိုက်



ခိုက်လိုက်လေသည်။

ဘီလူးမည်း၏လူများကလည်း ချက်ချင်းခုခံလိုက်ကြ၏။

သို့တိုင် ထိုလူ၏တိုက်ခိုက်မှု ပြင်းထန်လွန်းရကား မယှဉ်နိုင်ဘဲ ခံလိုက်ကြရလေသည်။

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

ဘီလူးမည်း၏လူများ တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်သွားကြလေသည်။

"ဟင်"

ဘီလူးမည်း ရင်ထိတ်သွား၏။

သူ၏လူများ ခံလိုက်ရသဖြင့် တိုက်ခိုက်လာသူကို ကြည့်လိုက်သောအခါ...

"လက်စသပ်တော့ လူယုတ်မာကြီး ရောက်လာတာကိုး"

ကျင်စန်းကိုယ်တိုင် ရောက်လာခြင်း ဖြစ်သည်ကို တွေ့မြင်လိုက်ရလေသည်။

ဘီလူးမည်း ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"ကျင်စန်း၊ ခင်ဗျားပြေးလို့ မလွတ်တော့ဘူး"

ဟု အော်ပြောလိုက်သည်။

"ဟား..ဟား..ဟား"

ကျင်းစန်း ဟားတိုက်ရယ်မောလိုက်လေသည်။

"ငါက ပြေးမလွတ်တာလား၊ မင်းတို့ပြေးလို့ မရတော့တာလားကွ"

ထိုစဥ်...

"ဟိတ်"

"ယား"

ဘီလူးမည်း၏လူနှစ်ယောက်က ကျင်စန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်ကြလေသည်။

"သွားစမ်း"

ကျင်စန်းက ရှောင်တိမ်းခြင်း မပြုဘဲ လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်လေသည်။

ကျင်စန်းက သူ၏အကျော်ကြားဆုံး သံမဏိလက်ဝါးသိုင်းကွက်ကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

ခုန်ဝင်သွားကြသူနှစ်ယောက်မှာ ကျင်စန်း၏သံမဏိလက်ဝါးသိုင်းကွက်နှင့် ရင်ဆိုင်လိုက်ရခြင်းကြောင့် ကံဆိုးသွားကြလေတော့သည်။



"ဝုန်း..ဝုန်း"

"အား"

"အမယ်လေး"

ထိုလူနှစ်ယောက် အဝေးသို့ လွင့်စဉ်သွားကြပြီး မြေပေါ်လဲကျကာ အသက်ပျောက်သွားကြလေတော့သည်။

"တောက်"

ဘီလူးမည်းမှာ သူ၏လူနှစ်ယောက် ခံလိုက်ရသဖြင့် ဒေါသထွက်ကာ တက်ခေါက်လိုက်လေသည်။

"သိကြသေးတာပေါ့"

ကိုယ်တိုင် ကျင်စန်းထံသို့ ခုန်ဝင်ကာ ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

"ဟား..ဟား..ဟား"

ကျင်စန်း လှောင်ပြောင်ရယ်မောလိုက်သည်။

"ဘီလူးမည်း၊ မင်းကများ ငါ့ကို ရင်ဆိုင်နိုင်မယ် ထင်နေလို့လား"

ထို့နောက် လက်ဝါးနှစ်ဘက် အသုံးပြုကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ဘီလူးမည်းကိုယ်တိုင်လည်း ကျင်စန်းနှင့် ထိပ်တိုက်ရင်ဆိုင်

ရလျှင် ကြာကြာခံနိုင်စွမ်း မရှိဘဲ…

"ဝုန်း"

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

ကျင်စန်းက…

"ဘီလူးညီနောင်တို့ သည်ကနေ့ ကျုပ်က အပြီးတိုင် သုတ်သင်ပစ်မယ်ဆိုတာ မှတ်ထားပါ"

ဟု ခြိမ်းခြောက်လိုက်လေသည်။

ဘီလူးမည်း၏လူများသည် ချက်ချင်း ရှေ့တက်လာကြပြီး ဘီလူးမည်းအား ဝိုင်းရံအကာအကွယ် ပေးထားလိုက်ကြလေသည်။

ဘီလူးမည်းက နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်လိုက်သည်။

"တို့တတွေ သည်လူယုတ်မာကြီးကို အလွတ်ပေးလို့ မဖြစ်ဘူး"

ဟု ပြောလိုက်သည်။

သူ၏လူများက…

"ဟုတ်တယ်၊ သည်တခါတော့ သူနဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်ရမှာပဲ"

"ကျုပ်တို့ အသက် သေချင်သေပါစေ၊ သူနဲ့ ရင်ဆိုင်ရမှာပဲ"



ဝါညီဟည္တတ်တဲ့ညီး ထောက်ခံကြလေသည်။

ဘီလူးမည်းက…

"သူ့ရဲ့ သံမဏိလက်ဝါးပညာက ကြောက်စရာကောင်းတယ်၊ ဒါကြောင့် တို့တတွေ စုပေါင်းအားနဲ့ မရဏဝက်ပါသိုင်းကွက်ဆင်ပြီး သူ့ကို ရင်ဆိုင်ကြမယ်"

ဟု ပြောလိုက်သည်။

ထိုအခါ အားလုံး နားလည်သဘောပေါက်ပြီး ကျင်စန်းနှင့် ရင်ဆိုင်ရန် အဟူးပြင်ဆင် လေ့ကျင့်ထားသည့် မရဏဝက်ပါသိုင်းကွက် ခင်းလိုက်ကြလေသည်။

ဘီလူးမည်း၏လူ သယ်ရှစ်ယောက်က ကိုးယောက်စီ စက်ဝိုင်းပုံနှစ်ထပ် လူ့ခွဲကာ ကျင်စန်းကို ဝိုင်းရံထားလိုက်ကြသည်။

ကျင်စန်း မျက်မှောင်ကုပ်သွားလေသည်။

"ဒါက ဘာသဘောလဲကွ"

ဘီလူးမည်းက…

"ခင်ဗျားကို ဆုံးမဖို့ ပြင်ဆင်ထားတာပေါ့ဗျာ"

ကျင်စန်း နှာခေါင်းရှုံ့လိုက်သည်။

"မင်းတို့ သိုင်းကွက်က ဘယ်လောက်များ အစွမ်း ရှိသလဲဆိုတာ ကျုပ်သိချင်သေးတယ်".

"စိတ်ချ၊ အခု ခင်ဗျားသိရမှာပါ"

ဘီလူးမည်းက သူ၏လူများကို အမိန့်ပေးလိုက်လေသည်။

ဤတွင်...

သိုင်းဟန်အမျိုးမျိုး ပြင်ဆင်ထားသော ဘီလူးမည်း၏ လူများသည် ကျင်စန်းကို ဝိုင်းရံထားရာမှ တဖြည်းဖြည်းချင်း လှည့်ပတ်လိုက်ကြလေသည်။

ကျင်စန်းမှာ ဘီလူးမည်းတို့၏ လူစက်ဝိုင်းနှစ်ထပ်၏ အလယ်ဗဟိုဌ္ဌ ရောက်ရှိနေသကဲ့သို့ ရှိနေသည်။

ဝိုင်းရံထားသူများအနက် ရှေ့မှ လူများက စက်ဝိုင်းအတိုင်း ယာဘက်သို့ လှည့်ပတ်လိုက်ကြသကဲ့သို့ နောက်က လူများက ဝဲဘက်သို့ လှည့်ပတ်လိုက်ကြလေသည်။

ထိုလူများ၏လှည့်ပတ်မှုမှာ တစထက်တစ လျင်မြန်လာလေသည်။

ဘီလူးမည်းက...

"ကျင်စန်း၊ ခင်ဗျား ပိတ်မိနေပြီ၊ ထိုးဖောက်ထွက်နိုင်အောင် ကြိုးစားပေတော့"

ဟု အော်ပြောလိုက်လေတော့သည်။

◆ ◆ ◆



တိုက်ပွဲများက ပြင်းထန်နေဆဲ...

ဘီလူးဖြူက မြွေဆိုးအား သဲကြီးမဲကြီး တိုက်ခိုက်နေ၏။

မြွေဆိုးသည်လည်း ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်လေသည်။

သိုင်းပညာ ထက်မြက်ပြီး ရက်စက်ကြမ်းကြုတ်သူတစ်ယောက်လည်း ဖြစ်ရကား ဘီလူးဖြူပင် ရင်ဆိုင်ရင်း အခက်ကြုံသွားရလေတော့သည်။

"ဟား...ဟား...ဟား"

မြွေဆိုးက လှောင်ပြောင် ရယ်မောလိုက်လေသည်။

"ဘီလူးဖြူ၊ ကျုပ်ကို လွယ်လွယ်နဲ့ မရနိုင်တဲ့ပြင် ခင်ဗျားတောင် ဒုက္ခရောက်သွားဦးမယ်ဆိုတာ မှတ်ထားပါဗျာ"

ဘီလူးဖြူက...

"ငါက မင်းကို ကြောက်နေရမှာလား"

ဒေါသတကြီး တိုက်ခိုက်လိုက်လေသည်။

သူက ဒေါသရှေ့ထားမိသဖြင့် သူ၏သိုင်းကွက်များ အလောတကြီးဖြစ်ကာ အစီအစဉ် မကျတော့ချေ။

မြွေဆိုးက အကွက်ကျကျ ပြန်လည်တိုက်ခိုက်လိုက်လျှင် ဘီလူးဖြူ အခက်ကြုံသွားရလေတော့သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ...

"ဝုန်း"

ဘီလူးဖြူ နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

မြွေဆိုးသည် အသာစီးရလိုက်သည်နှင့်...

"သတိထား"

သတိပေးရင်း ခုန်ဝင်လာလေသည်။

ဘီလူးဖြူအား မနားတမ်း တိုက်ခိုက်ပြီး သုတ်သင်ရှင်းလင်းပစ်တော့မည် ဖြစ်လေသည်။

ဘီလူးဖြူ အခက်ကြုံသွားလေသည်။

မြွေဆိုး၏လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည် ဖြစ်ကြောင်း နားလည်လိုက်သော်လည်း ခုခံဖို့ ရှောင်တိမ်းဖို့ ခက်ခဲနေ



ခြင်းကြောင့် အကြပ်ရိုက်သွားလေတော့သည်။

ထိုစဉ်...

"ရပ်လိုက်"

အော်ငေါက်သံနှင့်အတူ ပေ့နန်းက ခုန်ဝင်လာလေသည်။

ပေ့နန်း ရောက်လာခြင်းကြောင့် မြွေဆိုးမှာ ဘီလူးဖြူအား ဆက်လက်တိုက်ခိုက်ဖို့ အခွင့်မသာတော့ချေ။

ဘီလူးဖြူကို လက်လွှတ်ကာ ပေ့နန်းဘက် လှည့်၍ ရင်ဆိုင်လိုက်ရတော့သည်။

ပေ့နန်း ခုန်ဝင်လာခြင်းကြောင့် ဘီလူးဖြူ ကံကောင်းသွားခြင်း ဖြစ်လေသည်။

"ရှင် ဘာတတ်နိုင်မှာမို့လဲ"

ပေ့နန်းက အော်ငေါက်ရင်း မြွေဆိုးအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ဘီလူးဖြူ နဖူးပေါ်မှ ချွေးများ သုတ်လိုက်သည်။

ထိုစဉ်...

မလှမ်းမကမ်း တစ်နေရာမှ လူပုလေးက ပေ့နန်းအား အလစ်ချောင်းကာ တိုက်ခိုက်ရန် စောင့်ကြည့်နေသည်ကို သတိပြုမိလိုက်လေသည်။

ဘီလူးဖြူ မဲ့ပြုံးပြုံးလိုက်လေသည်။

"လူပုလေး၊ မင်းသတိထားပေတော့"

လျင်မြန်စွာ ပြေးသွားပြီး တိုက်ခိုက်လိုက်လေသည်။

လူပုလေး ရင်ထိတ်သွားသည်။

လက်ထဲ ကိုင်ထားသော လေးမြှားဖြင့် ဆီးကြိုပစ်ခတ်လိုက်လေသည်။

"ဝှစ်"

မြှားတံတစ်ချောင်းသည် ဘီလူးမည်းထံသို့ ပစ်လွင့်လာလေသည်။

ဘီလူးဖြူက...

"ဒါမျိုး မရဘူး"

မြှားတံကို ဓားဖြင့် ပိုင်းချလိုက်ရာ နှစ်ပိုင်း ပြတ်တောက်ပြီး မြေပေါ်ကျသွားလေသည်။

ဘီလူးဖြူက အရှိန်မလျှော့ဘဲ ရှေ့ဆက်ပြေးသွားပြီး လူပုလေးအား တိုက်ခိုက်လိုက်လေသည်။

လူပုလေးက ထိပ်တိုက်ရင်မဆိုင်ဘဲ ထွက်ပြေးရန် ကြိုးစားလိုက်လေသည်။

သို့သော်...



"မင်းပြေးလို့ မရတော့ပါဘူး"

ဘီလူးဖြူက ဓားဖြင့် ပစ်ပေါက်လိုက်လျှင်...

"ဝှီး"

"ဒုတ်"

"အား"

ဘီလူးဖြူ၏ဓားက လူပုလေး၏နောက်ကျောမှ ရင်ဝသို့တိုင် ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

လူပုလေးလည်း ရူးရှူးရှားရှား အော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

ဘီလူးဖြူက လူပုလေးအား သုတ်သင်ရှင်းလင်းလိုက်ပြီ ဖြစ်သည်။

ပေ့နန်းကော မည်သို့ ရှိမည်နည်း။

ပေ့နန်းနှင့် မြွေဆိုးတို့ သဲကြီးမဲကြီး တိုက်ခိုက်နေကြလေတော့သည်။

◆ ◆ ◆

"ဟိတ်"

"ယား"

ဘီလူးမည်း၏လူများက အထူးလေ့ကျင့်ထားသော မရဏဝက်ပါသိုင်းကွက်ကို အသုံးပြုကာ ကျင်စန်းအား တိုက်ခိုက်လိုက်ကြလေသည်။

စုပေါင်းအင်အားကို အသုံးပြုထားပြီး ထူးခြားစွာ စီရင်ထားသော မရဏဝက်ပါသိုင်းကွက်ဖြင့် ကျင်စန်းအား အနိုင်ယူနိုင်မည်ဟု ဘီလူးမည်း ယုံကြည်ထားလေသည်။

သို့သော်...

ဝါရင့်ထိပ်သီး သိုင်းသမားကြီးတစ်ဦး ဖြစ်သော ကျင်စန်းက မရဏဝက်ပါသိုင်းကွက်ကို မြင်လျှင်...

"သူတို့ စုပေါင်းပြီး တိုက်စစ်မဆင်နိုင်အောင် သူတို့ရဲ့ စုစည်းမှုကို ဖျက်ဆီးပစ်နိုင်ရင် သူတို့ရဲ့သိုင်းကွက် ပျက်ပြားပြီး ဖရိဖရဲ ဖြစ်သွားမှာပဲ"

ဟု ဆင်ခြင်မိလေသည်။

ထို့ကြောင့် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ...

"ယား"

ညာသံပေးပြီး လက်ဝါးရိုက်ချက်များ အဆက်မပြတ် ဖော်



ထုတ်လိုက်လေသည်။

ဘီလူးမည်း၏လူများ လှုပ်ရှားပုံအတိုင်း ကျင်စန်းကလည်း တစ်နေရာထဲမှာပင် ခန္ဓာကိုယ်ကို စက်ဝိုင်းပုံ လှည့်ပတ်ကာ ပြင်းထန်သော လက်ဝါးရိုက်ချက်များကို တစ်ချက်ပြီးတစ်ချက် အဆက်မပြတ် ဖော်ထုတ်လိုက်ခြင်း ဖြစ်လေသည်။

သူ၏လက်ဝါးရိုက်ချက်များမှ ပြင်းထန်သော လေပွေလှိုင်းများ ဖြစ်ပေါ်လာပြီး အရပ်လေးမျက်နှာသို့ လွင့်ပျံ့သွားတော့သည်။

ဤတွင်...

ဘီလူးမည်း၏လူများ တုန်လှုပ်ချောက်ခြားသွားကြလေသည်။

ကျင်စန်းကို တိုက်ခိုက်ခြင်း မပြုနိုင်တော့ဘဲ သူတို့ထံ တိုးဝင်လာသော လေပွေလှိုင်းများကို ခုခံဖို့ ကြိုးစားလိုက်ကြရာ မရဏဝက်ပါသိုင်းကွက် ပျက်ပြားသွားရလေတော့သည်။

"ဝုန်း..ဝုန်း..ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဘီလူးမည်း၏လူများ ဖရိဖရဲ လွင့်စင်သွားကြပြီး မရှုမလှ

အရေးနိမ့်သွားကြလေတော့သည်။

"ဟား..ဟား..ဟား"

ကျင်စန်း ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းသေဖို့ ပြင်ထား"

အခွင့်အရေးကို လက်မလွှတ်ဘဲ ဘီလူးမည်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

ဝမ်းရှ အချိန်မီ ရောက်ရှိလာပြီး ကျင်စန်းနှင့် ရင်ဆိုင်လိုက်လေသည်။

ကျင်စန်း ဒေါသထွက်သွားလေသည်။

"မင်းက သေချင်နေတာကိုး၊ မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရသေးတာပေ့ါလေ"

ဝမ်းရှအား တိုက်ခိုက်လိုက်ရာ ဝမ်းရှလည်း ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

◆ ◆ ◆



လူပုလေးကား ဘီလူးဖြူ၏လက်ချက်ဖြင့် အမိုက်ဇာတ်သိမ်းသွားပြီ ဖြစ်လေသည်။

ဘီလူးဖြူက ပေ့နန်းကို လှမ်းကြည့်လိုက်သည်။

ပေ့နန်းက မြွေဆိုးအား ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီး အသာစီးရနေပြီ ဖြစ်သည်ကို တွေ့ရလေသည်။

ဘီလူးဖြူ ဝမ်းသာသွားလေသည်။

"သူ့ကို ဆုံးမလိုက်"

အော်ပြောရင်း ပြေးသွားလိုက်ပြီး ပေ့နန်းနှင့် လက်တွဲကာ မြွေဆိုးအား တိုက်ခိုက်လိုက်လေသည်။

မြွေဆိုးမှာ ထိပ်တန်းသိုင်းပညာ ရှိပါသော်လည်း ပေ့နန်းနှင့် ဘီလူးဖြူတို့နှစ်ယောက် ပေါင်းကာ တိုက်ခိုက်လိုက်သောအခါ လုံးဝခုခံနိုင်စွမ်း မရှိတော့ဘဲ...

"ဝုန်း"

"အား"

ရူးရှစွာ အော်ဟစ်ရင်း မြေပေါ် လဲကျသွားလေတော့သည်။

"ဟေး"

မြွေဆိုးကို ဆုံးမနိုင်လိုက်ပြီ ဖြစ်ရာ ဘီလူးဖြူ ဝမ်းသာအား

ရ ဟာစ်ကြွေးလိုက်လေတော့သည်။

ပေ့နန်းက...

“ကျွန်မတို့ ကျင်စန်းနောက်ကို လိုက်သွားမှ ဖြစ်မယ်”

ဟု ပြောလျှင် ဘီလူးဖြူ သဘောတူလိုက်လေသည်။

“ဟုတ်တယ်”

ထို့နောက် နှစ်ယောက်သား ပြေးလွှားသွားလိုက်ကြလေတော့သည်။

◆ ◆ ◆



“ဟိတ်”

“ယား”

ဝမ်းရှနှင့် ကျင်စန်းတို့ ထိပ်တိုက်ရင်ဆိုင်နေကြပြီ ဖြစ်သည်။

ဝမ်းရှသည် ကျင်စန်း၏သိုင်းကွက်များကို ကြည့်ပြီး ရင်ထိတ်သွားလေသည်။

ကျင်စန်း၏သိုင်းကွက်များသည် သူမျှော်လင့်ထားသည်ထက် ပို၍ထက်မြက်ကာ ပို၍ကြောက်စရာကောင်းနေသည် မဟုတ်ပါလား။

ရင်ဆိုင်တိုက်ခိုက်ရင်း သိုင်းကွက်သုံးဆယ်ခန့် အရောက်တွင် ဝမ်းရှ နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

ကျင်စန်း ကျေနပ်သွားလေသည်။

“ဝမ်းရှ၊ မင်းက အေးအေးမနေဘဲ၊ ဘီလူးမည်းတို့ဘက်က ဝင်ပါချင်တာကိုး၊ ခုတော့ မင်းလည်း ဒုက္ခရောက်ရတော့မယ်”

ဝမ်းရှက...

“ဘီလူးမည်းတို့လူစုဟာ တရားဥပဒေကို လှစ်လျူရှုပြီး ခင်ဗျားကို ရင်ဆိုင်ဖို့ ကြိုးစားခဲ့ကြတာ မှားယွင်းနေပေမယ့် ခင်ဗျားကိုယ်တိုင်ကလည်း ဥပဒေကို စောင့်ရှောက်ဖို့ တာဝန်ရှိပေမယ့် ကျောခိုင်းပြီး ထင်ရာစိုင်းခဲ့တာကြောင့် မဖြစ်သင့်တဲ့ ကိစ္စတွေ ဖြစ်

လာခဲ့ရတာပဲ၊ ဒါကြောင့် ကျုပ်က အခြေအနေကို ထိန်းသိမ်းဖို့ ဆုံးဖြတ်လိုက်တာ"

ကျင်စန်း လက်မခံပါချေ။

"မင်းဟာ အပြင်လူတစ်ယောက်ပါ၊ ကိုယ်နဲ့ မဆိုင်ဘဲ ဝင်မပါချင်စမ်းပါနဲ့၊ ငါတို့ကိစ္စကို မင်းကြားဝင် ဖြေရှင်းပေးစရာ ဘာအကြောင်းမှမရှိဘူး၊ ကြားကဝင်ရှုပ်တဲ့ မင်းကိုပါ ဆုံးမရမှာပေါ့"

အော်ငေါက်ရင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ဝမ်းရှုက ပြန်လည်ရင်ဆိုင်လိုက်သော်လည်း ကျင်စန်း၏ သံမဏိလက်ဝါးသိုင်းကို မယှဉ်နိုင်အောင် ဖြစ်နေပါတော့သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ...

"ဝုန်း"

"အား"

ဝမ်းရှုမှာ ကျင်စန်း၏လက်ဝါးတစ်ချက် မိကာ မြေပေါ် လဲကျသွားလေတော့သည်။

◆ ◆ ◆



"ဟား...ဟား...ဟား"

ကျင်စန်းသည် ဝမ်းရှုကို အနိုင်ရလိုက်သဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။

ဝမ်းရှုကို အနိုင်ယူလိုက်ပြီ ဖြစ်ရာ ဘီလူးမည်းတို့လူစုကို မှုစရာ မလိုတော့ပါချေ။

ဝမ်းရှု လူးလိမ့်ထလိုက်လေသည်။

သူ၏ခန္ဓာကိုယ် ယိမ်းယိုင်နေပြီး...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ကျင်စန်းက...

"မင်းက ကျုပ်နဲ့ ရင်ဆိုင်ချင်သေးလို့လား"

ထိုစဉ်...

"ကျွန်မတစ်ယောက်လုံး ရှိသေးတယ်ရှင့်"

အော်ပြောသံနှင့်အတူ ပေ့နန်း ပြေးလွှားရောက်ရှိလာလေသည်။

ပေ့နန်းနှင့်အတူ ဘီလူးဖြူလည်း လိုက်ပါလာပြီး ကျင်စန်းအား တိုက်ခိုက်လိုက်ကြလေသည်။

ကျင်စန်း နှာခေါင်းရှုံ့လိုက်သည်။

"သွားကြစမ်း"

လက်နှစ်ဘက် ဝှေ့ယမ်းလိုက်လျှင် ပေ့နန်းနှင့် ဘီလူးဖြူတို့ လွင့်စဉ်သွားကြလေတော့သည်။

"ဟား..ဟား..ဟား"

ကျင်စန်းကား အောင်ပွဲခံနေပြီ ဖြစ်လေသည်။

သူ့အား မကျေနပ်သူများသည် တစ်ယောက်မှ သူ့အား မယှဉ်နိုင်အောင် ဖြစ်နေကြသည် မဟုတ်ပါလား။

ဝမ်းရှက...

"ခင်ဗျားရဲ့ အပြစ်တွေကို ခင်ဗျားခံယူရမှာပါဗျာ"

ပြောရင်း ရှေ့တိုးသွားလိုက်၏။

ကျင်စန်းက...

"ကျုပ်ရဲ့ လက်ဝါးရိုက်ချက် ခံလိုက်ရပြီးတဲ့နောက် မင်း ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်တော့ပါဘူး"

ဝမ်းရှ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ကံကောင်းပြီး နှစ်ချို့မြွေသွေး သောက်ခဲ့ရတာကြောင့် ခင်ဗျားရဲ့ လက်ဝါးရိုက်ချက်ကို မမှုတော့ပါဘူးဗျာ"

စကားဆုံးလျှင် လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ဝမ်းရှ ဘာမှမဖြစ်ဘဲ တိုက်ခိုက်လာနိုင်သည်ကို မယုံကြည်



နိုင်အောင် ဖြစ်နေသောကြောင့် ကျင်စန်း ခံလိုက်ရတော့သည်။

ဝမ်းရှက ကျင်စန်းကို တိုက်ခိုက်ပြီး သွေးကြောပိတ်ကာ လက်ရဖမ်းဆီးလိုက်လေသည်။

ပေ့နန်း ဝမ်းသာသွားသည်။

"အစ်ကို သည်လူယုတ်မာကြီးကို ကျွန်မလက်ထဲ အပ်ပါ"

ဝမ်းရှ ငြင်းပယ်လိုက်သည်။

"သူ့ကို နန်းတွင်းကို ခေါ်သွားပြီး အပြစ်တွေကို ထုတ်ဖော် ဝန်ခံခိုင်းရပါလိမ့်မယ်"

"အစ်ကိုက သူ့ကို ခေါ်သွားမယ် ဟုတ်လား"

"ဟုတ်တယ်၊ သူ့ကို တရားဥပဒေအတိုင်း အရေးယူ ဆောင်ရွက်ရလိမ့်မယ်"

"သူက ကျွန်မမိဘတွေကို သတ်ခဲ့တာ ကျွန်မ လက်မခံဘူး၊ အစ်ကို ခေါ်သွားမယ်ဆိုရင် အစ်ကို့ကို တိုက်ခိုက်ရမှာပဲ"

ဝမ်းရှက...

"ညီမ သဘောပါပဲ"

ဝမ်းရှက ကျင်စန်းအား ပခုံးပေါ် ထမ်းကာ ထွက်သွား၏။

"ရပ်လိုက်"

ပေ့နန်းက အော်ငေါက်ရင်း ဝမ်းရှ၏ကျောပြင်ကို ဓားဖြင့်

ထိုးစိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ဝမ်းရှကာ ရပ်တန့်ခြင်း မရှိဘဲ ရှေ့ဆက်လှမ်းသွားနေ၏။

ပေ့နန်း၏ဓားကိုင်ထားသော လက်က အောက်သို့ ကျသွား၏။

သူမသည် ဝမ်းရှကို တိုက်ခိုက်ခြင်း မပြုတော့ပါ။

တရားဥပဒေနှင့် အမှန်တရားကို အလေးထားသော ဝမ်းရှကို အလျှော့ပေးလိုက်တော့သည်။

ဝမ်းရှသည် ကျင်စန်းအား တရားဥပဒေအတိုင်း စီရင်ပြီးလျှင် သူမထံသို့ အရောက်ပြန်လာလိမ့်မည်ဟု ယုံကြည်ထားလေတော့သည်။

ပြီးပါပြီ။